www.burmeseclassic.com

မြန်မာ့မြေစာအုပ်တိုက်

# ညီညီနိုင်

# မျက်နှာကဲခတ် အတတ်ပညာ

ကမ္ဘာကျော်ပုဂ္ဂိုလ်တို့၏ ဓာတ်ပုံပေါင်းများစွာနှင့်

## FACE READING

Vijay Sharma

BURMESE CLASSIC .com

နိုင်ငံရေး, စီးပွားရေး, အိမ်ထောင်ရေး, လူမှုရေးကိစ္စတွေမှာ
အကောင်းပါးပါး ဆုံးဖြတ်ချက်မှန်မှန် မြန်မြန် ချနိုင်ဖို့

လူယုံသတ်တာ မခံရဖို့, သူခိုးကို ရွှေတိုက်စိုး မခန့်မိဖို့,
မန်နေဂျာတွေ တာဝန်ခံတွေ အရွေးမမှားဖို့

လူအကြောင်း မပေါင်းခင်က သိချင်သူများဖို့

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး ၉၀၀ ကျပ်
အုပ်ရေ ၅၀၀ အုပ်
ပထမအကြိမ် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ
မျက်နှာဖုံး ရဲရဲ
ထုတ်ဝေသူ ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ဦးဝင်းကျော်ထွန်း (၀၇၉၅၈)၊
မုံရွေးပုံနှိပ်တိုက်၊
၈၁/ခ၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

စာမူခွင့်ပြုအမှတ် ၄၀၀၁၀၅၀၁၁၀
အဖုံးခွင့်ပြုအမှတ် ၄၀၀၆၈၀၀၇၁၀

၁၃၃.၅
ညီညီနိုင်
မျက်နှာကဲခတ်အတတ်ပညာ/ညီညီနိုင်၊ ----------ရန်ကုန်
ပန်းရွှေပြည်စာအုပ်တိုက်၊ ၂၀၁၀
၂၀၅-' စာ ၊ ၅ × ၇ စင်တီ။
(၁) မျက်နှာကဲခတ်အတတ်ပညာ

BURMESE CLASSIC .com

ညီညီနိုင်

# မျက်နှာကဲခတ် အတတ်ပညာ

# FACE READING

Vijay Sharma

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်အစေ့ရသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
  ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ပါဝင်သည့်အကြောင်းအရာများ


- နိဒါန်း
- အခန်း ၁ — ၉
  ရုပ်ကြည့်ဗေဒသမိုင်း
- အခန်း ၂ — ၂၃
  ရုပ်ကြည့်ဗေဒပညာရဲ့ အကျိုးကျေးဇူး
- အခန်း ၃ — ၃၉
  မျက်နှာပြင်ပေါ်က ဇာတ် ၄ မျိုး
- အခန်း ၄ — ၄၉
  မျက်နှာအမျိုးအစား
- အခန်း ၅ — ၅၉
  မျက်နှာပုံစံနှင့် တွဲဖက်လက္ခဏာများ
- အခန်း ၆ — ၇၇
  ဆံပင်နှင့်နဖူး
- အခန်း ၇ — ၈၃
  မျက်လုံးများ
- အခန်း ၈ — ၉၉
  မျက်ခုံးများ


ပန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၉ ၁၀၅
နှုတ်ခမ်း
အခန်း ၁၀ ၁၁၁
နှာခေါင်း
အခန်း ၁၁ ၁၁၇
နားရွက်များ
အခန်း ၁၂ ၁၂၁
မေးရိုးနှင့်မေးစေ့
အခန်း ၁၃ ၁၂၇
ပါးပြင်
အခန်း ၁၄ ၁၃၅
နှာမြောင်းကလေး
အခန်း ၁၅ ၁၅၁
စင်ပေါ်ကမျက်နှာများ
အခန်း ၁၆ ၁၉၃
မျက်နှာဖတ်ခြင်းနှင့် ကလေးမွေးစားခြင်းများ
အခန်း ၁၇ ၁၉၉
ရုပ်ကြည့်ဗေဒဖြင့် ရင်းနှီးမှုလုပ်ယူခြင်း

ပန်းမျှပြည် စာအုပ်တိုက်

BURMESE CLASSIC .com



## စကားဦး

မျက်နှာကို ဖတ်ခြင်း (ရုပ်ကြည့်ဗေဒ)ဆိုတာ မျက်နှာပြင်ရဲ့ ကြန်အင်လက္ခဏာတွေကို ညွှန်းဆိုမှုပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အရေးကြီးတဲ့အချိန်တွေမှာ မျက်နှာလက္ခဏာတွေအရ လူတစ်ယောက်ရဲ့စိတ်၊ သို့မဟုတ် အကျင့်စရိုက်တွေကို ဖော်ထုတ် သိမြင်နိုင်ပါတယ်။

ရုပ်ကြည့်ဗေဒပညာရပ်က အတော်လေး နက်နဲကျယ်ဝန်းတာတော့ အမှန်ပါပဲ။ လူ့မျက်နှာသွင်ပြင်ဟာ အတွင်းစိတ်၊ ဒါမှမဟုတ် ဖုံးကွယ်ထားတဲ့ အတွေး အကြံအပေါ် မူတည်ပြီး ပြောင်းလဲနေတာ တွေ့ရပါလိမ့်မယ်။

လူ့မျက်နှာပြင်ဟာ ဦးခေါင်းခွံပေါ်မှာ အခြေခံ တည်ဆောက်ထားတဲ့ နူးညံ့တဲ့အရေပြား၊ အသားစိုင်တွေပဲ ဖြစ်ပါတယ်။

နဖူး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးပြင်၊ ပါးစပ်တွေက လူ့မျက်နှာတစ်ခုရဲ့ အဓိက အစိတ်အပိုင်းတွေပါပဲ။

ကျွမ်းကျင်သူ ပါရဂူတွေဆိုရင် ဦးခေါင်းခွံ တစ်ခုအပေါ်မှာပဲ အရေးကြီးတဲ့ မျက်နှာသွင်ပြင်တွေကို အနီးစပ်ဆုံး တိတိကျကျ ပြန်ဖော်ထုတ်တည်ဆောက်ပေးနိုင်ကြပါတယ်။

ပန်းမျှပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လူမှာ အထက်ပါ မျက်နှာရဲ့သွင်ပြင်လက္ခဏာတွေနှင့် ဥပမိရုပ်,
ကျင့်စရိုက်, ဆေးပညာအရတွေ့ရှိချက်, စိတ်ကူးယဉ်တွေးခေါ်ယူဆမှု
က်ကြမ္မာ)တွေ ဆက်စပ်နေတာကိုလည်း ရုပ်ကြည့်ဗေဒအမြင်က ပြဆို
ပေးပါတယ်။

ဒီလို ပေါင်းစပ်ဖွဲ့စည်းခြင်း နိုင်မာမှု၊ တစ်နည်းအားဖြင့် ရုပ်ကြည့်
ဗေဒကိုအခြေခံတဲ့ ကောက်ချက်ဟာ လက်တွေ့အထောက်အထား ပြနိုင်,
မပြနိုင်ဆိုတာကတော့ သီးခြားကိစ္စ တစ်ခုပါ။

ရုပ်ကြည့်ဗေဒအရ မျက်နှာဖတ်ရတဲ့ပညာရဲ့ အထိမ်းအမှတ်
သင်္ကေတတွေကို တိကျစွာ သိမြင်ဖတ်ရှုနိုင်ဖို့ဟာ အဓိပ္ပာယ်ကောက်တာ
မှန်ကန်မှု, လွဲမှားမှုတွေအပေါ်မှာ မူတည်နေပါတယ်။





**အခန်း ၁**


# ရုပ်ကြည့်ဗေဒသမိုင်း



www.burmeseclassic.com

www.burmeseclassic.com








BURMESE CLASSIC .com



# ရုပ်ကြည့်ဗေဒရဲ့သမိုင်း

လူတစ်ယောက်ကို သရုပ်ခွဲပြီး နားလည်ဖို့ မျက်နှာကို ဖတ်တဲ့ပညာ (ရုပ်ကြည့်ဗေဒ Physiognomy)က အကူအညီပေးပါတယ်။

ယောကျ်ား၊ သို့မဟုတ် မိန်းမတစ်ယောက်ရဲ့မျက်နှာကို ကြည့်ရုံဖြင့် သူဟာ ယုံကြည်ထိုက်သူ ဟုတ်၊ မဟုတ်၊ ရိုးသားမှု ရှိ၊ မရှိ၊ ကောက်ကျစ်စဉ်းလဲတတ်သူလား၊ ရက်ကြောက်တတ်သူလား၊ လက်တွေ့သမားလား၊ လေထဲတိုက်အိမ်ဆောက်နေတဲ့ စိတ်ကူးယဉ်သမားလားဆိုတာ တန်းခနဲ သိနိုင်ပါတယ်။

ရုပ်ကြည့်ဗေဒပညာအရ သင့်မိတ်ဆွေတွေ၊ သင့်လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပကတိသဘာဝကို ပိုသိလာတာနှင့်အမျှ သူတို့နှင့် ဆက်ဆံရေး ပိုအဆင်ပြေအောင် အထောက်အကူပြုပါလိမ့်မယ်။

လူတွေရဲ့ ဥပမိရုပ်ကိုကြည့်ပြီး သူတို့ရဲ့ ကောင်းတဲ့အချက်ကို အကဲဖြတ်နိုင်သလို၊ မကောင်းတဲ့အချက်တွေကိုလည်း ညှိယူနိုင်ခွင့် ရနိုင်ပါတယ်။

လေ့ကျင့်မှုတွေနှင့် အနီးကပ်လေ့လာမှုတွေအရ လူတစ်ယောက်ရဲ့မျက်နှာကို ကြည့်ရုံဖြင့် သူ့အကြောင်း ကောင်းကောင်းကြီး သိလာဖို့ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com









သွင်ပြင်လက္ခဏာအားလုံးက လူတစ်ယောက်အကြောင်းကို အများကြီးပြောနိုင်တဲ့တိုင်အောင်၊ လက္ခဏာတစ်မျိုးတည်းကို အခြေခံသုံးသပ်ရုံနှင့်တော့ သူ့ရဲ့ စိတ်စရိုက်မှန်သမျှကို ဆုံးဖြတ်သိရှိဖို့ဆိုတာ မလွယ်ပါဘူး။ မျက်နှာပုံပန်း အသွင်လက္ခဏာတွေဟာ မျိုးစုံရှိသလိုပဲ၊ စရိုက်သဘာဝ ထူးခြားမှုတွေလည်း အမျိုးမျိုး ရှိနေပါတယ်။ ဒီအသွင်လက္ခဏာတွေဟာလည်း တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲပြားနေတာကို ညှိနှိုင်းတတ်ဖို့ လိုပါတယ်။

ရုပ်ကြည့်ဗေဒပညာဟာ မတူညီမှုတွေ ပေါင်းစပ်ထားတဲ့ သိပ္ပံပညာတစ်ရပ်ပါ။ မျက်နှာတစ်ခုကို ခွဲခြမ်းစိတ်ဖြာပြီး ချိန်ဆ သုံးသပ်ရပါတယ်။ အရေးကြီးတာကတော့ အဆင့်ကျော်ပြီး အလောတကြီး ကောက်ချက်မချမိဖို့ပါပဲ။

အကောင်းဆုံးက လူတစ်ယောက်ရဲ့မျက်နှာပြင်ကို ကြည့်ပြီးတော့ သူဟာ ဘယ်လိုလူစားပဲလို့ မဆုံးဖြတ်ခင်မှာ သူ့ကို အနီးကပ်လေ့လာပြီး သေသေချာချာ စေ့စေ့စပ်စပ်နားလည်အောင် သရုပ်ခွဲတာပဲ ဖြစ်ပါတယ်။

ရုပ်ကြည့်ဗေဒပညာကို ရှေးပဝေသဏီ ရောမခေတ်, ခေါမခေတ်, အလယ်ခေတ် (အေဒီ ၁၀၀၀ မှ ၁၄၅၀)ကတည်းက တွေ့ရှိခဲ့ရတာမို့ သက်တမ်းရှည်လှတဲ့ ရှေးစာပေလို့ ခေါ်နိုင်ပါတယ်။

ဟိုးမား (Homer)နှင့် ဟစ်ပိုကရေးတီး(Hippocrate)တို့အပါအဝင် ရှေးအကျဆုံး ဂန္ထဝင်စာပေတွေထဲမှာ ရုပ်ကြည့်ဗေဒပညာရပ်ကို လက်တွေ့ကျတဲ့ ဒဿနိကဗေဒရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ဖော်ပြခဲ့တဲ့ သာဓကတွေ ရှိခဲ့ပါတယ်။

ရုပ်ကြည့်ဗေဒနှင့်ပတ်သက်တဲ့ ကျမ်းကို အရစ္စတိုတယ်(Aristotle) က စနစ်တကျရေးဖွဲ့တယ်လို့ လူသိများပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာပုံပန်း သွင်ပြင်လက္ခဏာ၊ အသားအရောင်၊ ဆံပင်၊ ကိုယ်ခန္ဓာ၊ ခြေလက်အင်္ဂါ၊ သွားဟန်လာဟန်၊ အသံတွေမှာ မတူခြားနားတဲ့အလျောက် အကျင့်စရိုက်တွေ ကွဲပြားပုံကို လေ့လာစူးစမ်းပြီး စစ်တမ်းထုတ်ခဲ့တာကလား။

လက်တင်စာပေက ဂန္ထဝင်စာရေးဆရာကြီးများဖြစ်ကြတဲ့ ဂျူဗင်နယ်(Juvenal)၊ ဆူတိုနီယပ်(Suetonius)၊ ပလင်နီ(Pliny) တို့ကလည်း ရုပ်ကြည့်ဗေဒရဲ့ လက်တွေ့ကျင့်စဉ်များကို ဖော်ညွှန်းခဲ့ကြပါတယ်။

ကနဦး ရုပ်ကြည့်ဗေဒဆိုင်ရာ စာပေတွေဟာ လိုရင်းအချက်တွေသာ ပြဆိုခဲ့ပေမယ့်၊ အလယ်ခေတ်နှောင်းပိုင်းမှာ တိကျသေချာတဲ့လေ့လာမှုတွေကနေ နက္ခတ်ဗေဒအမြင်ဖြင့် ဟောကိန်းထုတ်တာတွေ ပါလာပါတယ်။ တချို့ကျမ်းတွေဆိုရင် နိမိတ်ဖတ်တဲ့ ရိုးရာအစွဲတွေ၊ မှော်ပညာတွေ ပါလာတဲ့အထိ လမ်းချော်ပြီး ချဲ့ကားထားတာ တွေ့ရလေရဲ့။

ဖိုထိုးတဲ့ အာရာဇီ(Ar-Razi)၊ အဗားရပ်စ်(Averrous)တို့လို အာရပ်စာရေးဆရာတွေကလည်း ရုပ်ကြည့်ဗေဒကျမ်းတွေ ပြုစုခဲ့ကြပါတော့တယ်။ ပြီးတော့ အဗိုက်စင်နာ(Avicenna) လိုသုတေသီတွေကတောင် ရုပ်ကြည့်ဗေဒအကြောင်း တခုတ်တရ ရေးပြခဲ့ကြတာပဲလေ။

ရုပ်ကြည့်ဗေဒပညာကို အကြားအမြင်ပေါက်တဲ့အနေဖြင့် အသုံးချကြသလို၊ ဗေဒင်ဟောတာနှင့်လည်း ဆက်စပ်တတ်ကြပါတယ်။

လာဗာတာ(Lavater)ဆိုတဲ့ ပညာရှင်ဟာ လူ့ဘဝရဲ့ မြင့်မြတ်ကောင်းမွန်မှုတွေ ကို ခိုင်လုံတဲ့အထောက်အထား ရှာဖွေတင်ပြနိုင်ဖို့အတွက် ရုပ်ကြည့်ဗေဒကို ထဲထဲဝင်ဝင် လေ့လာခဲ့ပါတယ်။





ရုပ်ကြည့်ဗေဒက ရုပ်လက္ခဏာတွေနှင့် စိတ်ပိုင်းဆိုင်ရာထူးခြားမှုတွေ ကူးလူးဆက်စပ်မှု ရှိတယ်ဆိုတာကို ပြဆိုပြီး၊ ဆင်တူပုံစံတွေကို မကြာခဏဆိုသလို အသုံးပြုတတ်ပါတယ်။ ဥပမာ သွားဖုံးအရောင်ညိုမည်းသူ၊ သွားဖုံးပေါ်အောင် ရယ်မောတတ်သူ၊ သွားတွေ သာမန်ထက် သေးငယ်သူ၊ မျက်စိစွေတဲ့သူ၊ ဒီလူတွေရဲ့ ဒီလို ရုပ်လက္ခဏာတွေကိုကြည့်ပြီး စိတ်နေစိတ်ထား၊ အကျင့်စရိုက်တွေ ဘယ်လိုရှိမယ်လို့ တွက်ဆ သတ်မှတ်တာမျိုးပါပဲ။

အဲဒီ ဆင်တူနိယာမမျိုးကို တိရစ္ဆာန်ရုပ်တွေ၊ သစ်ပင်ပုံတွေ၊ ဓာတ်သတ္တုတွေပါဝင်တဲ့ ဗေဒင်ကိန်းခန်းဇယားတွေ ရေးဆွဲရာမှာ အသုံးပြုတတ်ကြသလို၊ လူတွေရဲ့ ထူးခြားတဲ့ ဥပမိရုပ်လက္ခဏာတွေနှင့် စိုးမိုးဂြိုလ်တွေ၊ မွေးဖွားရာသီခွင်တွေနှင့် တွဲဖက် စပ်ဟပ်ထားတာလည်း တွေ့ရပါတယ်။

လူ့ရဲ့ကံကြမ္မာ အကောင်း၊ အဆိုးကို ဟောကိန်းထုတ်ရာမှာ နက္ခတ်ဗေဒင်၊ ဂဏန်းဗေဒင်ဆိုတဲ့ နည်းတွေလည်း ရှိတာကလား။

လူ့ရဲ့အကျင့်စရိုက်ကို သရုပ်ခွဲပြီး ဟောကိန်းထုတ်မယ်ဆိုရင် ရုပ်ကြည့်ဗေဒ၊ မျက်နှာပြင်ကထူးခြားမှုများကို လေ့လာခြင်း(physiognomy)၊ လက်ရေးလက်သား၊ လက်မှတ်ကို လေ့လာခြင်း(graphology)၊ ဦးခေါင်းခွံက အရေးအကြောင်းများကို လေ့လာခြင်း(phrenology)၊ လက္ခဏာဗေဒ၊ လက်ဝါးပြင်လမ်းကြောင်း အမှတ်အသားများကို လေ့လာခြင်း(palmistry) ဆိုတဲ့နည်းတွေကို အသုံးပြုပါတယ်။

၁၈ ရာစုနှင့် ၁၉ ရာစုမှာကတည်းက သက်ဆိုင်ရာပညာရှင်တချို့ဟာ ရုပ်ကြည့်ဗေဒကို အသုံးပြုပြီး ရာဇဝတ်မှုခင်းများကို ဖော်ထုတ်တတ်ခဲ့ကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယူသန်သမားတွေ၊ လူမျိုးခွဲပြင်းထန်သူတွေတောင် လူတစ်ယောက်ရဲ့ အကျင့်စရိုက်၊ ဥပမိရုပ်လက္ခဏာတွေကို အကဲဖြတ်ရာမှာ ရုပ်ကြည့်ဗေဒကို လက်ကိုင်ထားကြတာကလား။

ဦးခေါင်းပုံစံကို တိုက်ကြည့်ပြီး စိတ်ရဲ့အစွမ်းပမာဏနှင့် စရိုက်သဘာဝကိုလေ့လာတဲ့ အတတ်ပညာဟာ ၂၀ရာစုမှာ ထွန်းကားခေတ်စားလာပါတယ်။

ဖရန့်ဇ်ဂျိုးဇက်ဂေါလ်(Franz-Josaph Gall)ရဲ့ စနစ်ကတော့ တကယ်လက်တွေ့ကျမှုနှင့် တည်ဆောက်ထားတဲ့နည်းပါပဲ။ သူဖော်ထုတ်ခဲ့တဲ့ ထူးခြားတဲ့ ဦးခေါင်းလက္ခဏာတချို့ဟာ ရာဇဝတ်ကောင်တွေကို ခြေရာခံ စုံစမ်းနိုင်တယ်လို့ ယူဆရပါတယ်။

လွမ်ဘရိုဆို(Lombroso)ကတော့ ရာဇဝတ်မှုကျူးလွန်တဲ့ စိတ်ရောဂါနှင့် ရုပ်လက္ခဏာ (ဝါ) အခြေခံရုပ် ချွတ်ယွင်းချက်တွေ ဆက်စပ်မှုကို သိဖို့ ကြိုးစားခဲ့ပါတယ်။

သူက 'မျက်နှာပြင်အရိုးတွေ ဘယ် ညာ မညီလို့ အဆင်းပျက်နေရတာတွေ၊ ဦးခေါင်းအရွယ်အစား ပုံမှန် မဟုတ်တာတွေဟာ အရှက်ရစေတဲ့ ချွတ်ယွင်းပျက်စီးမှုတွေ ဖြစ်တာနှင့်အမျှ၊ စိတ်ဖောက်ပြန်ရတဲ့ အကြောင်းပဲ'လို့ ပြောခဲ့ပါတယ်။

အမေရိကန်တရားလွှတ်တော်ချုပ် တရားသူကြီး ဒေါက်တာအက်ဒဝပ်ဗင်းဆင့်ဂျုန်း(Edward Vincent Jones)ဟာ ၁၉၂၀ပြည့်နှစ်ကာလတွေမှာ တရားခွင်က လူထောင်ပေါင်းများစွာကို ရုပ်ကြည့်ဗေဒ





နည်းတွေအရ လေ့လာဆန်းစစ် ခဲ့ပါတယ်။ သူတွေ့ရှိတဲ့ ကွဲလွဲချက်တွေကို သူဖတ်ရှုထားတဲ့စာတွေနှင့် တိုက်ကြည့်ပြီး ဖြေရှင်းဆုံးဖြတ်ခဲ့ပါတယ်။

သူဟာ အကြိမ်ကြိမ် အထပ်ထပ်ကြည့်ရှု လေ့လာရင်းက ရုပ်ပိုင်းဆိုင်ရာ အကျင့်စရိုက်တွေကို အတိအကျ ဖော်ဆောင်တဲ့ ထူးခြားတဲ့ သွင်ပြင်လက္ခဏာ ၆၄ မျိုးကို သိရှိခဲ့တယ်လို့ ဆိုပါတယ်။

ဂျုန်းက သူ့လုပ်ငန်းစဉ်အရ ဒါကို 'လူကဲခတ်ပညာ'(persononology) လို့ ခေါ်ခဲ့ပါတယ်။

ရုပ်ကြည့်ဗေဒကို အမျိုးအစားခွဲကြည့် မယ်ဆိုရင် လူကဲခတ်ပညာသာမက၊ တခြားနည်းစနစ်တွေလည်းပါရှိတာ တွေ့ရနိုင်ပါတယ်။

ဂျိုလ် ဖရိုက်လင်ဒါ(Joel Friedlander) ဆိုရင် လူတွေရဲ့ခန္ဓာကိုယ်ပုံစံ ၇ မျိုးကို ဖော်ထုတ်ခဲ့ရာက အဆီအကျိတ်တွေရဲ့ ဥပမိသဘာတွေအကြောင်းနှင့် နေ၊လ အစရှိတဲ့ စကြဝဠာရဲ့ဓာတ်ကြီးတွေနှင့် ဆက်စပ်နေတာပါလို့ ပြဆိုခဲ့ပါတယ်။

အလားတူပဲ ၁၉၃၀ ပြည့်နှစ်များမှာတော့ ဥပမိရုပ်တွေကို လေ့လာရာမှာ ရုပ်လက္ခဏာရဲ့ထူးခြားမှုအလျောက် ပေါင်းသင်းဆက်ဆံရေးကို ဖန်တီးတဲ့ လူ့ယဉ်ကျေးမှုနယ်ပယ်နှင့် ဆက်စပ်မှုတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် စတင်စဉ်းစားလာကြပါပြီ။

ယောက်ျားတွေအဖို့ ရန်လိုဒေါသဖြစ်မှုဖြင့် ယောက်ျားပီသကြောင်း ပြစရာမလိုသလို၊ မိန်းမတွေအနေဖြင့်လည်း ပြားပြားဝပ် ငြိမ်ကုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရုံဖြင့် သဘောကောင်းကြောင်းပြရာ မရောက်ဘူးဆိုတာကိုလည်း နားလည်လာကြပါတယ်။

ခုဆိုရင် ရုပ်ကြည့်ဗေဒအမြင်အရ အခြေအနေနှင့် အချိန်အခါကို လိုက်ပြီး ဥပမိရုပ်လက္ခဏာတွေလည်း ပြောင်းလဲတတ်တာကို ပိုပြီး ထင်ထင်ရှားရှား သိလာကြပါတယ်။

၁၉၆၀ ပြည့်နှစ်များမှာ အမေရိကန်စိတ်ပညာရှင် ပေါလ်အက်ခ်မန်း (Paul Ekman)က ရုပ်ကြည့်ဗေဒပညာရဲ့ အရေးပါမှုတွေကို ထပ်မံဖော်ထုတ်ခဲ့တယ် ဆိုရမှာပါပဲ။ သူက မျက်နှာအမူအရာတွေကို အဓိပ္ပာယ်ပြန်ရာမှာ အဓိကကျတဲ့စည်းကမ်းချက်တွေ ရှိနေပြီး၊ အဲဒီစည်းကမ်းနည်းလမ်းတွေဟာ သိသာထူးခြားတဲ့ ဆက်သွယ်ရေးကိရိယာအဖြစ် မျက်နှာပြင်ပေါ်မှာ မူတည်နေတယ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့တာပဲ ဖြစ်ပါတယ်။

အက်ခ်မန်းက မျက်နှာအမူအရာတွေဟာ တဖြည်းဖြည်းပြောင်းလဲမှုဖြစ်စဉ်အရ လူသားအားလုံးနှင့် သက်ဆိုင်လာတယ်လို့ ဆိုပါတယ်။ မျက်နှာပြင်ပေါ်က အခြေခံသင်ခန်းစာတွေကို သင်ယူထားရင် ဘယ်နေရာကို အရေးထားကြည့်ရမယ် ဆိုတာလည်း သိလာမှာပါတဲ့။

မျက်နှာပြင်ကို ကောင်းကောင်း ဖတ်ရှုတတ်သူဖြစ်ဖို့ သိထားသင့်တာတွေကတော့ တစ်ပုံကြီးပါပဲ။ ရာစုနှစ်နှင့်ချီပြီး စုဆောင်းလာတဲ့ သုတပညာတွေသာမက၊ လူမျိုးနှင့် အကျင့်စရိုက်တွေအရ ခွဲခြား





သတ်မှတ်ထားတဲ့ မျက်နှာသွင်ပြင် လက္ခဏာအမျိုးမျိုးနှင့် စိတ္တဗေဒသဘောတွေကိုပါ နားလည်ထားရပါလိမ့်မယ်။

ဒီနေ့ မျက်မှောက်ခေတ်မှာဆိုလည်း ရုပ်ကြည့်ဗေဒပညာကို နာမည်ကျော် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းကြီးတွေမှာ လေ့လာသင်ကြားပြီး၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပါတယ်။ ဒီပညာကို လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းမယ့်သူတွေအနေဖြင့် လူ့ရဲ့ ဥပမိရုပ်လက္ခဏာတွေကို ထူးထူးခြားခြားဖော်ဆောင်တဲ့ မျက်နှာရဲ့အသွင်အပြင်, မျက်နှာရဲ့အမူအရာတွေကို သရုပ်ခွဲပြီး နားလည်အောင် အပတ်တကုတ် သင်ကြားသင့်ပါတယ်။ ရုပ်ကြည့်ဗေဒပညာဟာ နက်နဲကျယ်ပြောပြီး အနိုင်အမာတည်ရှိနေတဲ့ စာပေပညာတစ်ရပ် ဖြစ်ပါတယ်။

လူစိမ်းတစ်ယောက်နှင့် တွေ့ပြီ ဆိုပါစို့။ သူ့မှာ ဘယ်လိုဥပမိရုပ်မျိုး ရှိသလဲ၊ ဘယ်အလုပ်နှင့် အသင့်တော်ဆုံးလဲ ဆိုတာ သူ့မျက်နှာကို ကြည့်ရုံဖြင့် အဖြေ ထုတ်နိုင်ပါ့မလား။

အမျိုးမျိုးသောလုပ်ငန်းခွင်တွေမှာ လုံ့လဝီရိယနှင့် တာဝန်ယူတတ်မှု လိုအပ်သလို၊ ကျွမ်းကျင်ပညာရှင်တစ်ယောက် အနေဖြင့်တော့ ထူးချွန်တဲ့အရည်အသွေးတွေ ရှိရုံသာမက လူတွေရဲ့မျက်နှာကို ဖတ်ရှုသိမြင်နိုင်စွမ်းလည်း ရှိရပါလိမ့်မယ်။ ဒီပညာရှင်တွေထဲမှာ ဆရာဝန်တွေ, ရှေ့နေတွေ, စိတ်ပညာရှင်တွေ ပါဝင်ပါတယ်။

လူအတော်များများဟာ ရုပ်ကြည့်ဗေဒပညာကို မတတ်တဲ့တိုင်အောင် လူတစ်ယောက်ကို ပထမဆုံးတွေ့တွေ့ချင်းမှာပဲ ထိုးထွင်းဉာဏ်အရ သူဟာ ဘယ်လိုလူစားလဲ ဆိုတာ အကဲဖြတ်နိုင်ကြပါတယ်။ လူတိုင်းသိပြီး



www.burmeseclassic.com

www.burmeseclassic.com



သား စကားပုံကို သာဓကဆောင်ရရင်တော့ 'ကြောင်သူတော် ကြွက်သူခိုး' ဆိုတဲ့ ရုပ်မျိုးပေါ့။

မဲလ်ကွမ်ဂလက်ဝဲလ်(Malcolm Gladwell)ရေးတဲ့ 'ရိုးသားရှင်းလင်းတဲ့မျက်နှာ' (The Naked Face)ဆိုတဲ့ စာအုပ်ထဲမှာ …

'ကျွန်တော်တို့အားလုံးဟာ တစ်ရက်မှာ အကြိမ် ၁၀၀၀လောက် မျက်နှာ ၁၀၀၀ကို ကြည့်ရပါတယ်။ မျက်နှာသစ်တစ်ခုကိုတွေ့ရင် ရှုပ်ထွေးခက်ခဲလှတဲ့ မျက်နှာရဲ့ အထိမ်းအမှတ် သင်္ကေတတွေကို တွေ့ရမှာပါပဲ။ ဒီလိုနှင့် မျက်နှာအမူအရာတွေရဲ့ ရှုပ်ထွေးတဲ့ဂုဏ်ရည်တွေကို လွယ်လွယ်ကူကူ တစ်ခုချင်း ခွဲခြား မှတ်သားနိုင်လိမ့်မယ်။ မျက်နှာဆိုတာ မျက်နှာပိုင်းဆိုင်ရာအမူအရာတွေကို ဘာသာပြန်ရာမှာ ကြီးစိုးထားပြီး သတ်မှတ်ချက်စည်းကမ်းတွေ ရှိထားတဲ့ ထူးခြားတဲ့ ဆက်သွယ်ရေးကိရိယာပဲ ဖြစ်ပါတယ်။ အဲဒီစည်းကမ်းချက်တွေဟာ ဘာတွေလဲ။ လူတစ်ယောက်နှင့် တစ်ယောက်ဟာ တူကြသလားလို့' ရေးသားထားပါတယ်။

ဘာပဲပြောပြော၊ လူတစ်ယောက်ရဲ့ စရိုက်လက္ခဏာကို စိတ်မှန်းဖြင့်ဆုံးဖြတ်လို့ မရတာမျိုးတွေလည်း ရှိတတ်ပါတယ်။

မျက်နှာရဲ့ သွင်ပြင်လက္ခဏာတွေနှင့် အကျင့်စရိုက်ကို ဖော်ညွှန်းချက်တွေ၊ ဆက်နွယ်မှုရှိနေတဲ့အကြောင်းကို အထင်အရှားပြဆိုတဲ့ သက်သေအထောက်အထားတွေကို ရုပ်ကြည့်ဗေဒသမိုင်းမှာ အမြောက်အမြား တွေ့နိုင်ပြီးသားပါ။





ရုပ်ကြည့်ဗေဒဆိုင်ရာ ဝိသေသလက္ခဏာတွေကို ပြဋ္ဌာန်းထားတဲ့ စည်းကမ်းနည်းလမ်းတွေလည်း အခိုင်အမာ ရှိထားရပါလိမ့်မယ်။

ဒီတော့ ရာစုနှစ်ချီပြီး စုဆောင်းထားတဲ့ ရုပ်ကြည့်ဗေဒသမိုင်းရဲ့ အသိပညာတွေကို တိကျမှန်ကန်အောင် ဖော်ဆောင်ကြပါစို့။

ရုပ်ကြည့်ဗေဒသမိုင်းက ထုတ်နုတ်ရရှိတဲ့ အဓိကကောက်ချက်ကတော့ 'မျက်နှာသွင်ပြင်အမူအရာနှင့် အကျင့်စရိုက်လက္ခဏာတွေဟာ ဆက်နွယ်မှု အကြီးအကျယ်ရှိနေတယ်' ဆိုတာပဲ။

ရုပ်ကြည့်ဗေဒပညာရဲ့ စည်းကမ်းဥပဒေတွေကို မတတ်ကျွမ်းသေးသူတွေကော ပညာရှင်တွေကပါ ပြဋ္ဌာန်းခဲ့တယ်ဆိုတာကို သတိပြုဖို့ အရေးကြီးပါတယ်။

သူတို့ရဲ့ဘဝနှင့် သူတို့ရဲ့ဖြစ်ထွန်းအောင်မြင်မှုဟာ သူတို့ရဲ့ဟောကိန်းတွေ တိကျမှန်ကန်မှုအပေါ်မှာ မူတည်ခဲ့ပါတယ်။

ဒါပေမယ့် သူတို့ရဲ့ တိကျမှန်ကန်မှုကို ဘယ်ပေတံနှင့် တိုင်းတာစစ်ဆေးမလဲ။

စင်စစ်တော့ ဘုရင်ပဲဖြစ်ဖြစ်၊ စူလ်တန်စော်ဘွားပဲဖြစ်ဖြစ်၊ သမ္မတပဲဖြစ်ဖြစ်၊ လူတစ်ယောက်ဟာ ရုပ်ကြည့်ဗေဒရဲ့ ကြိုတင်ခန့်မှန်းချက်တွေကို သူ့မိသားစု၊ မိတ်ဆွေအသိုင်းအဝန်းက ထင်မြင်ယူဆချက်တွေနှင့် နှိုင်းယှဉ်ရာပဲ ရောက်ပါလိမ့်မယ်။

အဓိက ဆိုလိုရင်းကတော့ ရုပ်ကြည့်ဗေဒပညာဟာ ကိုယ့်ရဲ့တကယ့် ဥပမိရုပ် လက္ခဏာတွေနှင့် ဖြစ်နိုင်ခြေရှိတဲ့အပြုအမူ၊ အကျင့်အကြံတွေကို အတိအကျ များများစားစားကြီး မဟောမပြောနိုင်သလို တခြားလူတွေက ကိုယ့်အပေါ် ဘယ်လို ရှုမြင်သုံးသပ်မလဲ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အတိုင်းအတာတစ်ရပ်အရပဲ သိနားလည်ခွင့်ပေးလိမ့်မယ် ဆိုတာပါပဲ။

❖





# အခန်း ၂

ရုပ်ကြည့်ဗေဒရဲ့ အကျိုးကျေးဇူး

မျက်နှာပြင်ဖတ်ရှုခြင်းရဲ့ အကျိုးကျေးဇူး

မျိုးရိုးလိုက်မှုနှင့် ရုပ်ကြည့်ဗေဒ

ရုပ်ကြည့်ဗေဒအပေါ် မျိုးရိုးဗီဇ၏ အကျိုးသက်ရောက်မှု

ရုပ်ကြည့်ဗေဒနှင့် မျိုးနွယ်စု

ပုံသေကားချပ်ရှုမြင်ခြင်းရဲ့ နောက်ကွယ်မှာ


အပြစ်ကင်းစင်တဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com









## ရုပ်ကြည့်ဗေဒပညာရဲ့ အကျိုးကျေးဇူး

မျက်နှာသွင်ပြင်ကို ဖတ်ရှုလေ့လာတဲ့ပညာကို အနှစ် ၅၀၀၀ ကျော်ကျော် သင်ကြားလေ့ကျင့်ခဲ့ကြပြီး ဖြစ်ပါတယ်။

သူရဲ့နာမည်ဟောင်းက 'လူတစ်ယောက်ရဲ့ အတွင်းသန္တာန်(စိတ်)ကို ဖော်ထုတ်တယ်'လို့ အဓိပ္ပာယ်ရတဲ့ ရုပ်ကြည့်ဗေဒ (physiognomy)လို့ပါ။

မျက်နှာပြင်ကို ဖတ်ရှုခြင်းဟာ မျက်နှာအမူအရာတွေကို အကဲခတ်တာနှင့် မတူပါဘူး။

မျက်နှာရိပ်မျက်နှာကဲကို သိကောင်းသိနိုင်ပါတယ်။ မျက်နှာကဲခတ်တယ်ဆိုတာ သူ့အတိုင်းအတာနှင့် သူ စိတ်ဝင်စားစရာကောင်းပေမယ့်၊ အဓိကကျကန့်သတ်ချက်တွေ ရှိနေပါတယ်။ အဲဒီအထဲမှာ ဟန်ဆောင်လှည့်စားတာလည်း တစ်ချက် ပါတာပေါ့။

လူတွေအားလုံးဟာ ပြင်းပြတဲ့ဆန္ဒနှင့် တောင်းဆိုမှုကို ဘယ်နည်းနှင့် ပြရမလဲဆိုတာ လူမမည် ကလေးဘဝကတည်းက အလိုအလျောက် သင်ယူ နားလည်ခဲ့ကြတာပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြည့်ဗေဒကတော့ လိမ်ညာလှည့်စား၊ ဒါမှမဟုတ် အတု အယောင် တမင်ဟန်ဆောင်တာမဟုတ်တဲ့ မျက်နှာတွေအကြောင်းကို ပြဆိုပါတယ်။

နောက် ကန့်သတ်ချက်တစ်ခုအနေဖြင့် မျက်နှာအမူအရာတွေဟာ စိတ်လှုပ်ရှားမှုကို ဖော်ဆောင်တာဖြစ်ပြီး၊ အဲဒီနောက်မှာမှ ပကတိ သရုပ်က ပေါ်လာစမြဲပါ။

မိတ်ဆွေတစ်ယောက်က ဝမ်းနည်းပက်လက်ဖြင့် ...

"ငါက. သူ့ရုပ်ကိုကြည့်ပြီး လူကောင်းမှတ်လို့ ယုံစားခဲ့မိတာ။ ခုတော့" လို့ အစချီပြီးပြောတဲ့ ဇာတ်လမ်းတွေ ကြားခဲ့ရတာ ဘယ် လောက်တောင် များကြပြီလဲ။

'ကောင်းမွန်တယ်' ဆိုတဲ့ စကားလုံးဟာ တွေ့ဆုံမှုတစ်ခု (ဝါ) အလုပ်အင်တာဗျူးတစ်ခုမှာ လူတစ်ယောက်ရဲ့ ရေရှည်အပြုအမူနှင့်ပတ် သက်လို့ ဖော်ထုတ်ပေးတဲ့ တန်ဖိုးဟာ မဖြစ်စလောက်လေးသာ ရှိပါ တယ်။

သူ့ရဲ့ အစွမ်းအစ, အတွင်းမနော, ရင်းနှီးဖော်ရွေမှု, လုပ်ရည်ကိုင် ရည်တွေကို သူ့ရဲ့ပင်ကိုဟန်ပန် စတိုင်တွေက ဘယ်လောက် ဖွင့်ဆိုပေး ပါသလဲ။

ကျယ်ကျယ်လောင်လောင် ဟစ်အော်မှုအပေါ်မှာ သူ့အကျင့်စရိုက် ကို ဘယ်လို အကဲဖြတ်မလဲ။

ဒီလို သတင်းအချက်အလက်တွေကို နားလည်သဘောပေါက်ရန် မျက်နှာပြင်ကိုဖတ်ရှုတဲ့ ရုပ်ကြည့်ဗေဒပညာ တတ်ထားဖို့ လိုပါတယ်။





မျက်နှာ အမူအရာနှင့် မတူတဲ့ မျက်နှာပြင်က ဥပဓိလက္ခဏာ တွေဟာ ဟန်ဆောင်တမင်လုပ်လို့ မရတာနှင့်အမျှ ပိုမိုတိကျ စစ်မှန်တဲ့ သတင်းကို ပေးတယ်လို့ ဆိုရမှာပါပဲ။

## မျက်နှာပြင်ဖတ်ရှုခြင်းရဲ့ အကျိုးကျေးဇူး

လူတွေကို စောင့်ကြည့် အကဲခတ်သူတစ်ယောက်အနေဖြင့် ချော့မြှူ ဆွဲဆောင်မှုကို သိမြင် တွေ့ရှိပါလိမ့်မယ်။

လက်တွေ့အကျိုးကျေးဇူးတွေထဲမှာ ပေါင်းသင်းဆက်ဆံရေး ပိုကောင်းလာတာနဲ့ တစ်ကိုယ်ရေ စွမ်းအားထက်မြက်မှုတွေပါဝင်ပြီး ဇာရားသေသမားတွေထက် လူတွေကို ပို သိမြင် နားလည်နိုင်စွမ်းတွေ တိုးတက်လာတာလည်း တွေ့ရှိနိုင်ပါတယ်။

## မျိုးရိုးလိုက်မှုနှင့် ရုပ်ကြည့်ဗေဒ

မျိုးရိုးဗေဒဟာ လူ့သဘာဝနှင့်ပတ်သက်ရင် တစ်စိတ်တစ်ဒေသတော့ မှန်ကန်ပါတယ်။ လုံးလုံးလျားလျားမှန်ကန်မှုတော့ မရှိပါဘူး။ မျက်နှာ ပြင်ရဲ့ အသွင်လက္ခဏာတွေကို မျိုးရိုးဗေဒနှင့် ဆန်းစစ်ကြည့်လို့ကတော့ အသုံးဝင်တဲ့မှန်ကန်မှုတစ်ခု မရနိုင်တာတော့ သေချာပါတယ်။

မှန်ကန်မှုဆိုတာ သိတဲ့အတိုင်း အဆင့်တွေ အများကြီး ရှိတာလား။ ယုတ်စွအဆုံး မိုက်ခရိုစကုပ်အောက်မှာတွေ့ရတဲ့ လက်ရဲ့ကလပ်စည်း တစ်ခုဟာ အဲ့ဒီလက်က မိတ်ဆွေတစ်ယောက်ကို နှုတ်ဆက်ဖို့ ကမ်းလှမ်း လိုက်ချိန်ကအခြေအနေနှင့် မတူကွဲပြား လုံးဝခြားနားသွားမယ်လို့ ယူဆ ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငြားလည်း လူ့ဘဝရဲ့ ယှဉ်တွဲပေါင်းစပ်နေရတဲ့ အဆင့်များ စွာကြောင့် ဒီလက်ရဲ့ အသွင် ၂ခုစလုံးဟာ မှန်ကန်တယ်လို့ ဆိုရပါလိမ့် မယ်။

လူဖြစ်ရကျိုးနပ်တဲ့ ဂုဏ်တစ်ရပ်ဟာ 'ဘယ်အချိန်မဆို ကြိုက်ရာ အဆင့်အတန်းမှာ အာရုံကို လွတ်လွတ်လပ်လပ်စေစားခွင့် ရခဲ့တာပဲ' ဖြစ်ပါတယ်။

တောင်တစ်တောင်ကနေ တောင်ပို့တစ်ခုဖြစ်သွားအောင် တူးဖြိုနိုင် သလို၊ တောင်ပို့တစ်လုံးကိုလည်း တောင်တစ်တောင်အဖြစ် ဖန်တီးခွင့် ရှိပါတယ်။

သင်ဟာ သိပ္ပံပညာရှင်တစ်ယောက်ဖြစ်နေရင် မျက်နှာသွင်ပြင် လက္ခဏာနှင့် မျက်နှာထားဟာ မျိုးရိုးဗီဇကိုလိုက်ပြီး သိပ္ပံပညာရှင်ရုပ် ပေါက်နေမှာပါပဲ။ ဒါပေမယ့် သိပ္ပံပညာရှင် အကျော်အမော်တစ်ယောက် ဟောင်မှုပဲ တစ်ခါတစ်ရံ ဓာတ်ခွဲခန်းကထွက်လာတဲ့အခါ လူသာမန် တစ်ယောက်မျှ ဖြစ်နေတတ်ပါတယ်။ လူတစ်ယောက်အနေဖြင့် မျက်နှာ မျိုးစုံရှိနေမှာလည်း မလွဲပါဘူး။

## ရုပ်ကြည့်ဗေဒအပေါ် မျိုးရိုးဗီဇ၏ အကျိုးသက်ရောက်မှု

ဗီဇပိုးတွေ တစ်ပုံကြီးထဲက အသက်တစ်ချောင်း ဖြစ်လာတာပါ။

ဒီတော့ မျက်နှာအသွင်အပြင်ဟာ မျိုးရိုးဗီဇလိုက်ကြောင်းကို မနည်း ပြရပါတယ်။

ဥပမာ။ ရုပ်ကြည့်ဗေဒသမားတစ်ယောက် ကိုယ်တိုင်က သူ့မိသားစု မှာ ညီအစ်ကို ၄ ယောက် ရှိကြောင်း၊ ၃ ယောက်က ရုပ်ချင်း ဆင်ကြ

www.burmeseclassic.com



တယ်။ တစ်ယောက်က ဖောက်ပြီး ကျန်တဲ့လူတွေနှင့် နည်းနည်းလေးမျှ မတူဘူးတဲ့။ ကဲ-ဘယ့်နှယ် လုပ်မလဲ။ ရုပ်ကြည့်ဗေဒသမားတစ်ယောက် အဖို့ ရုပ်ချင်းတူတာကို တိုက်ဆိုင်မှုလို့ ပြောမှာ မဟုတ်ပါဘူး။

နောက်ဥပမာတစ်ခု။ အနည်းဆုံး ၁၀နှစ်လောက် ပျော်ပျော်ရွှင်ရွှင် ပေါင်းဖက်ခဲ့ကြတဲ့ သင့်အသိဇနီးမောင်နှံအကြောင်း စဉ်းစားကြည့်ပါ။ သူတို့ရဲ့မျက်နှာတွေဟာ တစ်နေ့တခြား တူမလာကြပေဘူးလား။ ဘယ်လိုနည်းနှင့် အဲသလို အမွေခံ ရခဲ့ကြသလဲ။ သူတို့ရဲ့သားသမီးတွေကျတော့ကော။ သူတို့နှင့် မျက်နှာပေါက် ဆင်ကြသလား။ ဒါလည်း သေချာ ပေါက် ပြောလို့ မရပါဘူး။

အဓိပ္ပာယ်ကတော့ မျက်နှာသွင်ပြင်လက္ခဏာတွေဟာ မျိုးရိုးဗီဇကို လိုက်တဲ့လူ ရှိသလို၊ ကွဲပြား ခြားနားသွားသူတွေလည်း ရှိတယ် ဆိုတာ ပါပဲ။

တစ်နည်းအားဖြင့် ဘာကိုမျှ တရားသေဖွဲ့ပြီး ပုံမှန်သတ်မှတ်ထားလို့ မရဘူးဆိုတဲ့ သဘောပေါ့။

လူမျိုးအလိုက်လည်း တစ်သမတ်တည်း မရှိပါဘူး။

ရုပ်ကြည့်ဗေဒရဲ့ လျှို့ဝှက်ချက်တစ်ခုက လူတွေကို လူဆိုး၊ လူကောင်းအကဲဖြတ်ဖို့ အကြောင်းပြချက် မဟုတ်ပါဘူး။ ဒီပညာက သင်ယူမှတ်သားဖို့သာ ဖြစ်ပြီး၊ အဆုံးအဖြတ်ပေးဖို့ အခွင့်အရေး မရှိပါဘူး။

မျက်နှာပြင်ဖတ်တဲ့ လျှို့ဝှက်ချက်အနေဖြင့် ယတိပြတ်ဆုံးဖြတ်ချက် မပေးနိုင်တဲ့အကြောင်းက ရုပ်အသွင်သဏ္ဍာန်တွေဟာ တစ်ဘဝတာ





အတွင်းမှာ ပြောင်းလဲနေလို့ ဖြစ်ပါတယ်။ မျက်နှာတစ်ခုဟာ အပြောင်း အလဲတွေရဲ့ထင်ဟပ်မှုကို ခံရတတ်တယ်ဆိုပါတော့။

ဒါနှင့်အမျှ မျက်နှာပြင်ဖတ်ခြင်းရဲ့ တခြား လျှို့ဝှက်ချက်တစ်ရပ် ကလည်း မျိုးနွယ်အလိုက် တရားသေသတ်မှတ်လို့ မရဘူး ဆိုတာပါပဲ။

ဒီနေရာမှာ မျက်နှာတစ်ခုမှာ သူ့ပုံသဏ္ဍာန်၊ သူ့အချိုး၊ သူ့အရွယ် အစားနှင့်သူ ရှိတဲ့အကြောင်း သိစေချင်ပါတယ်။

ရုပ်ကြည့်ဗေဒမှာ အသားအရောင်၊ ဆံပင်အကြမ်းအချော၊ မျက်လုံး အရောင်တွေကို အဓိက မထားပါဘူး။

## ရုပ်ကြည့်ဗေဒနှင့် မျိုးနွယ်စု

တရားသေဝါဒ ကိုင်စွဲထားရင်တော့ မျိုးနွယ်စုအလိုက် ရုပ်သွင် သဏ္ဍာန်တွေ တစ်ပုံစံတည်းရှိမယ်လို့ မှတ်ထင်မှာပါပဲ။

ဒါပေမယ့် သေသေချာချာကြည့်ပါ။ စေ့စေ့စပ်စပ်ကြည့်ပါ။ တစ်ယောက်ချင်း ကြည့်ပါ။ ဒီအချက်ဟာ စိတ်ဝင်စားစရာဖြစ်ပြီး ဆွဲ ဆောင်အား ကောင်းပါတယ်။

တစ်ခါက တီဗီအင်တာဗျူးတစ်ခုမှာ အစီအစဉ်တင်ဆက်သူက မေးခွန်းထုတ်ပါတယ်။

"လူမည်းတွေရဲ့ မျက်နှာအားလုံးလိုလို တစ်ပုံစံတည်း တူနေတာ ကြတော့ ဘယ်လိုခွဲခြားမလဲ"တဲ့။

စတူဒီယိုထဲက ပရိသတ်တွေကြားမှာ ကျွတ်ကျွတ်ညံသွားကြ တာပေါ့။ စိတ်ဝင်စားစရာကောင်းပုံက မေးခွန်းထုတ်တဲ့ အစီအစဉ် တင်ဆက်သူဟာ ကော်ဖီရောင်အသား (အသားညို)နှင့် အပြာရောင် မျက်လုံးပိုင်ရှင် ဖြစ်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ဟာ အဖြူနှင့် အမည်း သွေးနှောထားပုံ ရပါတယ်။ စင်စစ်တော့ ဒီလို ပညာစမ်းတဲ့မေးခွန်းရဲ့အဖြေကို သူ့ဟာသူ ပိုသိဖို့ကောင်းပါတယ်။ ဒါပေမယ့် အဲဒီအမျိုးသမီးက ပွဲဆူစေချင်ပုံရတာကိုး။

ဒီနေ့ လူတစ်ချို့ လူသိရှင်ကြားပြောကြတာလည်း ကြားနေရပါရဲ့။

"လူမည်းတွေအားလုံး ရုပ်ချင်း တူကြတာပါပဲ"

ဒါမှမဟုတ် "အရှေ့အာရှတိုက်သားတွေအားလုံး ရုပ်ချင်း ဆင်ကြတယ်"

အဲသလိုပြောမယ့်အစား ထပ်တလဲလဲ စဉ်းစားတွေးဆစေချင်ပါတယ်။

မျက်နှာပြင်ဖတ်တဲ့ပညာဟာ တရားသေ ပုံသေကားကျ လှေနံဓားထစ် စဉ်းစားမှုတွေကို ရုပ်ပစ်နိုင်တဲ့ အခွင့်အလမ်းတစ်ခုပဲ ဖြစ်ပြီး၊ တစ်ယောက်ချင်းကို ကြည့်တာနှင့် စသင့်ပါတယ်။

ဒီလိုလုပ်ဆောင်တဲ့အတွက် တွေ့ရှိလာတဲ့နမူနာတွေက မျိုးနွယ်စုနှင့်ပတ်သက်ပြီး တစ်ယူသန် အစွဲပြင်းနေတာကို အကြောလျှော့ပေးနိုင်ကောင်းပါရဲ့။

## ပုံသေကားချပ် ရှုမြင်ခြင်းရဲ့ နောက်ကွယ်မှာ

တစ်ကြိမ်မှာ မျက်နှာအစိတ်အပိုင်း တစ်ခုကိုပဲ ကြည့်ပါ။ အဲဒီတစ်နေရာတည်းပဲ ကြိမ်ဖန်များစွာ ကွက်ကြည့်နေပါ။ မျက်နှာပြင်ရဲ့ အစိတ်အပိုင်းတစ်ခုစီမှာ ထူးခြားတဲ့ ဝိသေသလက္ခဏာတွေ အများကြီးရှိနေတာ တွေ့လာရပါလိမ့်မယ်။

ဥပမာ။ နှာခေါင်း ဆိုပါတော့။ နှာခေါင်းပွတဲ့ မျိုးနွယ်စုတစ်ခုက လူတွေမှန်သမျှ နှာခေါင်းပွပွကြီးတွေရှိကြတာ မှန်ပေမယ့်၊ အသေးစိတ်





အားဖြင့် တစ်ယောက်နှင့်တစ်ယောက် မတူကွဲပြားမှုရှိနေတာ တွေ့ရပါလိမ့်မယ်။

နှာခေါင်းရဲ့ ထူးခြားမှုဟာ ဘဝပေးတဲ့ ဆုလာဘ်ပါပဲ။ တချို့လူတွေရဲ့နှာသီးဖျားမှာ ထွက်ကျတဲ့ အသားပိုလေးတောင် ပါနေတတ်ပါသေးတယ်။

မျက်နှာဖတ်ရှုခြင်းရဲ့ လှို့ဝှက်ချက်တွေအရ အပိုရရှိတဲ့ အကျိုးအမြတ်က ကိုယ်ကိုယ်တိုင် ဘယ်တုန်းကမှသတိမထားမိတဲ့ ကိုယ့်မျက်နှာပေါ်ကထူးခြားမှုတွေကို အသစ်တွေ့ရှိတာပဲ ဖြစ်ပါတယ်။ ဥပမာ နားရွက်ရဲ့ အနေအထား၊ နှာခေါင်းနှင့် နှုတ်ခမ်းကြားက အကျယ်အဝန်းတွေကို ဖွင့်ဆိုချက်ပဲ ဆိုပါတော့။

လူတွေအတွက် မျက်နှာဖတ်ရှုပုံတွေက ထောင်ချီ ရှိပါတယ်။

အဲဒီအထဲက အများစုဟာ သူတို့မျက်နှာ သူတို့ ပြန်ကြည့်ပြီး၊ အံ့အားသင့်စရာတွေ တွေ့ရှိရတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ဒီလိုဖြစ်ရတာကလည်း ဒီ့အရင်က သူတို့ဟာ ကိုယ့်ကိုယ်ကို အနီးကပ်အာရုံပြု မကြည့်ခဲ့မိကြလို့ပါပဲ။

မျက်နှာရဲ့ နေရာအတော်များများဟာ ပြည့်ဝတဲ့အဓိပ္ပာယ် မရှိကြပါဘူး။ ဒါပေမယ့် တစ်မျက်နှာလုံးမှာတော့ သတင်းအချက်အလက်တွေ အမြောက်အမြားရှိနေတာ တွေ့ရပါလိမ့်မယ်။ ဒီလို မျက်နှာပြည့်ရှုကြည့်လေ့လာဖို့ တစ်နာရီ၊ ဒါမှမဟုတ် ဒီ့ထက်မက အချိန်ယူရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com









မျက်နှာပြင်ဖတ်တဲ့ပညာဟာ တီဗီစက်တစ်ခုနှင့် တူပါတယ်။ လူတွေအကြောင်း ပိုသိချင်တယ်ဆိုရင်၊ 'အိုး-ဘာခက်တာမှတ်လို့' ခလုတ်ကလေး ဖွင့်လိုက်ရုံပဲပေါ့။

စိတ်ဝင်စားစရာ အခန်းလေးတွေ ထပ်တွေ့လိုက်တာနှင့်အမျှ ဦးနှောက်ကလည်း ပို အလုပ်လုပ်သွားပါလိမ့်မယ်။

## အပြစ်ကင်းစင်တဲ့မျက်နှာ

အပြစ်ကင်းစင်ပြီး ကျက်သရေရှိ တင့်တယ်တဲ့မျက်နှာကတော့ မရှိသလောက်ကို ရှားပါးလှပါတယ်။

ဘာပဲပြောပြော၊ ဗုဒ္ဓဘုရားရှင်ရဲ့ မျက်နှာတော်ဟာ အပြစ်ကင်းစင်ပြီး ကျက်သရေရှိတင့်တယ်တဲ့မျက်နှာ ဆိုတဲ့ အသုံးအနှုန်းနှင့် အနီးစပ်ဆုံးလို့ ဆိုချင်ပါတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ မျက်နှာတော်ဟာ နဖူးကနေ မေးဖျား, မျက်နှာအလယ်ပိုင်း, ဘေးပြင် ၂ဖက်စလုံး အချိုးကျနပြီး ညီမျှနေပါတယ်။ ဝိုင်းဝန်းတဲ့မေးဖျားနှင့် မျက်ခုံးတော်တွေဟာလည်း ပြေပြစ်ပြီး ငြိမ်းအေးတဲ့အသွင်ကို ဆောင်နေပါတယ်။ ရှည်လျားတဲ့ နားရွက်တော်တွေကလည်း ဉာဏ်ပညာကြီးမားခြင်းရဲ့သရုပ်ကို ဆောင်လျက် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






Catherine Zeta Jones



Grace Kelly







Jennifer Lopaz

တရုတ်ဆေးပညာမှာ "လှပချောမောတဲ့မျက်နှာဆိုတာ တင့်တယ် ပြေပြစ်မှုရှိတဲ့ မျက်နှာ"လို့ ဆိုထားပါတယ်။ ဒီအဆိုအရ မော်နာကို ဘုရင့်မိဖုရား ရုပ်ရှင်မင်းသမီးဂရေ့စ်ကယ်လီ, ကက်သရင်းဇီတာဂျုန်းစ်, ဂျနီဖာလိုပက်ဇ်တို့ဟာ မျက်နှာပြင်မှာ အချိုးကျလှပမှုတွေ ထူးခြားရှားပါးစွာ ရှိနေတယ်လို့ ပြောရပါလိမ့်မယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၃

## မျက်နှာပြင်ပေါ်က ဓာတ် ၄ မျိုး

သစ်သားဓာတ်


မြေကြီးဓာတ်

သတ္တုဓာတ်

ရေဓာတ်

ဝန်းရွှေပြည့် စာအုပ်တိုက်

www.burmeseclassic.com



David Beckham





## မျက်နှာပြင်ပေါ်က ဓာတ် ၄ မျိုး

လူရဲ့မျက်နှာပြင်ကို ဓာတ်သဘောနှင့်ကြည့်ရင် သစ်သားဓာတ်၊ မြေကြီးဓာတ်၊ သတ္တုဓာတ်၊ ရေဓာတ် ဆိုပြီး၊ ဓာတ်ကြီး ၄ပါးနှင့် ဖွဲ့စည်းထားတယ်လို့ ဆိုပါတယ်။ ဒီနေရာမှာ မှတ်သားရမယ့် အရေးကြီးတဲ့ အချက်က လူအတော်များများမှာ ဓာတ်တစ်မျိုးမျိုးက ကျန်တဲ့ဓာတ်တွေထက် ပို အားကောင်း နေတတ်တာပါပဲ။ ဒီလို အားကောင်းတဲ့ဓာတ်အပေါ် မူတည်ပြီး မျက်နှာပြင်တွေကို ခုလို သတ်မှတ်ထားကြပါတယ်။

### သစ်သားဓာတ်

သစ်သားဓာတ်အားကောင်းတဲ့ မျက်နှာပိုင်ရှင်တွေထဲမှာ ဒေးဗစ်ဘက်ခမ်း၊ ကိတ်ဝင်းစလက်၊ တိုနီဘလဲတို့ ပါဝင်ပါတယ်။


သစ်သားဟာ တိုးတက်ကြီးပွားခြင်း၊ လေ့လာသင်ယူတတ်ခြင်း၊ စိတ်ကူးဉာဏ် အတွေးအခေါ်သစ်တွေ ကွန့်မြူးခြင်း၊ ပြောင်းလဲခြင်း၊ တက်ကြွလှုပ်ရှားခြင်းသဘောတွေ ဆောင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com













သူတို့ထဲမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ အစိုးရအဖွဲ့ဝင်တွေ တောင် ရှိနေတတ်ပါတယ်။ ကျန်းမာရေးအမြင်အရတော့ သစ်သားဓာတ် ဟာ အသည်း၊ သည်းခြေတို့နှင့် ဆက်စပ်နေပါတယ်။

သစ်သားဓာတ်မျက်နှာတွေဟာ ခပ်သွယ်သွယ် မျက်နှာပေါက်ရှိပြီး ရုပ်ရည်ရှုပကာ ချောမောသူတွေ ဖြစ်ကြတယ်။ အရပ်လည်း ရှည်ကြပါ တယ်။

သစ်သားဓာတ် အားကောင်းသူတွေဟာ စိတ်ထိခိုက် ခံစားလွယ်ပြီး၊ ဆုံးဖြတ်ချက် ဝေဝါး မပြတ်သားတတ်ကြပါဘူး။ အစားကောင်း အသောက်ကောင်းတွေကို ခုံမင်လှေ ရှိကြပါတယ်။ ထစ်ခနဲဆို ဒေါသ ထွက် လွယ်ပါတယ်။ ဥပမာအနေဖြင့် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပွဲတုန်းက အာဂျင်တီးနားဘောလုံးသမားတစ်ဦးကို ဒေးဗစ်ဘက်ခမ်း ခြေထောက်နှင့် ကန်ခဲ့တာကို ကြည့်ပြီး သိနိုင်ပါတယ်။ ထို့အတူ တိုနီဘဲလိုဆိုရင် တစ်ပါးသူကို သြဇာပေး ထိန်းချုပ်လိုသူလည်း ဖြစ်ပါတယ်။

## မြေကြီးဓာတ်

မြေကြီးဓာတ်မျက်နှာပိုင်ရှင် နာမည်ကျော်တွေကတော့ ပွိုင်းနက်ပက် ထရိုး၊ ဂျူဒီဒင့်ချ်၊ ဒေးဗစ်ကောလ်သဒ်၊ မင်နီဒရိုင်ဗာ တို့ပါပဲ။

မြေကြီးဆန်တဲ့ မျက်နှာပိုင်ရှင်တွေဟာ စိတ်ဓာတ်ခိုင်မာပြီး လက်တွေ့ ကျကာ စိတ်အားထက်သန်သူတွေ ဖြစ်တဲ့အပြင်၊ ရုပ်ဝတ္ထုပစ္စည်းတွေနှင့် မွေ့လျော်မှုတတ်တယ်။ ငွေကြေးကိစ္စတွေမှာ ကျွမ်းကျင်ပိုင်နိုင်ကြပါတယ်။ သူတို့ဟာ ရိုးရာအစဉ်အလာ မလေ့ထုံးတမ်းတွေကို စွဲလန်းစွာ လိုက်နာ တဲ့အတွက် အပြောင်းအလဲတစ်စုံတစ်ရာကို လက်ခံဖို့ အချိန်အကြာကြီး ယူကြလေ့ ရှိသူတွေပါပဲ။




www.burmeseclassic.com

www.burmeseclassic.com





Victoria Beckham



Kate Winslet

သူတို့ရဲ့ခန္ဓာကိုယ်အသွင်အပြင်က ကြံ့ခိုင်သလို ကျန်းမာရေးအရ ပထဝီဓာတ်နှင့်ပတ်သက်တဲ့ ဝမ်းဗိုက်ပိုင်း အစာချေအင်္ဂါအစိတ်အပိုင်းတွေ အားကောင်းတယ်လို့ ဆိုပါတယ်။

## သတ္တုဓာတ်

သတ္တုဓာတ်ကြွယ်ဝတဲ့ မျက်နှာရှင်တွေအနက် ဗစ်တိုးရီးယားဘက်ခမ်း၊ ကိတ်ဝင်းစလက်၊ မက်ဒေါနား၊ ရှာနီယာတွိန်းတို့ဟာ အထင်အရှားဖြစ်ကြပါတယ်။

သူတို့ရဲ့ရုပ်သွင်က အမြဲ မြူးရွှင်နေကြသလို၊ ပျော်ပျော်နေတတ်သူတွေပဲပေါ့။ ပြီးတော့ လွတ်လွတ်လပ်လပ် လှုပ်ရှား ဆောင်ရွက်တတ်ကြတယ်။ ဥပဒေရေးရာတွေနှင့် မီဒီယာကို အသုံးချလုပ်ဆောင်ရတဲ့ ကိစ္စတွေမှာ ကျွမ်းကျင်ကြတယ်။





ဒီအထဲက ဗစ်တိုးရီးယားဘက်ခမ်း၊ မက်ဒေါနားတို့ နှစ်ဦးစလုံးဟာ ဖက်ရှင်ခေတ်အဆက်ဆက်မှာ အမြဲ ရှေ့တန်းရောက်နေကြတာ တွေ့ရပါလိမ့်မယ်။ သူတို့က မီဒီယာတွေနှင့် ဘယ်လိုဆက်ဆံရမယ် ဆိုတာ နှောကျေ နေကြတာကိုး။

ဖျော်ဖြေရေးလောကမှာ ကမ္ဘာကျော်နေ ကြတဲ့ ဒေးဗစ်ဘက်ခမ်းနှင့် ဗစ်တိုးရီးယားဘက်ခမ်းတို့ဟာ သစ်သားဓာတ် နှင့် သတ္တုဓာတ် အတွဲအစပ်တွေဖြစ်ပြီး၊ သတ္တုဓာတ်က သစ်သားဓာတ်ကို ဦးဆောင်ပုံက သူတို့အိမ်ထောင်ရေးမှာ ကြည့်ရင် သိနိုင်ပါတယ်။ ဗစ်တိုးရီးယား ဘက်ခမ်းဟာ ဘောင်းဘီတွေ အမြဲလိုလိုဝတ်ပြီး ညို့ဆွဲတတ်ပါတယ်။ သူ့မျက်နှာဟာ ပီပီသသတ္တုမျက်နှာပါပဲ။ အသားရောင် နည်းနည်းဖျော့ပြီး၊ မေးရိုးကားကား တိုက်ပုံဆန်တဲ့မျက်နှာလို့ ဆိုရမှာပေါ့။



Shania Twain

Madonna



www.burmeseclassic.com

www.burmeseclassic.com



သတ္တုဓာတ်က စိတ်ဓာတ်,အဆုတ်,အူမကြီးတို့နှင့် အဓိက သက်ဆိုင်ပါတယ်။ ဒါကြောင့်လည်း သူတို့ဟာ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ပါ တောင့်တင်းကြံ့ခိုင်တာပါပဲ။

## ရေဓာတ်

ရေဓာတ်အားကောင်းတဲ့ မျက်နှာပိုင်ရှင် နာမည်ကျော်တွေကတော့ ရုပ်ဆယ်ဂရန့်, ဗင်နက်ဆာမေး, ဂျွန်ပရီစကော့, ဝိတိုရိယဘုရင်မကြီးတို့ပဲ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေမှာ ဝိုင်းစက်ပြည့်ဖြိုးပြီး နူးညံ့သိမ်မွေ့တဲ့မျက်နှာတွေ ရှိကြပါတယ်။ မျက်ဝန်းကျယ်ပြီး ကြီးမားတဲ့ ကရုဏာမျက်လုံးတွေ, နက်မှောင်ပြီး တလက်လက်တောက်နေတဲ့ ဆံပင်တွေဟာ ရေဓာတ်ရဲ့ လက္ခဏာတွေပဲပေါ့။ ရေဓာတ်မျက်နှာပိုင်ရှင်တွေဟာ ညင်သာသိမ်မွေ့သလောက်၊ စိတ်ထိခိုက်လွယ်ကြပါတယ်။ သူတို့ဟာ ပေါင်းသင်းဆက်ဆံရေးကောင်းသူတွေဆိုလည်း မမှားပါဘူး။



Russell Grant





Queen Victoria



John Prescott

သူတို့ရဲ့ ပင်ကိုသဘာဝအရ စိတ်ပညာရှင်တွေ, အတိုင်ပင်ခံအကြံပေးသမား, စကားပြောကောင်းသူတွေ ဖြစ်တာ များပါတယ်။ တစ်ဘက်သားပြောတာကိုလည်း စိတ်ရှည်လက်ရှည် နားထောင်တတ်ကြပါတယ်။ ရေဟာ ကြည်လင်သလိုပဲ သူတို့ဟာလည်း အခြေအနေမရွေး ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် အေးအေးဆေးဆေးကျော်ဖြတ်နိုင်တဲ့ စွမ်းရည်



www.burmeseclassic.com

www.burmeseclassic.com





Vanessa Mae

ရှိကြတယ်ရဲ့။ သူတို့ အကျပ်အတည်းဆိုက်နေတဲ့ အချိန်မျိုးမှာတောင် ခံစားချက်ကို မြိုသိပ် ထားနိုင်ကြပါတယ်။ ဒါပေမယ့် အသားအရေ ပြာနှမ်းနှမ်းဖြစ်ပြီး မျက်ကွင်းတွေညိုလာတတ်တာတော့ တွေ့ရပါလိမ့်မယ်။

❖





# အခန်း ၄

မျက်နှာအမျိုးအစား

ဩဇာရှင်မျက်နှာ

နှန်းဆန်တော်ဝင်မျက်နှာ

ပညာတတ်မျက်နှာ

သံတမန်မျက်နှာ


ရိုးသားတဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com





ပန်းရှုပြည် တအုပ်တိုက်



## မျက်နှာအမျိုးအစား

### ဩဗာရှင်မျက်နှာ

တစ်ပါးသူအပေါ် ဩဇာညောင်းတဲ့ ဩဇာရှင်မျက်နှာမျိုးဟာ မျက်နှာဝိုင်းပြီး ဘဝအတွေ့အကြုံ ရင့်ကျက်တဲ့သဘောကို ဆောင်တဲ့ လုံးဝန်းတဲ့ ဦးခေါင်းနှင့် ကျယ်ပြန့်တဲ့နဖူးပြင်တွေ ရှိပါတယ်။ ထူထဲနက်မှောင်မြင့်မားတဲ့မျက်ခုံးတွေကလည်း စိတ်ခါတ်နိုင်မာမှုနှင့် ထက်မြက်အားကောင်းမှုကို ပြဆိုနေတာပါ။

ဒီမျက်နှာပိုင်ရှင်တွေအနေဖြင့် အခက်အခဲ ကြုံတဲ့အချိန်မျိုးမှာ ဆုံးဖြတ်ချက်ချဖို့ တွံဆိုင်းနှောင့်နှေးနေမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ မျက်လုံးတွေဟာ နက်ရှိုင်းစူးရှပြီး ထိုးထွင်းမြင်နိုင်စွမ်း ရှိပါတယ်။ မျက်လုံးထောင့်စွန်းတွေက မသိမသာလေး ကျဉ်းပါတယ်။ ဒါဟာ လူတကာထက်သာလွန်တဲ့အသိဉာဏ်တွေ ကြီးမားများပြားပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိတဲ့အကြောင်း ဖော်ပြနေတာပါပဲ။ ဒီအပြင် သူတို့ဟာ တခြားသူတွေကို သိပ်အလေးမထားတာလည်း ပေါ်လွင်လျက်ရှိပါတယ်။

ပန်းရှုပြည် တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှာခေါင်းက ရှည်လျားဖြောင့်တန်းပြီး၊ နှာတံပေါ်နေတာက တန်ခိုးသြဇာကြီးမှုရဲ့ သင်္ကေတပါပဲ။ တစ်နည်းဆိုရင် ဒီလူမှာ လွှမ်းမိုးအုပ်ချုပ်နိုင်စွမ်း ကြီးမားတာနှင့်အမျှ အမိန့်ပေးနိုင်တဲ့အရည်အချင်းတွေ အပြည့်ရှိတယ်လို့ ပြနေတယ်ပေါ့။

ဓားဘက်ကို ကွေးညွှတ်နေပြီး တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းတွေကလည်း လျှို့ဝှက်တတ်တဲ့သဘာဝကို သိသာစေလေရဲ့။

သြဇာညောင်းတဲ့ မျက်နှာတစ်ခုအဖြစ် ထင်ရှားစေတဲ့အချက်တွေကတော့ ...

၁- ပေါ်လွင်တဲ့နှာတံ

၂- အေးစက်မာကြောတဲ့ မျက်လုံးတစ်စုံ

၃- တင်းရင်းကွေးညွှတ်တဲ့ နှုတ်ခမ်း

၄- ရှည်လျားတဲ့ နားရွက်

၅- လုံးဝန်းတဲ့ မေးစေ့၊ ထင်းနေတဲ့ မေးရိုး တို့ပဲ ဖြစ်ကြပါတယ်။

## နန်းဆန်တော်ဝင်မျက်နှာ

နန်းဆန်တဲ့မျက်နှာ မင်းမျိုးမင်းနွယ်တို့ရဲ့ တော်ဝင်သူတို့ရဲ့မျက်နှာတွေဟာ အများအားဖြင့် လှပပြီး ကျက်သရေ ရှိပါတယ်။ ပျော့ပျောင်းနူးညံ့တဲ့ဆံပင်တွေက သူတို့ရဲ့ အနုပညာဆန်လွန်းတဲ့သဘာဝကို ဖော်ပြနေပါတယ်။ တင်းပြည့်ပြီး ဆွဲဆောင်မှုရှိတဲ့ပါးပြင်က တော်ဝင်နန်းဆန်မှုရဲ့ အထိမ်းအမှတ်ပါပဲ။





ပညာဉာဏ်ကြီးမြင့်မှုကို ဖော်ဆောင်တဲ့ နဖူးပြင်ကျယ်၊ စိတ်ဓာတ်ခွန်အားနှင့် စွမ်းပကားကိုထင်ဟပ်တဲ့ မျက်လုံးတွေဟာလည်း သူတို့ရဲ့ ထူးခြားချက်တွေ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ တစ်ဘက်သားကို အလွယ်တကူစွဲမက်စေနိုင်အောင် အားကောင်းတဲ့ညို့ဓာတ်တွေ ရှိပါတယ်။ နှာတံအလယ်က နည်းနည်းမောက်နေတတ်ပြီး၊ နှာခေါင်းပေါက်ကျယ်တာကလည်း သြဇာကြီးမားတဲ့လက္ခဏာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ အဲ့ဒီစွမ်းရည်ဟာ ချစ်ခင်စရာကောင်းသလို အကြင်နာကရုဏာတွေနှင့်လည်း ပေါင်းစပ်နေပါတယ်။ ဖြူဖွေးညီညာတဲ့သွားတွေက ကျန်းမာရေးကောင်းမှု၊ ပွင့်ပွင့်လင်းလင်းပြောတတ်မှုတွေကို ပြဆိုနေလေရဲ့။

နန်းဆန်တော်ဝင်တဲ့မျက်နှာပိုင်ရှင်တွေရဲ့ ထူးခြားချက်က-

၁- ချောမောလှပရုံမက သြဇာဓာတ်အပြည့်ရှိတဲ့ မျက်နှာ။

၂- ပုံစံတကျရှိနေတဲ့ နှာခေါင်း၊ နှုတ်ခမ်း၊ မျက်လုံး။

၃- ကြီးဝိုင်းပြီး စွဲမက်ချစ်ခင်စရာကောင်းတဲ့ နဖူးနှင့် ပါးပြင်။

၄- ထူးခြားပေါ်လွင်တဲ့ မေးစေ့။

၅- ညို့ဓာတ်ပါတဲ့ နားရွက်တို့ပဲ ဖြစ်ပါတယ်။

## ပညာတတ်မျက်နှာ

ပညာတတ်မျက်နှာပိုင်ရှင်တွေရဲ့ အဓိက ထူးခြားချက်ကတော့ ကျယ်ဝန်းမြင့်မားတဲ့ မဟာနဖူးပြင်ပဲပေါ့။ မျက်လုံးတွေကလည်း လေ့လာစူးစမ်းတတ်တဲ့ သဘောနှင့် အတွေးအခေါ်သမား ပီသကြောင်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



စေပါတယ်။ ပေါ်လွင်ထင်ရှားတဲ့ နှာတံက စည်းရုံးဆွဲဆောင်တတ်မှုနှင့် ဩဇာလွှမ်းမိုးနိုင်မှုကို ညွှန်းဆိုပါတယ်။ ပညာတတ်မျက်နှာပိုင်ရှင်မျိုးဟာ သူ့မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့လေးစားမှုကို အပြည့်အဝ ရရှိသူတွေ ဖြစ်ပါတယ်။ အထက်နှုတ်ခမ်းက အောက်နှုတ်ခမ်းအပေါ် ဗိုဗိုရိုရိုလေး ကျနေပုံဟာ စိတ်ခံစား တုံ့ပြန်လွယ်ခြင်း၊ စကား နည်းနည်းပဲ ပြောပြီး အလုပ်များများ ကြိုးစားလုပ်ကိုင်ခြင်းတို့ကို ဖော်ပြနေတာပါ။ ကြီးမားတဲ့ နားရွက်က လွတ်လွတ်လပ်လပ် နေထိုင်တတ်မှု၊ ကိုယ့်စိတ်ကိုယ် တွေးတောဆုံးဖြတ်နိုင်မှုရဲ့ လက္ခဏာပါပဲ။

ပညာတတ်မျက်နှာ ရယ်လို့ အသိအမှတ်ပြုရတဲ့ အချက်တွေထဲမှာ သာမန်လူတွေထက် ထူးခြားတဲ့ရုပ်ဆင်း လက္ခဏာတွေအဖြစ် -

၁- ရှည်လျားဖြောင့်တန်းတဲ့ နှာတံ၊ ကြီးဝန်းတဲ့နားရွက်နှင့် မဟာနဖူး။
၂- နက်ရှိုင်းပြီး အတွေးအခေါ် ထက်မြက်တဲ့မျက်လုံးတွေ။
၃- တင်းစေ့နေပေမယ့် စကားပြောကောင်းတဲ့ နှုတ်ခမ်းတစ်စုံ။
၄- စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ အရေးအစင်းလေးတွေလည်း သူတို့မျက်နှာပေါ်မှာ ရှိနေတတ်ကြလေရဲ့။

## သံတာမန်မျက်နှာ

ကျယ်ပြန့်တဲ့နဖူးက ဘဝနှင့် လူတွေအပေါ်မှာ အတွေ့အကြုံ ကြီးမားများပြားလှန်းတဲ့ အမိပ္ပာယ် ပြနေပါတယ်။

ခပ်ချွချွတည်ရှိနေတဲ့ မျက်ခုံးတွေက ရှုစမ်းတတ်မှုနှင့် လူ့ သဘာဝကိုနားလည်ခြင်းရဲ့ သင်္ကေတ နိမိတ်ပုံပါပဲ။

ပန်းရှုပြည် စာအုပ်တိုက်

www.burmeseclassic.com



မျက်လုံးတွေက ကြီးမားပြီး စွမ်းအားထက်မြက် သလောက် ဟာသဉာဏ်လည်း ပြည့်နေတဲ့သဘောကို ဆောင်ပါတယ်။ ဒီအပြင် ကရုဏာမေတ္တာထားလို့ ကိုယ်ချင်းစာတရားတွေ လက်ကိုင်ထားသလို၊ နားလည်မှုပေးတတ်ခြင်းနှင့် တစ်ဘက်လူကို ထွင်းဖောက်သိမြင် နိုင်ခြင်းရှိတဲ့ လက္ခဏာပါပဲ။

ပုံစံကျနပီပြင်တဲ့ နှာခေါင်းက ဩဇာတိက္ကမကြီးမားမှုကို ညွှန်းပါတယ်။ ဒါပေမယ့် နေရာတကာ ဆရာကြီးလုပ်လိုတဲ့စိတ် မရှိပါဘူး။

ပါးလျကာ အထက်ဘက်ကို ကွေးညွတ်ပြီး ကျယ်တဲ့နှုတ်ခမ်း တွေကတော့ အပြောကောင်းကောင်းနှင့် စကားတွေ အများကြီးပြောနိုင် ကြောင်း ပြဆိုပါတယ်။

သံတမန်မျက်နှာရှင်တွေဟာ သူတို့ကိုယ် သူတို့ ပေါ်လွင်ထင်ရှား အောင် ပညာသားပါပါ ဖော်ညွှန်းတတ်သလို၊ နားထောင်သူကို ကိုယ့် ဘက်ပါလာအောင်လည်း ဆွဲဆောင် စည်းရုံးနိုင်စွမ်း ရှိပါတယ်။

သံတမန်မျက်နှာတစ်ခုရဲ့ ထင်ရှားတဲ့ လက္ခဏာတွေကတော့

၁- ဉာဏ်ပညာထက်မြက်ပြီး ပွင့်လင်းဖော်ရွေတဲ့ မျက်လုံး။

၂- ကျယ်ပြောပြီးပြေပြစ်တဲ့ နဖူး။

၃- ကြီးမားပြီး နေသားတကျရှိပေမယ့် ကားထွက်နေခြင်း မရှိတဲ့ နားရွက်။

၄- ပါးတွေက မို့နေ၊ ဒါမှမဟုတ် ပြားနေပြီး ပါးရေတွေ တွန့်နေမယ်။

၅- နှုတ်ခမ်းတွေကလည်း ပြတ်ပြတ်သားသားပြောဆိုတတ်ကြောင်း ပြသနေပါတယ်။





**ရိုးသားတဲ့မျက်နှာ**

မြင့်မားပြီး ကျယ်ပြန့်တဲ့နဖူးပြင်တွေက ဉာဏ်ပညာ ကြီးမား ထက်မြက်မှုကို ဖော်ပြနေပါတယ်။

မျက်လုံးတွေမှာလည်း ရိုးသားမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ တက်ကြွမှုတို့ ထင်ဟပ်နေပါတယ်။ တစ်ခါတစ်ရံ အဲဒီမျက်လုံးတွေထဲ မှာ အကျိုးဆောင်လိုတဲ့ဆန္ဒတွေ ပြင်းပြနေတာ တွေ့ရမှာ ဖြစ်ပါတယ်။

နှာခေါင်းကတော့ ခေါင်းဆောင်မှုနှင့် စည်းရုံးနိုင်တဲ့စွမ်းရည်တွေကို ညွှန်းဆိုထားပြီး။ ပါးစပ်ကတော့ တိကျ ပြတ်သားတဲ့ အမှတ်လက္ခဏာကို ပြနေပါလိမ့်မယ်။

အချုပ်ပြောရရင်တော့ ဒီလို ရိုးသားတဲ့မျက်နှာပိုင်ရှင်တွေဟာ လူ့အဖွဲ့အစည်းထဲမှာ ဘယ်နေရာပဲ ရောက်ရောက် အဆင်ပြေပြေ ဆက်ဆံ နေထိုင်တတ်သူတွေ ဖြစ်နေကြတာပါပဲ။

ရိုးသားတဲ့ မျက်နှာပိုင်ရှင်တွေမှာ

၁- ပြန့်ပြူးတဲ့ နဖူး။

၂- လိမ်ကောက်ခြင်း၊ ပါးလျခြင်းမရှိတဲ့ ပုံမှန်ဆံပင်။

၃- လျှို့ဝှက်ဖုံးကွယ်မှု နည်းနည်းမျှမရှိဘဲ ရိုးသားပွင့်လင်းတဲ့ မျက်လုံး။

၄- မကြီးလွန်း မသေးလွန်း တင်းရင်းမှုမရှိတဲ့ သာမန်နှုတ်ခမ်း။

၅- အများနည်းတူ ပုံမှန်နှာခေါင်းတွေ ရှိကြလေရဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၅

## မျက်နှာပုံစံနှင့် တွဲဖက်လက္ခဏာများ

မျက်နှာရှည်သူ (လက်တွေ့သမား)

မျက်နှာဝိုင်း (ခံစားမှုသရုပ်)

၄ ထောင့်မျက်နှာ (ကာယစွမ်းအားရှင်)

တြိဂံမျက်နှာ (စိတ်လက္ခဏာပေါ်လွင်)

ကြီးမားကျယ်ပြန့်တဲ့ မျက်နှာ

သွယ်ပြီးရှည်တဲ့ မျက်နှာ

သစ်တော်သီးမျက်နှာ





## မျက်နှာပုံစံနှင့် တွဲဖက်လက္ခဏာများ

မျက်နှာပုံစံတွေကို အခြေခံအားဖြင့် ၄ မျိုး သတ်မှတ်ပြီး၊ အသီးသီးမှာလည်း ထူးခြားတဲ့ သွင်ပြင်လက္ခဏာတွေ တွဲဖက်ပါရှိနေပါတယ်။ ဒီအခြေခံပုံစံ ၄မျိုးက ကင်းလွတ်ပြီး သီးသန့်ပုံစံ မျက်နှာရယ်လို့ ရှိတဲ့လူ အလွန် နည်းပါးပါတယ်။ ဒါပေမယ့် အဲဒီလူတွေကလည်း သိသာထင်ရှားတဲ့ ပုံစံတွေရဲ့ ဩဇာလွှမ်းမိုးမှုအောက်က တကယ်လွတ်တယ်လို့ မဆိုနိုင်ပါဘူး။

### မျက်နှာရှည်သူ (လက်တွေ့သမား)

ကမ္ဘာမြေကြီးဟာ အာယုဗ္ဗေဒစည်းကမ်းအရ တခြားအမျိုးအစားတွေဖြစ်တဲ့ ရေ၊ လေ၊ မီးတွေနှင့် အကန့်ခြားပြီး တည်ရှိနေတယ်လို့ ယူဆရပါတယ်။

သင်ဟာ ရှည်သွယ်တဲ့မျက်နှာမျိုးကို ပိုင်ဆိုင်တယ်ဆိုရင် သာမန်လူတွေထက် အရပ်ရှည်ပြီး ပိန်တာတွေ့ရသလို၊ အသားထက် အရွတ်တွေ ပိုများပြီး ကျစ်လစ်မှုကို ပြဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





**မိဿရာသီ(ARIES)**
မတ်လ ၂၁ရက်မှ
ဧပြီလ ၂၀ရက်အတွင်း



**ပြိဿရာသီ(TAURUS)**
ဧပြီလ ၂၁ရက်မှ
မေလ ၂၀ရက်အတွင်း



**မေထုန်ရာသီ(GEMINI)**
မေလ ၂၁ရက်မှ
ဇွန်လ ၂၀ရက်အတွင်း



**ကရကဋ်ရာသီ(CANCER)**
ဇွန်လ ၂၁ရက်မှ
ဇူလိုင်လ ၂၀ရက်အတွင်း



**သိဟ်ရာသီ(LEO)**
ဇူလိုင်လ ၂၁ရက်မှ
ဩဂုတ်လ ၂၀ရက်အတွင်း



**ကန်ရာသီ(VIRGO)**
ဩဂုတ်လ ၂၁ရက်မှ
စက်တင်ဘာလ ၂၀ရက်အတွင်း







**တူရာသီ (LIBRA)**
စက်တင်ဘာလ ၂၁ရက်မှ
အောက်တိုဘာလ ၂၀ရက်အတွင်း



**ဗြိစ္ဆာရာသီ (SCORPIO)**
အောက်တိုဘာလ ၂၁ရက်မှ
နိုဝင်ဘာလ ၂၀ရက်အတွင်း



**ဓနုရာသီ(SAGITTARIUS)**
နိုဝင်ဘာလ ၂၁ရက်မှ
ဒီဇင်ဘာလ ၂၀ရက်အတွင်း



**မကာရရာသီ(CAPRICORN)**
ဒီဇင်ဘာလ ၂၁ရက်မှ
ဇန်နဝါရီလ ၂၀ရက်အတွင်း



**ကုံရာသီ(AQUARIUS)**
ဇန်နဝါရီလ ၂၁ရက်မှ
ဖေဖော်ဝါရီလ ၂၀ရက်အတွင်း



**မိန်ရာသီ(PISCES)**
ဖေဖော်ဝါရီလ ၂၁ရက်မှ
မတ်လ ၂၀ရက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးမျိုး ဖြစ်တာနှင့်အမျှ လက်တွေ့ကျသူ, စည်းစနစ်နှင့်အညီ လုပ်တတ်သူ, ချင့်ချိန်စဉ်းစားပြီး ပြောတတ်သူ ဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်ကို အလွန်အကျွံလုပ်ဖို့ အားသန်သူလို့လည်း ပြောနိုင်ပါတယ်။ ပြီးတော့ အလုပ် မလုပ်ရရင် မနေနိုင်သူတစ်ယောက်အနေဖြင့် လုပ်စရာ အလုပ်တွေလည်း တစ်ပုံကြီး ရှိနေမှာပါပဲ။

ရုပ်ဝတ္ထုတွေနှင့် ငွေကြေးဖူလုံမှုကို အဆမတန် လိုချင်မက်မောမှု ရှိနေတာကြောင့် အဆုံးစွန်သောအားဖြင့် မရမနေ ကြိုးပမ်းတတ်တယ်လို့ ဆိုရင်လည်း မမှားပါဘူး။

အောင်မြင်မှုရအောင် အပြင်းအထန်လုပ်ဆောင်ရာမှာ ကိုယ့်ကိုယ်ကို မညှာသလို တခြားသူတွေအပေါ်မှာလည်း ခက်ထန်တတ်ပါတယ်။

ကိုယ့်ပုံစံထက်နိမ့်ပြီး ဆန့်ကျင်ဘက်တစ်ဘက်စွန်းရောက်တဲ့ ကာမဂုဏ်ကျူးမှု, အစားကျူးမှု, ခံစားချက်လွန်ကဲမှုတွေတော့ ရှိမယ် မထင်ပါဘူး။

ရုပ်ပိုင်းဆိုင်ရာအားနည်းချက်တချို့ ရှိနိုင်တာနှင့်အမျှ၊ အရိုး, အရေပြားအောက်က နေရာတွေ, သွားတွေ, ဆံပင်တွေကို ဂရုစိုက်သင့်ပါတယ်။

မြေကြီးရဲ့အထိမ်းအမှတ်သင်္ကေတ ပြိဿ, ကန်, မကာရရာသီတွေကို ကိုယ်စားပြုပါတယ်။

ပြိဿရာသီအနေဖြင့် မြေကြီးဆန်တဲ့ ခက်မာပထဝီကို ညွှန်းဆိုတာနှင့်အမျှ၊ လည်မြိုတစ်ပိုက်ဖြစ်တဲ့ အကျိတ်တွေ, သင်ရည်တွေရှိတဲ့အပိုင်းကို အားပြုပါလိမ့်မယ်။





တစ်ခါတစ်ရံလည်း မြေကြီးရဲ့ပြယုဂ် နောက်တစ်ခုဖြစ်တဲ့ ကန်ရာသီရဲ့ သဘာဝရုပ်အနေဖြင့် အစာချေစနစ်နှင့်ပတ်သက်တဲ့ အကြောတွေကို ရည်ညွှန်းပါတယ်။ ကျမ်းတတ်ဗေဒင်ဆရာကြီးတွေကတော့ 'ကန်ရာသီရဲ့ သဘာဝဟာ ထိရှလွယ်ပြီး၊ စိတ်ဆတ်တယ်'လို့ မှတ်ယူကြ ပါတယ်။

ပထဝီအားများပြီး သေးသွယ်ကျစ်လစ်တဲ့သူတွေဟာ တစ်ပတ်မှာ နာရီ ၁၀၀ လောက် အလုပ်လုပ်တတ်ကြတာမို့၊ အပြစ်ရှာတဲ့စိတ်, စိုးရိမ်လွန်ကဲမှုတွေ လျှော့ချပြီး အပန်းဖြေတတ်ဖို့၊ အိပ်ချိန် ပိုယူဖို့ လေ့ကျင့်သင့်ပါတယ်။

ဒီနေ့ခေတ် အနောက်တိုင်းနိုင်ငံတွေမှာတော့ ပထဝီဓာတ်အားကောင်းတဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်တည်ဆောက်မှုကို ချီးကျူးဂုဏ်ပြုကြပါတယ်။ ပိန်ပိန်သွယ်သွယ် ကြည့်လို့လှတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ, မော်ဒယ်လ်တွေဟာ ကျစ်လစ်ခိုင်မာတောင့်တင်းမှုရဲ့ စံပြပုံစံပါပဲ။

အလှအပရဲ့အန္တရာယ်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဘဝင်မြင့်မှုဖြစ်သလို၊ ကျစ်လစ်ခိုင်မာမှုရဲ့ နိမ့်ကျတဲ့ နမူနာပြယုဂ်လို့လည်း ဆိုနိုင်ပါတယ်။

ဒီမာနက မိတ်ဆွေသူငယ်ချင်းတွေနှင့် ပေါင်းသင်းဆက်ဆံရေး အခက်အခဲကို ဖန်တီးရာရောက်တဲ့ စိတ်ပိုင်းဆိုင်ရာ ကိစ္စပါပဲ။ မြေကြီး ပထဝီ အားပြုပြီး ကျစ်လစ်သေးသွယ် ရှည်သွယ်မျက်နှာပိုင်ရှင်တွေ ဟာ သူတို့ရဲ့ကိုယ်ခန္ဓာအကြောင်းသာ ဦးစားပေး စဉ်းစားကြသလို၊



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေနှင့်လည်း အမြဲ ကိုယ်လုံးချင်းယှဉ်ပြီး ပြိုင်ဖို့ပဲ ကြံတွေးနေလေ့ ရှိပါတယ်။

ဒါကြောင့် ရှည်သွယ်ပုံစံသမားတွေဟာ ကိုယ့်ဘဝမှာ ဒီအဖြစ်မျိုး ရှိနေရင် ကမ္မဋ္ဌာန်းထိုင်ခြင်း စတဲ့ ကျင့်စဉ်တွေနှင့် စိတ်ကို ပြုပြင်သင့်ပါတယ်။

## မျက်နှာဝိုင်း (ခံစားမှုသရုပ်)

ရေဓာတ်များလို့ စိတ်လှုပ်ရှားတတ်တဲ့ လူတွေဟာ အရပ်ပုပြီး တုတ်ခိုင်တဲ့ပုံစံတွေ ရှိကြတာကို အလွယ်တကူသိနိုင်ပါတယ်။

သင့်မျက်နှာ ကဝိုင်းပြီး ခန္ဓာကိုယ်ကလည်း လုံးလုံးလေးဖြစ်နေတယ်ဆိုရင် အဆီ အသားတွေ များတဲ့သဘောပါပဲ။ သင်ဟာ 'လူဝ' စာရင်း ဝင်သွားပြီ ဆိုရမှာပေါ့။

အဲ့ဒီကိုယ်လုံးကိုယ်ပေါက်က ခံစားမှု၊ အကဲခတ်မှု၊ ဂရုစိုက်မှုတွေ လွှမ်းကဲတဲ့အဓိပ္ပာယ်ကို ဆောင်ပါတယ်။

ကရကဋ်ရာသီရုပ်ဟာ ရာသီခွင်မှာ ရေဓာတ်ရဲ့ အဓိကကျတဲ့ အထိမ်းအမှတ်လက္ခဏာဖြစ်ပြီး၊ မိခင်စိတ်နှင့် ပြုစုစောင့်ရှောက်မှု သင်္ကေတပဲ ဖြစ်ပါတယ်။

ဒီအချက်က အလွန်အကျွံငဲ့ညှာမှုနှင့် သနားကရုဏာစိတ်များအောင် ဖန်တီးပေးတာပါပဲ။ ဒီလို ညှာတာသနားမှုကို အလုပ်ခွင်ထဲအပါအဝင် နေရာတကာမှာ ဖြန့်ကျက်ထားတတ်တဲ့ သဘာဝရှိပေမယ့် ဒါကို ပျော့





ပျော့နူးညံ့လွန်းတယ်လို့ မဆိုနိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် တစ်ဘက်လူတွေနှင့် တရင်းတနှီးဆက်ဆံရာမှာ ပင်ကိုစိတ်ရင်းအရ ခံစားမှုကိုအခြေခံပြီး၊ 'ကရုဏာရှင် (ဝါ) မိခင်တစ်ယောက်'လို့ ထင်မြင်လာစေတာပါပဲ။

ဒါဟာယောက်ျားတစ်ယောက် ဖြစ်တဲ့တိုင်အောင်လည်း ဒီလိုပဲ ပြုမူဆောင်ရွက်တတ်တဲ့ ပုံစံလို့ ဆိုရပါလိမ့်မယ်။ ကြံစည်လုပ်ကိုင်သမျှမှာ ပြင်းထန်တဲ့စိတ်ဝင်စားမှုနှင့် အားကြိုးမာန်တက် ရှိလှသလို၊ မိခင်တစ်ယောက်က မွေးကင်းစနို့စို့ကလေးအပေါ် နို့တိုက်မွေးမြူတဲ့ မေတ္တာစေတနာမျိုးဖြင့် သူ့မှာရှိတဲ့ အကြံတွေဉာဏ်တွေကို အိတ်သွန်ဖာမှောက် ထုတ်ပေးတတ်ပါတယ်။

ဒီ့အပြင် မိခင်ဖြစ်သူဟာ ဆယ်ကျော်သက်သားသမီးလေးတွေ သူ့လက်ထဲကထွက်ပြေးမှာ စိုးရိမ်ပြီး ရင်အုပ်မကွာ အစစအရာရာ သွန်သင်ဆုံးမသလို၊ တာဝန်ယူထားတဲ့အလုပ်မှာလည်း ကိုယ်ဖိရင်ဖိ လုပ်ပြီးမှ လက်လွှတ်လေ့ ရှိတာကလား။

ယေဘုယျအားဖြင့် မျက်နှာဝိုင်းတဲ့လူတွေဟာ လူမှုရေးနှင့် ကျွမ်းကျင်နယ်ပယ်တွေမှာ ပင်ကိုသဘာဝအရ ဆက်ဆံရေး ကောင်းမွန်ပြေပြစ်တဲ့ ရှေးရိုးဆန်သူတွေ ဖြစ်တတ်ကြပါတယ်။

ဒါနှင့်အမျှ သူတို့ဟာ လုံခြုံစိတ်ချရတဲ့ ဘဝအာမခံချက်၊ တည်ငြိမ်မှုကို လိုလားတောင့်တတဲ့စိတ်တွေ ပြင်းထန်များပြားသူတွေ ဖြစ်ပါတယ်။

အဲ့ဒီအတွက် သူတို့ဟာ ငွေကြေးစီးပွားရေးနှင့်ပတ်သက်လာရင် သဘာဝအလျောက် စိတ်ဝင်စားမှုတွေ ရှိနေပြီး၊ အိမ်တွင်းအတတ်ပညာ၊ အရောင်းအဝယ်လုပ်ငန်း၊ လူမှုရေးအရ အသက်မွေးဝမ်းကျောင်းလုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပညာတွေမှာ ကျွမ်းကျွမ်းကျင်ကျင် ဝင်လုပ်တတ်ကြတာပဲပေါ့။

ဘဏ်လုပ်ငန်း၊ အိမ်မြေရောင်းဝယ်ရေးလုပ်ငန်းတွေဟာလည်း သူတို့ရဲ့ ပင်ကိုအရည်အသွေးနှင့် သင့်လျော်ကောင်းမွန်တဲ့အလုပ်တွေပါပဲ။

တခြားတစ်ဘက်မှာလည်း လုံးဝန်းတဲ့ မျက်နှာပိုင်ရှင်တွေအနေဖြင့် အလေးချိန်လွန်ကဲမှုတွေ၊ စိတ်ထိခိုက်လှုပ်ရှားလောက်တဲ့ အခက်အခဲတွေရဲ့ ဖိစီးမှုဒဏ် ခံရလေ့ ရှိပါတယ်။

ဒီနေရာမှာပြောတဲ့ ‘စိတ်ထိခိုက်လှုပ်ရှားမှု’ဆိုတာ အဆင်မပြေမှုနှင့် တိုက်ရိုက် ပတ်သက်တာထက်၊ အစားအသောက်ကြောင့် အစာမကြေဖြစ်ရတာမျိုးကို ဆိုလိုပါတယ်။

သူတို့ရဲ့ခန္ဓာကိုယ်မှာ ရေဓာတ်တွေ ရှိသင့်တာထက် ပိုများနေတဲ့အတွက် မိုက်အိုးကြီးကျယ်ပြီး ဆံပင်တွေထူလို့ ညှို့အားရှိတဲ့မျက်လုံးကြီးတွေ ပိုင်ဆိုင်ရပါတယ်။

ဗေဒင်ပညာရှင်တွေနှင့် သုတေသီတွေရဲ့အလိုအရ သူတို့မွေးဖွားချိန်မှာ လ၊ ဒါမှမဟုတ် ဂျူပီတာဆိုတဲ့ ကြာသပတေးဂြိုလ်ကြီးနှင့် စန်းယှဉ်မွေးတဲ့အတွက် ဝပြီး၊ ကိုယ်အလေးချိန်များတဲ့အဖြစ် ကြုံရတာပဲလို့ ဆိုပါတယ်။

ရေဓာတ်ရဲ့ အမှတ်သင်္ကေတက ကရကဋ်၊ မိန်၊ ဗြိစ္ဆာရာသီရုပ်တွေပဲ ဖြစ်ပါတယ်။

ဟိန္ဒူ အာယုဗေဒကျမ်းအရ ရေဓာတ်စိုးမိုးတဲ့ ဂြိုလ် တွေက သောကြာဂြိုလ်၊ ကြာသပတေးဂြိုလ်၊ လတွေပဲ ဖြစ်တာကြောင့် ပြိဿ၊





တူ၊ မနရာသီတွေကိုလည်း ရေဓာတ်ရဲ့သင်္ကေတအနေဖြင့် မှတ်ယူကြပြန်ပါတယ်။

တရုတ် မျက်နှာပြင်လက္ခဏာဖတ်သူတွေကလည်း မျက်နှာဝိုင်းတဲ့လူတွေဟာ အရည်လိုပျော့ဝင်တတ်ပြီး၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင်နေတတ်သူ၊ ထိရှခံစားလွယ်သူ၊ ပျော့ပျောင်းသူတွေလို့ ဟောကိန်းထုတ်တာပါပဲ။

တခြား အပြုသဘောဆောင်တဲ့ သွင်ပြင်အမှတ်အသားတွေအရ ဒါဟာ သက်လတ်ပိုင်းအရွယ်မှာ အောင်မြင်စေမယ့် အခြေခံကောင်းတွေလို့ ဆိုကြပါတယ်။ ဒီအချက်က လည်တိုင်တုတ်ခိုင်တာနှင့် ပိုဆိုင်ပါတယ်။ လည်တိုင်သွယ်သူ ရေဓာတ်ပိုင်ရှင်တွေကတော့ အဲ့ဒါနှင့်ပြောင်းပြန်လို့ ဆိုရမှာပေါ့လေ။

တရုတ်ပညာရှင်တွေက မျက်နှာပြည့်ဝသူတွေဟာ မိသားစုဘဝကို ဦးစားပေး အရေးထားတဲ့အတွက် တခြား ချစ်သူခင်သူ မိတ်ဆွေတွေအတွက် အချိန် သိပ်မပေးနိုင်ဘူးလို့လည်း ယုံကြည်ကြပါသတဲ့။

ဖွံ့ဖြိုးတိုးတက်မှုနည်းတဲ့အခါမှာ ရုန်းကန်ကြိုးစားတာနှင့် တစ်ပြိုင်တည်း ညှိနှိုင်းမှုတွေနှင့် အောင်မြင်မှုရအောင်လုပ်ရမယ့် လူစားတွေဖြစ်ပြီး၊ ဒီလိုမလုပ်နိုင်ရင်တော့ ဗုဒ္ဓဘုရားရှင်ဟောကြားတဲ့ နိဗ္ဗာန်ချမ်းသာခေါ်တဲ့ အမြိုက်ဘုံကို ရောက်မှာ မဟုတ်ပါဘူးတဲ့။

ပြင်းထန်တဲ့ ဖိုစိတ်၊မစိတ်ကိုအခြေပြုတဲ့ အတွေးစိတ်ကူးတွေလည်း အသွင်သဏ္ဌာန်နှင့်လိုက်ဖက်စွာ ကြွယ်ဝတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုသဘာဝ ညှို့ဓာတ်နှင့် ခင်မင်စရာ ဟန်ပန်အမူအရာတွေ ယှဉ်တွဲလိုက်ရာက စွဲစွဲလန်းလန်း ချစ်ကြိုက်နှစ်သက်စရာ ရုပ်သွင် ဖြစ်သွားနိုင်ပါတယ်။

သူတို့ဟာ အချစ်နှင့် အိမ်ထောင်ရေးမှာ တည်ငြိမ်မှုရှိပြီး ဘဝ အဖော်မွန်တစ်ဦးအဖြစ် အကောင်းဆုံးနေတတ်တဲ့သဘာဝလည်း ရှိကြ ပါတယ်။

## ၄ ထောင့်မျက်နှာ (ကာယစွမ်းအားရှင်)

ကိုယ်ကာယ တောင့်တင်းပြီး ကြွက်သားသန်မာလို့ ခွန်အားကောင်း တဲ့ လူတွေဟာ များသောအားဖြင့် ၄ ထောင့်မျက်နှာပိုင်ရှင်တွေ ဖြစ်တတ်ပါတယ်။

သင့်ခန္ဓာကိုယ် တည်ဆောက်မှုက အဲ့သလို ဖြစ်နေတယ်ဆိုရင် ဆက်ဖတ်ကြည့်ပါ။

မျက်နှာနှင့် ခေါင်းက ၄ ထောင့်ပုံစံ ရှိရုံမက နားရွက်တွေတောင် ၄ ထောင့်စပ်စပ် ရှိနိုင်ပါတယ်။

ဒါ့ဆို ထွားကျိုင်းကြံ့ခိုင်တဲ့ ကိုယ်ထည်ကိုလည်း ပိုင်ဆိုင်ထားနိုင် ပြီး၊ ကာယစွမ်းအားသုံးရတဲ့ကိစ္စတွေ အားကစားနှင့် အပြင်ထွက်လှုပ်ရှား ရတဲ့ အလုပ်တွေကို အထူးစိတ်ဝင်စားမယ်လို့ ညွှန်းထားပါတယ်။

မီးဓာတ်ဖြစ်သူတစ်ဦးအနေဖြင့် ဒေါသကြီးမယ်၊ ရည်မှန်းချက်ကြီး မယ်၊ ဩဇာပိုင်စိုးလိုမှု ကြီးမားမယ် ဆိုပါတော့။ ထစ်ခနဲရှိ စိတ်ဆိုးလွယ် ပြီး ဒေါသထွက်တာ မြန်သလောက်လည်း၊ ဖြုန်းဆို စိတ်ပြေသွားတတ် သူပါ။





တခြားလူတွေဟာ သူ့ရဲ့အင်အားအရှိန်ကြောင့် ကြောက်လန့်ချောက် ချားသွားရပေမယ့်၊ ၂ဘက်ကို ထိန်းဆနိုင်တယ် ဆိုတာလည်း သိကြပါ တယ်။

သူတို့စိတ်က ထက်မြက်လျင်မြန်ပြီး ချင့်ချိန်စဉ်းစားတတ်တာမို့ လက်တွေ့သမားကောင်း သိပ္ပံပညာရှင်၊ အင်ဂျင်နီယာ၊ မတ္တင်းနစ် တွေ ဖြစ်လေ့ရှိပါတယ်။

ကျွမ်းကျင်မှုက သူတို့ရဲ့ စွမ်းအားတစ်ရပ်ပါပဲ။

ပထမပိုင်းမှာ တခြားလူတွေက သူ့အစွမ်းကို သတိမပြုမိတဲ့ တိုင်အောင် သူတို့စိတ်ကတော့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်သိမြင် တတ်ကြလေရဲ့။ ဒီအတွက် သုတေသီကောင်းတစ်ယောက် ဖြစ်အောင် လည်း လုပ်နိုင်စွမ်း ရှိတယ် ဆိုရမှာပါပဲ။

ကျန်းမာရေးပိုင်းမှာ အရေပြားရောဂါတွေ ဖြစ်လွယ်သလို၊ အကြော တွေတက်လာပြီး အလွန်အကျွံ အပင်ပန်းခံ အားထုတ် လုပ်တတ် တာကြောင့် မျက်ရည်ကျတဲ့အထိ ခံစားရတတ်ပါတယ်။

တစ်ဘက်စွန်းရောက်တဲ့ကိစ္စတွေမှာ ဟောဟောဒိုင်းဒိုင်း ဂမူးရှူးထိုး လုပ်တတ်တာကြောင့် မတော်တဆအန္တရာယ်တွေ ကြုံလေ့ရှိပါတယ်။

မျက်လုံးတွေကလည်း အချိန်နှင့်အမျှ ပြဿနာရှာနေတဲ့ အသွင်ကို ဆောင်နေတတ်ပါတယ်။

ကံကောင်းတာက ခွန်အားဗလနှင့် ပြည့်ပြီး သန့်စွမ်းမှု ရှိထားသလို၊ ထက်မြက်တဲ့စွမ်းအင်တွေ ပြည့်တဲ့ဆုကို ရထားလို့ပါပဲ။

ဆာလောင်မှု နှင့် စားလိုစိတ် ရှိပြီး အစားအသောက်ကို မက်ပေမယ့်၊ ရေဓာတ်သမားတွေနှင့် မတူတာက ပေါက်ကရမစားဘဲ ခွန်အားအမြန် ပြည့်ဆည်းပေးမယ့် ကယ်လိုရီဓာတ် အာဟာရဓာတ် ပြည့်တဲ့ အစာတွေကိုပဲ စားတတ်တာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးရဲ့ အမှတ်သင်္ကေတဟာ မိဿ, သိဟ်, ဓနုရာသီခွင်မှာ ပါရှိပါတယ်။ ဗြိစ္ဆာရာသီရုပ်ဟာလည်း စနေဂြိုလ်က စိုးမိုးထားတဲ့အတွက် မီးဓာတ်ကို ယူလို့ ရတာပေါ့လေ။

အရှေ့တိုင်းသား အင်္ဂါရုပ်ပညာရှင်တွေကတော့ ၄ ထောင့်ပုံစံကို တည်ငြိမ်မှုနှင့် ခိုင်မြဲမှုအထိမ်းအမှတ် လို့ ယူဆကြပါတယ်။

တကယ်လို့ မြားကို နောက်ပြန်ပစ်တဲ့လူလို အဓိပ္ပာယ်မဲ့တဲ့ အလုပ်လုပ်တဲ့လူ မဟုတ်ဘဲ၊ ခေါင်းမာတဲ့ စိတ်ဓာတ်ရှိတဲ့လူလို့ ကိုယ့်ကိုယ်ကို မှတ်ယူရင်လည်း အံ့သြစရာတော့ မရှိပါဘူး။

အစိုးရအဖွဲ့အကြီးအကဲဖြစ်တဲ့ ဆာဝင်စတန်ချာချီဟာလည်း ၄ ထောင့်မျက်နှာနှင့် ခေါင်းမာမှုတွေကို ပိုင်ဆိုင်ခဲ့တာမို့ သူရဲ့ လေးနက်တဲ့ ဟန်ပန် အမူအရာ, ထင်ရာစိုင်းပြီး ရမ်းရမ်းကားကားလုပ်တတ်မှု, ပြတ်ပြတ်သားသား ဆုံးဖြတ်တာမျိုးတွေကို တစ်ပုံစံတည်း အတုယူနိုင်လို့ပဲပေါ့။

မီးဓာတ်အားကောင်းတဲ့ ၄ ထောင့်မျက်နှာရှင်မှန်ရင်တော့ ပေါင်းသင်းဆက်ဆံရေးကောင်းသူ ဖြစ်ပြီး၊ ကိုယ့်ရဲ့ချစ်သူ, အိမ်ထောင်ဖက်အပေါ် နားလည်မှု ပိုရှိလိမ့်မယ်လို့ ဆိုရမှာပါပဲ။

ပြဿနာတွေကို တန်ပြန်ရှင်းထုတ်နိုင်စွမ်း ရှိသလို၊ အချစ်နှင့် ပတ်သက်လို့လည်း ရုပ်ပြကောင်းကောင်းဖြင့် ဖမ်းစားနိုင်သူဖြစ်တာ အမှန်ပါပဲ။





## ကြိုဂံမျက်နှာ (စိတ်လက္ခဏာပေါ်လွင်)

ပင်ကိုသဘာဝအရ အပြောင်းအလဲမြန်မှုဟာ ပညာရှင်တွေအမြင်အရ လေဓာတ်ကြီးစိုးလို့ စိတ်မငြိမ်တဲ့သဘောပဲ ဖြစ်ပါတယ်။ ဒီသဘာဝကို တြိဂံမျက်နှာပိုင်ရှင်တွေမှာ တွေ့ရစမြဲပါ။

သင်ဟာ အဲ့ဒီလိုလူစားထဲမှာ ပါတယ်ဆိုရင် ခေါင်းနှင့် မျက်နှာဟာ သင့်ကိုယ်လုံးလိုပဲ အလွယ်တကူ မှတ်မိနိုင်သူလို့ ဆိုရမှာပဲပေါ့။ ကိုယ်လုံးက ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး၊ ခေါင်းကတော့ တြိဂံအောက်စိုက်ထားတဲ့ပုံ၊ ဒါမှမဟုတ် သစ်တော်သီးပုံ ရှိနေပါလိမ့်မယ်။

မြင့်မားတဲ့နဖူးက 'ဉာဏ်ထက်မြက်ကြောင်း' ပြနေသလို၊ နောက်မြင့်ဆံပင်ပုံစံကလည်း 'လူညံ့မဟုတ်ဘူး' လို့ ပြောနေပါတယ်။

ဒါပေမယ့် ဆုံးဖြတ်မှုတွေ မှားတတ်ပြီး အပေါင်းအသင်းရွေးတာလည်း လွဲတတ်ရာက သံသယစိတ်, မယုံသင်္ကာမှုတွေနှင့် စိတ်နုတယ်, စိတ်လှုပ်ရှားတတ်တယ်ပေါ့။

နူးညံ့ချောမွေ့ပြီး သန့်လှတဲ့ဆံပင်တွေနှင့်အတူ အကြောစိမ်းတွေလည်း အထင်းသားပါ။

သင့်ပုံစံမျိုးဟာ အမြဲလို ဂနာမငြိမ်ဘဲ ပြာလောင်ခတ်နေတာကလား။

သင်က စိတ်မြန်လက်မြန်နိုင်သလောက် သွက်လက်တယ်, လျှင်မြန်တယ်, စွယ်စုံတော်တယ်, စကားသိပ်များတယ်လေ။ မဟုတ်ဘူးလား။ သင့်အသံကလည်း ဘာကြောင့်မှန်းမသိဘဲ စူးရှကျယ်လောင်နေတာပဲ။

စိတ်နေစိတ်ထားအရ သိလိုစိတ် များပြီး ဇပ်စုတတ်တဲ့အတွက်၊ ရောက်လေရာရာမှာ အမေးအမြန်းထူတဲ့သင့်ကို ခွင့်လွှတ်ထားရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် သင့်ကို အကောင်းဆုံး အားဖြည့်ရာရောက်တဲ့အရာက ဝညာဉာဏ်ကြီးမားသူ ဖြစ်ခဲ့ရတယ် ဆိုပါတော့။

သင့်ကို လျှင်မြန်ဖျတ်လတ်သူ၊ ပြေးခုန်ပစ်သမားနှင့်တူသူ၊ စွမ်းအားထက်မြက်တဲ့ သူလို့ အသိအမှတ် ပြုရလောက်အောင် ထင်ရှားပါတယ်။ ဒါပေမယ့် သက်လုံအားနည်းပြီး ခွန်အားတွေက ကုန်ခမ်းလွယ်တာ ဘာကြောင့်မှန်း မသိပါဘူး။ သင့်အနေဖြင့် အပိုစွမ်းအားတွေ အမြင့် ဆုံးထပ်ဖြည့်တတ်ဖို့ သင်ယူရပါလိမ့်မယ်။

ဗေဒင်ပညာအရ ပြောရရင်တော့ လေဓာတ်သက်ဝင်တဲ့ အမှတ်လက္ခဏာတွေက မေထုန်၊ တူ၊ ကုမ်ရာသီရုပ်တွေပဲ ဖြစ်ပါတယ်။ မကာရရာသီဟာ မြေပထဝီဓာတ် ဖြစ်တယ်လို့ ဗေဒင်ကျမ်းအရ ပြထားပေမယ့် အာယုဗ္ဗေဒကျမ်းအလိုကတော့ ဝါယောဓာတ်ကို ပိုင်ဆိုင်တယ်လို့ ဆိုလေရဲ့။

ဝါယောဓာတ် စိုးမိုးတဲ့ဂြိုလ်တွေက ဗုဒ္ဓဟူးဂြိုလ်၊ စနေ ဂြိုလ်နှင့် နဂါးခေါင်း (မြောက်ဘက်သို့ ဖွန်းထွက်နေတဲ့ လ) တို့ပဲ ဖြစ်ပါ တယ်။

တရုတ် ရုပ်ကြည့်ဗေဒသမားတွေကတော့ သင့်မျက်နှာကို 'မီးမျက်နှာ' လို့ ခေါ်ရတာ ပိုနှစ်သက်ကြသလို၊ အဲ့ဒီရလဒ်အနေဖြင့် သင်ဟာ ထက်တယ်၊ ဉာဏ်ရွှင်တယ်၊ ပညာကြီးတယ်၊ စိတ်ဆတ်တယ်၊ ဖန်တီးနိုင်စွမ်းရှိပြီး အထူးသွက်လက်တယ် လို့ဆိုပါတယ်။

ဒီ ထူးခြားတဲ့လက္ခဏာတွေက စိတ်ဆိုးလွယ်တဲ့ သဘောကိုလည်း ထင်ဟပ်ပါတယ်။ ပြီးတော့ တွေးခေါ်မြော်မြင်ဉာဏ် ကြီးမားမှုနှင့်လည်း သွားယှဉ်တယ်။

ဒီတော့ သင်ဟာ မူလဘူတ ဓာတ်ကြီး ၂ပါးဖြစ်တဲ့ မီးနှင့် လေ တို့ရဲ့ ကောင်းခြင်းလက္ခဏာတွေကို ပိုင်စိုးတယ်လို့ ပြောရမှာပါပဲ။





# အခြားထင်ရှားသိသာသော မျက်နှာပုံစံများ

## ကြီးမားကျယ်ပြန့်တဲ့မျက်နှာ

သူ့မျက်နှာပုံစံနှင့် လိုက်ဖက်စွာပဲ သဘောထားကြီးသူတွေ ဖြစ်ပါတယ်။ ထို့အတူ စိတ်ရှည်သီးခံမှုနှင့် အကြင်နာမေတ္တာ ပြည့်ဝတဲ့ သူတော်ကောင်းတွေလို့ ဆိုရပါလိမ့်မယ်။

သူတို့ဟာ အမြင်ကျယ်ပြီး ရှုပ်ရှုပ်ထွေးထွေး အသေးအဖွဲလေးတွေကို အရေးမထားပါဘူး။

ခွင့်လွှတ်ခြင်းနှင့် မေ့ပစ်ခြင်းတွေဟာ သူတို့ဘဝမှာ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်တွေပါပဲ။

ဒီပုဂ္ဂိုလ်ကြီးတွေဟာ စီမံအုပ်ချုပ်မှုကောင်းသလို အေးအေးဆေးဆေးနှင့် အမိန့်ပေး စေခိုင်းတတ်တဲ့ အမှုဆောင်လူကြီးတွေ ဖြစ်တတ်ပါတယ်။

## သွယ်ပြီးရှည်တဲ့မျက်နှာ

စိတ်ရှည်ခြင်းနှင့် မြဲမြံခြင်းဟာ ရှည်သွယ်တဲ့မျက်နှာပိုင်ရှင်တွေရဲ့ ထူးခြားတဲ့ ပင်ကိုစရိုက်ပါပဲ။

လူတစ်ယောက်ဟာ ရှည်သွယ်တဲ့မျက်နှာနှင့် ပုံစံကျတဲ့ အမှတ်လက္ခဏာတွေ ပါရှိမယ်ဆိုရင် သူဟာ ဘယ်တော့မှ လုပ်လက်စတန်းလန်းကြီး ပစ်သွားသူ မဖြစ်နိုင်ပါဘူး။

သူ့လုပ်ရပ်တွေ မှားခဲ့တာတောင် အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဘာကြောင့်ဆို သူ့အနေဖြင့် မျှော်လင့်ချက်ကို လွယ်လွယ် မစွန့်လွှတ်ကာ လို့ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေကတော့ ဉာဏ်ပညာထက်မြက်ပြီး ခံစားချက်ပြင်းထန်သူတွေအဖြစ် ရပ်တည်ပါတယ်။ သူတို့ဟာ လူမှုစီးပွားရေးကိစ္စတွေနှင့် ပညာရေး ကျောထောက်နောက်ခံပြုရတဲ့ လုပ်ငန်းတွေ လုပ်တတ်ကြရာက ကြီးကျယ်တဲ့ ဖန်တီးနိုင်စွမ်းတွေ, မြင့်မားတဲ့ အောင်မြင်မှုတွေ ရကြသလို၊ အနုပညာဘက်မှာလည်း ပြောင်ပြောင်မြောက်မြောက် စွမ်းဆောင်နိုင်ကြပါတယ်။

သူတို့လိုလူစားတွေက ပန်းချီ, ဂီတ, ရုပ်ရှင်စတဲ့ အနုပညာတွေကို အချိန်ပြည့်စိတ်ဝင်စားပြီး၊ သူ့နယ်နှင့် သူ အထူးကျော်ကြား အောင်မြင်သူတွေ ဖြစ်ကြရတာပါပဲ။

မျက်နှာပြင်တွေကို အကြမ်းအားဖြင့် ခြုံငုံသုံးသပ်ရာမှ အရေးပါတဲ့ အချက်အလက်တွေကို ထိုက်သင့်သလောက် မှတ်သားမိပြီ ထင်ပါတယ်။

ဒီအထဲမှာ ခေါင်းရဲ့ အကျယ်အဝန်းနှင့် အမြင့်ဟာ မျက်နှာနှင့် တွဲစပ်ဆက်သွယ် နေတာကိုလည်း ထည့်ပြောချင်ပါသေးတယ်။

ခေါင်းနောက်ပိုင်း မြင့်မားကြီးမားတဲ့ လူတစ်ယောက်ဟာ ပိုမိုစိတ်လှုပ်ရှားတတ်ပြီး မိသားစုနှင့် လူမှုရေးကိစ္စတွေကို ရှေ့တန်းတင်တတ်ပါတယ်။ ခေါင်းအုံသေးတဲ့ လူတွေကတော့ အဲဒီအရေးကို ဦးစား သိပ်မပေးတတ်ပါဘူး။

ငယ်ထိပ်မြင့်မားမှုကတော့ နာမ်ဝါဒီ၊ သို့မဟုတ် စိတ်ကူးယဉ်သမားရယ်လို့ ပြဆိုပေမယ့် ဩဇာကြီးမားမှုရဲ့သင်္ကေတ ပိုဆန်ပါတယ်။

ငယ်ထိပ်ကျဉ်းတဲ့လူကတော့ သူ့ကိုယ်သူ ယုံကြည်မှု အားနည်းတာကို ပြပါတယ်။





ငယ်ထိပ် အဆမတန် ကြီးမားတာကတော့ အမွှေဝါဒီအဖြစ် အနိုင်ကျင့်တတ်မှု ဩဇာပေးတတ်တဲ့သဘာဝ ရှိပါတယ်။ ကုမ္ပဏီအကြီးအကဲ, အရာရှိကြီးတွေကို အကဲခတ်ကြည့်ပါလေ။

ရည်မှန်းချက်သဘာဝကိုတော့ ပုံစံလှတဲ့ ငယ်ထိပ်မှာ တွေ့နိုင်ပါတယ်။

ဦးခေါင်းရဲ့ထိပ်ဘက် အစိတ်အပိုင်းတွေရဲ့ အချိုးအစားကိုကြည့်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဩဇာကြီးစိုးမှုကို ခန့်မှန်းနိုင်ပါတယ်။

ခေါင်းရဲ့ ရှေ့ဘက်ကကြည့်ပြီး တည်ငြိမ်မှုကို တွက်ဆ ရပါတယ်။ ခေါင်းရဲ့ အရှည်အလျားကို ရှေ့ဘက်ကပဲ ကြည့်ပါတယ်။

ခေါင်းတိုတဲ့လူတွေကို ကြည့်ရင် အမြော်အမြင်နည်းပြီး တစ်နပ်စားကြတတ်တာကို တွေ့ရပါလိမ့်မယ်။


❖



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ၆

## ဆံပင်နှင့်နှဖူး

ဆံပင်


နှဖူး

ဝန်းရှေ့ပြည့် တအောင်တိုက်

www.burmeseclassic.com

www.burmeseclassic.com









## ဆံပင်နှင့်နဖူး

### ဆံပင်

ဆံပင်ဆိုတာ ကိုယ်ခန္ဓာကို တစ်စိတ်တစ်ဒေသ အုပ်မိုးကာကွယ်ထားပြီး တာရှည်ခံသလို၊ စွမ်းအားတွေစုနေတဲ့ နေရာလို့လည်း ဆိုပါတယ်။

ဆံပင်သန်မယ်, နူးညံ့ပျော့ပျောင်းပြီး ချောမွေ့မယ်ဆိုရင် 'ခံစားလွယ်တယ်၊ အကင်းပါးတယ်'လို့ ပြောရမှာပါပဲ။ ဒါနှင့်အမျှ ခန္ဓာကိုယ်က အထိမခံ ရွှေပန်းကန်လို နုနေပါလိမ့်မယ်။ အထူးသဖြင့် ကိုယ်လုံးပိန်သွယ်သူတွေပေါ့။

ထူထဲတဲ့ သေးသေးမျှင်မျှင်ဆံပင်လေးတွေက ရဲရင့်မှု, အောင်မြင်မှု, ကျွမ်းကျင်မှုတွေရဲ့ သင်္ကေတဖြစ်ပြီး၊ ဘဝမှာ အနိုင်မခံ အရှုံးမပေးတဲ့အစွမ်းသတ္တိတွေ ရှိတာကို ပြသနေတာပါပဲ။

ပြန်အားဖြည့်နိုင်စွမ်းတွေ အကြီးအကျယ် ပြည့်ဝတာနှင့်အမျှ ဘဝရဲ့ စိန်ခေါ်မှုတွေကို နှစ်သက်သူလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## နဖူး

နဖူးကိုတော့ အမျိုးအစားအများကြီး ခွဲခြားနိုင်ပါတယ်။

နဖူးကျယ်တာက လိမ္မာပါးနပ်မှု၊ လက်တွေ့ကျမှုကို ဖော်ဆောင်သလို၊ အလုပ်တာဝန်ကို လုံ့လဝီရိယရှိရှိ ကျေပွန်အောင် လုပ်တတ်ကြောင်း ပြနေပါတယ်။

ကျယ်ပြန့်တဲ့နဖူးက အဆင့်မြင့်စိတ်ကူးတွေနှင့် အကြံဉာဏ်တွေ ကြွယ်ဝမှုကို ပေးပါတယ်။

လုံးဝန်းပြီး စောက်နက်တဲ့နဖူးက စိတ်ကူးကောင်းတတ်တာကို သရုပ် ဖော်ပါတယ်။ ဒါပေမယ့် လိုက်လိုက်လှဲလှဲ ရင်းနှီးခင်မင်မှုကို အရေး ထားတယ်လို့လည်း ဆိုရမှာပါပဲ။

နဖူး ကျဉ်းသူတွေအဖို့တော့ လူမှုရေးကိစ္စတွေမှာ တားဆီးနှောင့်ယှက်တတ်သူလို့ သတ်မှတ်ပါတယ်။ မိသားစုဘဝမှာလည်း အကျပ်အတည်းတွေ ကြုံရတတ်ပါတယ်။ ဘယ်ကိစ္စမဆို သေသေချာချာစဉ်းစားဖို့ လိုတဲ့ လူမျိုးတွေပေါ့။

နဖူးတိမ်ပြီး ဆံပင်တွေ အောက်ချတာများတဲ့ လူတွေမှာလည်း လုပ်ငန်းအောင်မြင်ရေးမှာ အနှောင့်အယှက်အခက်အခဲတွေ များမှာဖြစ်ပါတယ်။အသက် ၁၅နှစ် နှင့် ၃၀ကြားမှာ မိဘတွေနှင့် ပတ်သက်ပြီး ဒုက္ခတွေ ကြုံနိုင်ပါတယ်။

နဖူး ပြားရင်တော့ တရားသေဝါဒဘက် ယိမ်းတဲ့သဘော ရှိပြီး၊ အချက်အလက် အကြောင်းအကျိုးခိုင်လုံမှုကို အလေးထားသူလို့ သတ်မှတ်ရပါမယ်။

နဖူးမောက်တာကတော့ စိတ်ကူးယဉ်သမားလို့ ပြောထားတာနဲ့အမျှ အကြံအစည်တစ်ခု အောင်မြင်ဖို့ဆိုရင် စနစ်တကျ စီမံကိန်းချပြီး ဇိုက်





လိုက်မတ်တတ် အကောင်အထည်ဖော်ဖို့ ကြိုးစားရမယ့် လူမျိုးပါ။

နဖူး လန်နေ၊ စောင်းလျှောနေတဲ့ လူတွေဟာ စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ညာဉ်ကို သွေဖည်ကြပါတယ်။

နဖူးမှာ အထစ်ခံပြီး ၂ထပ်လို ဖြစ်နေသူတွေကတော့ သူ့အလုပ်အကိုင်နဲ့ စီးပွားရေးလုပ်ငန်းတွေ ကောင်းမယ့် နိမိတ် မရှိပါဘူး။ စဉ်းစဉ်းစားစား ကြံဆ၊ စီမံကိန်းချပြီး ဂရုစိုက်လုပ်ဖို့ လိုပါတယ်။

နဖူးလန်ပြီး မျက်ခုံးမွေးအားကောင်းကောင်းနှင့် ဖြစ်နေတဲ့ အမိပ္ပာယ်ကတော့ စိတ်တိုဒေါသဖြစ်လွယ်သူ၊ စိတ်ထင်ရာလုပ်တတ်သူ၊ ရည်မှန်းချက်ကြီးမားသူ ဆိုပြီး၊ အကောင်း အဆိုး ၂တွေ ရောနေတတ်ပါတယ်။

နဖူးချွန်မယ်၊ ပြီးတော့ ဆံပင်ကို နောက်လှန်ဖီးထားရာက နဖူးပြင် သိပ်မကျဉ်းဘူးဆိုရင် ဉာဏ်ပညာကြီးမြင့်မယ့်သဘောကို ပြနေတာပါပဲ။


❖



www.burmeseclassic.com

# အခန်း ၇

## မျက်လုံးများ




ပန်းချီပြည့် တအုပ်ဝိုက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com









## မျက်လုံးများ

အရေးကြီးဆုံးအနေဖြင့်ကတော့ မျက်လုံးများကို ကြည့်ရှုလေ့လာဖို့ပါပဲ။

တဖျပ်ဖျပ်တလက်လက် အရောင်တောက်ပနေတဲ့ မျက်လုံးတွေဟာ သေးငယ်ပြီး စွေစောင်းနေတဲ့ မရိုးမသား ရှေ့ကစားနေတဲ့မျက်လုံးတွေထက် ပိုနှစ်သက်စရာ ကောင်းပါတယ်။ ဒုတိယအမျိုးအစား မျက်လုံးတွေဟာ တစ်ကိုယ်ကောင်းဆန်ပြီး ယုံကြည်စိတ်ချမှု မရှိသလို၊ လျှို့ဝှက်ဖုံးကွယ်ထားတဲ့သဘာဝ ရှိနေပါတယ်။

စင်စစ်တော့ လုပ်ငန်းကိစ္စနှင့် အနီးကပ် ထိတွေ့ဆက်ဆံရတဲ့ အခါမှာ မျက်လုံးတွေဟာ အရေးကြီးဆုံး အင်္ဂါလက္ခဏာတွေပါပဲ။

အလုပ်သမားပဲ ရှာရှာ အစုစပ်လုပ်မယ့်သူပဲရွေးရွေး ပုံမှန်အနေအထားဖြင့် တည်ငြိမ်တဲ့မျက်လုံးတွေကို ကြည့်တတ်ဖို့ လိုပါတယ်။

အဲဒီမျက်လုံးတွေက နိုင်မြဲပြီး ဖွဲ့လုံ့လရှိတဲ့ သဘာဝကို ပြသလို၊ လူတစ်ယောက်ရဲ့ တည်ကြည်ဖြောင့်မတ်မှု၊ မှန်မှန်ကန်ကန် ကျကျနန လုပ်တတ်မှုဖြစ်တဲ့ အမိပ္ပာယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်အနေဖြင့် ရွေ့လျားကစားနေလို့ ဂနာမငြိမ်တဲ့ မျက်လုံးတွေဟာ အပြောနှင့် အလုပ် မညီသလို၊ ဖောက်လွဲဖောက်ပြန်လုပ်တတ်တဲ့ အကျင့်စရိုက်တွေ ရှိနေတတ်ပါတယ်။ဒီ့အပြင် အဲ့ဒီမျက်လုံးအမျိုးအစားကို မရိုးမသားနှင့် ယုံကြည်စိတ်ချ ရမှု မရှိနိုင်ပါဘူးလို့လည်း ဆိုကြလေရဲ့။ အချုပ်ပြောရရင်တော့ ဒီမျက်လုံးပိုင်ရှင်တွေဟာ အားမကိုးလောက် သူတွေပဲပေါ့။

ဘယ်,ညာ မညီတဲ့မျက်လုံးတွေဟာ သူမတူအောင် ထူးခြားတဲ့ အဓိပ္ပာယ်ကို ဆောင်ပါတယ်။ ပထမဆုံးအချက်က ဒီမျက်လုံးရှင်မှာ ကွဲပြားခြားနားတဲ့ စမ်းသပ်မှုတွေ, အမြင်တွေ ရှိပြီး၊ ပြဿနာတစ်ရပ်ကို ဖြေရှင်းရာမှာ ထော်လော်ကန့်လန့်နိုင်တဲ့ အတွေးတွေ အသုံးပြုတတ်တာပါပဲ။သူတို့က သင့်မှတ်ချက်နှင့် လေ့လာတွေ့ရှိချက်တွေကို လက်တွေ့ မကျတဲ့ စိတ်ကူးတွေဖြင့် ဝေဖန် သရုပ်ခွဲပါလိမ့်မယ်။

မကြာခဏဆိုသလိုပဲ သူတို့ဆီက ကောက်ကာငင်ကာပေါ်လာတဲ့ ထိုးထွင်းသိမြင်မှုတွေကြောင့်လည်း အံ့အားသင့်သွားရမှာပါ။ နောက်ဆုံးတော့ သူတို့ဟာလည်း တန်ဖိုးမရှိတဲ့လူထဲ ပါသွားတာပါပဲ။

မျက်ဝန်း (မျက်ရစ်)ဟာ အပေါ်ဘက်ကို ခုံးတက်နေရင် မျက်လုံးပိုင်ရှင်ဟာ အခွင့်အရေးသမားပါတဲ့။ မျက်ခုံးတွေကလည်း မျက်ဝန်းအတိုင်း လိုက်ကွေးနေမယ်ဆိုရင် ပိုမှန်သွားပါလိမ့်မယ်။ ကြောင်မျက်လုံးတွေနှင့် တူတယ် ဆိုရမှာပေါ့။ ကိုယ်ဟန်ပြမယ် မော်ဒယ်အတော်များများဟာ အဲဒီကြောင်မျက်လုံးမျိုးကို ပိုင်ဆိုင်တတ်ကြပါတယ်။ သူတို့






ဟာ သူတို့လိုချင်တာကို ဘယ်လို အရယူရမယ်ဆိုတာ သိကြတယ်လေ။

မျက်ဝန်းက အောက်ဘက်ကိုဝိုက်ပြီး ကွေးညွတ်နေမယ်ဆိုရင် အဲ့ဒီလူဟာ သူကိုယ်သူ တန်ဖိုးလျှော့တွက်ပြီး တခြားလူတွေကို သနားတတ်သူ ဖြစ်ပါတယ်။ သူတို့အနေဖြင့် 'နိုး'လို့ ပြောရမှာ ဝန်လေးတယ်ဆိုပါတော့။

သွားလေသူ ဒိုင်ယာနာမင်းသမီး, ကမ္ဘာကျော် မိုက်ကယ်ဂျက်ဆင်တို့ဟာ အဲ့ဒီမျက်လုံးမျိုး ပိုင်ရှင်တွေပါပဲ။







www.burmeseclassic.com

www.burmeseclassic.com










သူတို့ရဲ့မျက်ခုံးနှင့် သူငယ်အိမ်တွေက မျက်လုံးထဲမှာ အရည်လည်ပြီး ရွှန်းရွှန်းလဲ့နေပါတယ်။ မျက်သားဖြူဖြူတွေကလည်း မျက်ခုံးအောက်မှာ အမွေးသား ပေါ်လွင်လျက်ပေါ့။ ဒီအချက်က အတွင်းစိတ်တွေ ပရမ်းပတာနိုင်မှုကို ဖော်ညွှန်းသလို၊ လူ့လောကမှာ လူထူးလူဆန်းတွေလို့ ခေါ်လောက်သူတွေပါပဲ။

သူတို့ရဲ့သဘာဝက ဘာသာရေးဘက် နွယ်တဲ့တိုင်အောင် သူတို့ဟာ တော်ရုံတန်ရုံဖြင့်ကျေနပ်ဖို့, နားလည်မှုရှိဖို့ ခဲယဉ်းပြီး၊ တခြားလူတွေရဲ့ အကြီးအကျယ် မျှော်လင့်အားထားမှုကို ခံရတတ်ပါတယ်။ မာတင် လူသာကင်း(Martin Luther King)နှင့် အေဗရာဟင် လင်ကွန်း (Abraham Lincoln)တို့ဟာ ဒီ ထူးခြားတဲ့အသွင်လက္ခဏာမျိုး ရရှိထားကြသူတွေ ဖြစ်ပါတယ်။

သေးငယ်တဲ့မျက်ခုံးပေါ်မှာ မျက်သားအဖြူရောင် သိသိသာသာထင်နေတဲ့လူတွေဟာ အကျင့်စရိုက်က ကြောက်စရာကောင်းအောင် အန္တရာယ်ကြီးတယ် ဆိုတာကို ပြပါတယ်။

ဒီပုံစံမျိုးမှာ အချိန်မရွေးပေါက်ကွဲနိုင်တဲ့ ဒေါသက ငုပ်လျှိုးနေပြီး၊ သူတို့ရဲ့ သဘာဝစရိုက်က အတော်လေး ခက်ထန်မာန်ပြင်းလှ ရှိပါတယ်။ သူတို့ကို သတိထားလို့သာ ပြောရမှာပါပဲ။

ဘာသာရေးအယူသည်းဂိုဏ်းထောင်ပြီး လူတွေကို အဆိပ်ကျွေးခဲ့တဲ့ ချားလ်စ် မေဆင်(Charles Manson)ရဲ့ မျက်လုံးတွေဟာ အဲ့ဒီမျက်လုံးမျိုးတွေပဲပေါ့။ တရုတ်အင်္ဂဝိဇ္ဇာပညာရှင်တွေကတော့ အဲ့ဒါတို့ ‘ဝံပုလွေမျက်လုံး’ လို့ ခေါ်ကြလေရဲ့။

www.burmeseclassic.com





Charles Manson





မျက်လုံးအိမ်ကျယ်သလောက် တစ်လုံးနှင့်တစ်လုံး ဘယ်လောက်နီး ကပ်သလဲလို့ ကြည့်ပါ။ စံတင်လောက်တဲ့အနေဖြင့် တစ်လုံးလုံးက ပို ကျယ်နေတာမျိုးလည်း ရှိပါလိမ့်မယ်။ အဲ့ဒီမျက်လုံးတွေ ပိုင်ရှင်ကတော့ မျှမျှတတ စီရင်ဆုံးဖြတ်ပေးနိုင်စွမ်းနှင့် လောကအမြင် ကြည်လင်သူပဲ လို့ ကောက်ချက်ချနိုင်ပါတယ်။

မျက်လုံးချင်း သိပ်ကပ်နေရင်တော့ လောကအမြင် ကျဉ်းမြောင်းပြီး၊ အတွေးတိမ်တဲ့ လူတွေပါပဲ။

သူတို့ဟာ မိဘတွေနှင့် မိသားစုအပေါ်မှာလည်း အလွန် မှီခိုအား ထားကြတတ်ပါတယ်။ သူတို့အဖို့ ကိုယ့်ခြေထောက်အပေါ် လွတ်လွတ် ကျွတ်ကျွတ် ကိုယ်ရပ်နိုင်အောင် တဖြည်းဖြည်းလေ့ကျင့်ဖို့ လိုပါတယ်။ သူတို့ရဲ့စိတ်ဓာတ်ခွန်အားဟာ ကိုယ့်ကိုယ်ကိုယုံကြည်မှုကို ရှာဖွေနိုင်စွမ်း ရှိဖို့ ကြိုးစားရပါလိမ့်မယ်။

မျက်လုံး တစ်လုံးနှင့်တစ်လုံး ကပ်နေတဲ့ ဝန်ထမ်း, အလုပ်သမား တွေဆိုရင်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှု ကြီးမားနေအောင် အဆက် မပြတ် အားဖြည့်သင့်ပါတယ်။


ဒီမျက်လုံးရှင်တွေဟာ သီးခံနိုင်မှု, စိတ်ရှည်မှု နည်းတတ်တာနှင့် အမျှ၊ ဖိအားပေးတဲ့ဒဏ်ကိုမခံနိုင်ဘဲ ကြေမွသွားလေ့ ရှိပါတယ်။ သူတို့ ဟာ အကြံပေးချက်တွေ, အမိန့်အာဏာတွေကို ဂရု မစိုက်ဘဲ ဖီဆန်လေ့ ရှိကြပါတယ်။ သူတို့လိုလူမျိုးနှင့် တွေ့တဲ့အခါ တင်းမာမှုတွေ မဖြစ်ရလေ အောင် နားလည်မှုတွေပေးပြီး၊ သိမ်သိမ်မွေ့မွေ့ဆက်ဆံဖို့ လိုပါလိမ့် မယ်။



www.burmeseclassic.com

www.burmeseclassic.com










သူတို့ ဆုံးဖြတ်ချက်ချရာမှာ တစ်ခုမဟုတ်တစ်ခု ရွေးချယ်ခွင့်ပေးဖို့လည်း အရေးကြီးပါတယ်။ သူတို့ဟာ အသက်ရှူချောင်ဖို့ လိုတာနှင့် အမျှ၊ ဖန်တီးနိုင်ခွင့်တွေ များများစားစား ပေးထားရပါမယ်။

တစ်ခါတစ်ရံမှာ အဲဒီမျက်လုံးပိုင်ရှင်တွေရဲ့ ထင်မြင်ချက်တွေဟာ ကြီးမားကျယ်ပြန့်ပေမယ့်၊ အပေါ်ယံကြောလောက်သာ ရှပ်သွားတာဖြစ်တယ်။ ပေါလင်းဟန်ဆင်ဟာ နမူနာပါပဲ။

မျက်လုံးအိမ် အတွင်းဘက် နက်ဝင်နေတဲ့ မျက်လုံးတွေဟာ ပြင်းထန်တဲ့ဆန္ဒ, ဩဇာလွှမ်းမိုးမှု, သတိကြီးမားမှုတွေရဲ့ နိမိတ်သင်္ကေတပဲ ဖြစ်ပါတယ်။ ဒီလိုမျက်လုံးပိုင်ရှင်တွေကို မြင်လိုက်တာနှင့် သူတို့ရဲ့ စိတ်အနေအထားမှာ စိတ်ကူးယဉ်မှုနှင့် ဉာဏ်ကွန့်မြူးမှုတွေ အားကောင်းတာ သေချာပေါက်တွေ့ရမှာပါ။ စာရေးဆရာတွေ, ဖန်တီးရှင်တွေဟာ ဒီလို အတွင်းနက်တဲ့မျက်လုံးတွေကို ပိုင်ဆိုင်ထားတတ်ကြပါတယ်။ သူတို့ရဲ့ ပင်ကိုနလုံးသားတွေကလည်း နူးညံ့ကြပါတယ်။

ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး အိုမာရှရစ်ဖ် နှင့် ဗဲလ်ကီလ်မာတို့ရဲ့ မျက်လုံးမျိုးတွေပါပဲ။

သူတို့ရဲ့ စိတ်ကူးယဉ်မှုဟာ ၃၅နှစ်နောက်ပိုင်း မှာ အကောင်အထည်ပေါ်ခဲ့ပြီး အံ့အားသင့်လောက်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေ ရခဲ့သလို၊ ငွေကြေးစီးပွားရေးကိစ္စတွေမှာ သူတို့ထွမ်းနိုင်တာထက် ပို အောင်မြင်ခဲ့တာကလား။

သူတို့ဟာ တရားမျှတမှု, သနားကရုဏာ, လေးနက်တဲ့မေတ္တာစိတ်တွေ ပြည့်ဝသူတွေလည်း ဖြစ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တွေးခေါ်ပညာရှင်တစ်ယောက်ရဲ့မျက်နှာ ဆိုလည်း ဒီလိုပဲ နက်ရှိုင်းတဲ့ နှာမ်ပိုင်းဆိုင်ရာ ပြတင်းပေါက်တွေကို အထင်အရှား ပြနေတတ်ပါတယ်။

ဒီမျက်လုံးအမျိုးအစားကို တခြား ထူးခြားတဲ့မျက်နှာသွင်ပြင်လက္ခဏာတွေနှင့် တွဲယှဉ်လေ့လာပြီး၊ 'လက်တွေ့မကျမှုတွေ ရှိသလား။ ဘယ်လိုကွဲပြားနိုင်သလဲ'ဆိုတာ သုံးသပ်ရပါလိမ့်မယ်။ ဥပမာ အတွင်းနက်မျက်လုံးတွေနှင့် ၄ ထောင့်မေးရိုး သို့မဟုတ် ပိုင်းစက်တဲ့ မေးရိုးရှိတဲ့လူတွေဟာ ပိုပြီး လက်တွေ့ကျတတ်သူတွေ ဖြစ်တာမျိုး။

စီးပွားရေးရှုထောင့်ကပြောရင် နက်ဝင်နေတဲ့ မျက်လုံးတွေရှိတဲ့ လူရွယ်တစ်ယောက်ဟာ ကိုယ့်အတွက် အပြုသဘောဆောင်ပြီး အကျိုးပြုနိုင်မယ် ဆိုရမှာပါပဲ။

ဟိုပြေးဒီပြေးကစားလို့ ဂနာမငြိမ်တဲ့မျက်လုံး၊ ကိုယ့်ကို တိုက်ရိုက်မကြည့်ဘဲ လွှဲရှောင်နေတဲ့ မျက်လုံးတွေဟာ သူ့အတွင်းစိတ်ကို ဖုံးကွယ်ဖို့ ကြိုးစားနေတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ရှက်တတ် ကြောက်တတ်တဲ့အတွက် ရင်မဆိုင်ဝံ့တဲ့သူတွေမှာလည်း ဒီလို မျက်လုံးမျိုး ရှိတတ်လေရဲ့။

ဒီနေရာမှာ 'အကြည့်'တွေကို ခွဲခြားသိနိုင်ဖို့ အရေးကြီးပါတယ်။ 'အကြည့်'တွေကို မြင်ဖန်များလို့ လေ့ကျင့်သားရလာရင် တစ်ဘက်လူရဲ့ လျှပ်တစ်ပြက်ရုပ်ပုံလွှာ၊ စရိုက်လက္ခဏာတွေကို အတိအကျဖော်ထုတ်နိုင်တာ အလွယ်တကူ တွေ့ရပါလိမ့်မယ်။

အကြည့်တွေရဲ့သရုပ်သကန်နှင့် အနက်အဓိပ္ပာယ်တွေကလည်း အမျိုးမျိုး ရှိပါတယ်။ တချို့အကြည့်တွေက အေးစက်ပြီး ချစ်ခင်နှစ်လိုဖွယ် အကြည့်၊ ဒေါသနှင့်ကြည့်တဲ့ အကြည့်၊ ဖျော့တော့အားနည်းတဲ့ အကြည့်၊ စူးရဲအားကောင်းတဲ့ အကြည့်။





တင့်တယ်လှပဆွဲဆောင်မှုရှိတဲ့ မျက်နှာပဲ ဖြစ်ပါစေ။ အကြည့်မကောင်းရင် ပျက်စီးသွားတော့တာပါပဲ။ ချောမောပြီး ညှို့အားကောင်းတဲ့ မျက်နှာတစ်ခုဟာလည်း တင်းတင်းမာမာနှင့် အသက်မပါတဲ့ မျက်လုံး၊ ခက်ထန်ပြီး ကြမ်းကြုတ်ရက်စက်တဲ့ အကြည့်တွေ ရှိနေရင် ဘယ်လိုမှ လှမှာ မဟုတ်တော့ပါဘူး။

ကိုယ့်ရှေ့မှာ တွေ့နေရတဲ့လူတွေရဲ့ အကျင့်စရိုက်ကို သူတို့ရဲ့မျက်လုံးအကြည့်တွေကနေ ချိန်ဆတွက်ချက် အကဲဖြတ်နိုင်ပါတယ်။

တချို့လူတွေဟာ အရက်တစ်ခွက်တောင် မသောက်မူးပေမယ့် ကြည့်လိုက်ရင် မူးနေတယ်လို့ ထင်ရတယ်။ သူတို့ရဲ့ မျက်ခွံတွေက မျက်လုံးပေါ်မှာ လေးလေးလံလံပိတ်နေတာကိုး။

မှတ်ထားစေချင်တာက ဆုံးဖြတ်ချက်ချရာမှာ အလောတကြီးမနိုင်ဖို့ပါပဲ။ ဥပမာအားဖြင့် မျက်ခွံတွေလေးလံနေတာဟာ ညက အိပ်ရေးပျက်လို့လည်း ဖြစ်နိုင်ပါတယ်။ အိပ်ချင်မူးတူးဖြစ်နေတဲ့ မျက်လုံး၊ အရက်မူးသမားရဲ့ အကြည့်မျိုးဟာ ယောကျ်ားတွေရော မိန်းမတွေမှာပါ ရှိနိုင်ပါတယ်။

ရမ္မက်စိတ်ကြွနေတဲ့အခါမှာ မျက်လုံးတွေက စင်းနေတတ်ပြီး၊ နှုတ်ခမ်းတွေက ထူအမ်းကာ ပွင့်ဟနေတတ်ပါတယ်။ ဒီအမူအရာဟာ ပျင်းရိနေချိန်မှာလည်း ပေါ်လေ့ရှိတာကို သတိပြုဖို့ လိုပါတယ်။ ကံဆိုးမိုးမှောင်ကျနေတာနှင့် ဝမ်းနည်းကြေကွဲနေတဲ့ အခိုက်မျိုးမှာလည်း အဲ့ဒီအကြည့်မျိုးရှိတတ်တာ တွေ့ရမှာပါ။ အလုပ်လုပ်ရတာ စိတ်မပါသူတွေမှာလည်း ဒီအသွင်လက္ခဏာမျိုး ပေါ်တတ်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သေးငယ်တဲ့မျက်လုံးတွေနှင့် အေးစက်မာကြောပြီး စူးရှအရောင်လက်နေတဲ့ မျက်လုံးတွေကတော့ ရက်စက်မှုကို ဖော်ကျူးနေပါတယ်။

အဲ့ဒီလူဟာ တခြားအသွင်အပြင်တွေဖြစ်တဲ့ ချွန်ပြီး ကောက်နေတဲ့ နှာခေါင်း, ၄ထောင့်စပ် မျက်နှာ, တင်းတင်းစေ့ပိတ်ထားတဲ့ ပါးစပ်တွေ ပါရှိမယ်ဆိုရင်၊ တကယ့်ကိုရက်စက်မှာ သေချာတယ် ဆိုရမှာပါပဲ။ စိတ်ပိုင်းကောက်ကျစ်ရုံသာမက ကိုယ်ထိလက်ရောက် ရက်ရက်စက်စက် လုပ်မယ်လို့တောင် ယူဆရပါတယ်။

ဒါဟာ ရက်စက်မှုရဲ့ ပြယုဂ်အဖြစ် ပေါင်းစပ်ထားတဲ့ လက္ခဏာတွေပဲ ဖြစ်နေပါတယ်။ မေးရိုးပါးရိုးကြီးတွေပါ ထင်းနေရင် ပိုဆိုးပါလိမ့်မယ်။

မျက်လုံးအကြည့်တွေနှင့် သူ့နောက်ကွယ်က စိတ်ရဲ့သရုပ်တွေဟာ တစ်ခါတလေ စကားလုံးနှင့် ဖော်ပြနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒါတွေကို လေ့လာမှတ်သားဖို့ အချိန်အကြာကြီး ယူစရာလည်း မလိုပါဘူး။ စင်စစ်တော့ အခြေအနေမျိုးစုံအရ လူတွေနှင့် တွေ့ချိန်မှာ ပင်ကိုဉာဏ်ဖြင့် သိသာနိုင်ပါတယ်။

မျက်လုံးအရောင်ဟာလည်း စရိုက်သဘာဝကို အကဲဖြတ်ရာမှာမှာ အရေးပါတဲ့ အချက်တစ်ခုပါပဲ။

အပြာရင့်ရောင်မျက်လုံးတွေက သိမ်မွေ့မှု, ဉာဏ်ထက်မှုကို ပြသလို၊ ရာဂများတဲ့သဘောလည်း ဆောင်ပါတယ်။

အပြာနုရောင်မျက်လုံးတွေကတော့ ဆန့်ကျင်ဘက်လိင်ကို မြူဆွယ်ရတာကို မွေ့လျော်သူအဖြစ် သိသာပါတယ်။





အစိမ်းရင့်ရောင်ကတော့ မျက်လုံးပြာတွေနှင့် နီးနွယ်ပြီး၊ စွမ်းအားကြီးမားရုံသာမက တီထွင်ဖန်တီးနိုင်စွမ်း ရှိပါတယ်။ မျက်လုံးစိမ်းတွေရဲ့ နဂိုစိတ်ရင်းနှင့် ဆန္ဒစိတ်တွေကို နားလည်ဖို့တော့ အချိန်အများကြီး ယူရပါလိမ့်မယ်။ ပါရမီရှင် အမျိုးသား, အမျိုးသမီးတွေမှာ ရံဖန်ရံခါ ဆိုသလို ဒီမျက်လုံးစိမ်းမျိုး ရှိတတ်ပါတယ်။ အစိမ်းရောင်မျက်လုံးပိုင်ရှင်တွေဟာ ပညာရည်ကျွမ်းကျင်မှုကို ထက်မြက်အောင်လေ့ကျင့်ဖို့ လိုအပ်ပါတယ်။


အညိုရောင်မျက်လုံးတွေက ပညာဉာဏ်မြင့်မားမှု, စိတ်ကူးဉာဏ်ကောင်းမွန်မှုရဲ့ သင်္ကေတ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ပြင်းပြတဲ့ဆန္ဒကို သိပ်မပြတတ်ပါဘူး။ သူတို့ဟာ အပြစ်ရှာတတ်ခြင်းနှင့်အတူ၊ အညစ်အကြေးကင်းပြီး ရှင်းသန့်တဲ့စိတ်ဓာတ် ရှိသူတွေပါပဲ။

အနက်စစ်စစ်မျက်လုံး ဆိုတာကတော့ ရှားပါးတယ်။ အမှတ်မထင် ဆုံတွေ့တဲ့အခါမှာလည်း ရိုက်ခတ်မှုက ပြင်းထန်ပါတယ်။ သူတို့ဟာ အားကောင်းတဲ့ ဗီဇသဘာဝရှိသူတွေ ဖြစ်ပြီး၊ စင်းလုံးချောကောင်းမွန်မှုတော့ အမြဲ မပြတတ်ပါဘူး။ မျက်လုံးအနက်ရောင်သမားတွေနှင့် အတူနေထိုင်လုပ်ကိုင်ဖို့အတွက်လည်း အရေထူရပါလိမ့်မယ်။ သင့်ဘဝမှာ အနက်ရောင်မျက်လုံးပိုင်ရှင်တစ်ယောက်နှင့် လက်တွဲဖော် လုပ်မယ်ဆိုရင်တော့ ဗျာများရဖို့ ရှိပါတယ်။

❖

www.burmeseclassic.com









# အခန်း ၈

မျက်ခုံးများ

ထူသောမျက်ခုံး

ပါးသောမျက်ခုံး

အပြားကြီးသောမျက်ခုံး

နီးကပ်သောမျက်ခုံး

စုဖွာနေတဲ့ မျက်ခုံး

ထိဆက်နေတဲ့မျက်ခုံး

လေးကိုင်းသဏ္ဍာန်မျက်ခုံး

မြင့်တဲ့မျက်ခုံး

မျက်လုံးနှင့် ကပ်နေတဲ့မျက်ခုံး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com









## မျက်ခုံးများ

### ထူသောမျက်ခုံး

ထူထဲတဲ့မျက်ခုံးတွေဟာ အားမာန်ပြည့်ဝတဲ့သဘာဝရဲ့ ပြယုဂ်ပါပဲ။ မျက်ခုံးထူတဲ့လူတွေဟာ ယေဘုယျအားဖြင့် စိတ်ဓာတ်မြင့်မားတဲ့လူတွေ ဖြစ်ပါတယ်။ သူတို့က လက်တွေ့ဆန်တယ်။ အမှန်တရားကို ကြိုက်တယ်။ လွတ်လွတ်လပ်လပ် နေကြတယ်။

မျက်ခုံးအရောင်က ဆံပင်အရောင်ထက် နက်ရင်, ရင့်ရင် ခံစားချက်ပြင်းထန်တဲ့လူလို့ ဆိုရပါမယ်။

### ပါးသောမျက်ခုံး

မျက်ခုံးပါးပြီး အရောင်ဖျော့တဲ့လူတွေဟာ စဉ်းစားဉာဏ် နည်းတယ်။ ပူပင်ကြောင့်ကြမှုကင်းအောင် နေတတ်တယ်။ သူတို့ မျက်ခုံးက ဆံပင်အရောင်ထက် ပိုပြီးနက်မှောင်တယ်ဆိုရင် ကျန်းမာရေး ညံ့တဲ့ လက္ခဏာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အပြားကြီးသောမျက်ခုံး

မျက်ခုံးမွေးအပြားကြီးတာက သဘောထားကြီးကြောင်း ပြနေပါတယ်။ သူတို့ဟာ လူတစ်ဘက်သားကို သံသယမဝင်တတ်သလို ပြစ်တင်ဝေဖန်မှုတွေလည်း မလုပ်တတ်ပါဘူး။ ထုံးစံအတိုင်းဆိုရင် သူတို့ဟာ ခင်မင်စရာကောင်းပြီး အဆင်ပြေပြေပေါင်းလို့ ရသူတွေပါပဲ။

## နီးကပ်နေသောမျက်ခုံး

လူတစ်ယောက်ရဲ့ ဘယ်ညာမျက်ခုံးတွေဟာ ထိလုနီးပါး ကပ်ပေါက်နေတယ် ဆိုရင် သူဟာ ထက်မြက်တဲ့အမြင်ရှိပြီး ဝေဖန်တတ်သူ ဖြစ်နိုင်ပါတယ်။ သူက အသေးစိတ်မှု, တိကျမှုကို ကြိုက်ပါတယ်။ ဒီလူစားက အရာခပ်သိမ်းကို သူသတ်မှတ်တဲ့ စံချိန်စံညွှန်းအရ ကောင်းမွန်တာ လိုချင်သူပဲလေ။

## စုတ္တာနေတဲ့မျက်ခုံး

ဒီမျက်ခုံးတွေက ဖိုသဘာဝရဲ့သင်္ကေတပဲ ဖြစ်ပါတယ်။ သူတို့ဟာ ဒေါသစိတ်မထိန်းနိုင်သူလို့ ပြောရမှာပါပဲ။ သူတို့ဟာ တည်ငြိမ်မှုမရှိတာများပြီး၊ စိတ်အပြောင်းအလဲလည်း မြန်တတ်ပါတယ်။

## ထိဆက်နေတဲ့မျက်ခုံး

မျက်ခုံး ၂ဖက်ဟာ နှာတံဘေးက ထိဆက်နေကြပြီ ဆိုပါစို့။ ဒါဆိုရင် 'မနာလိုဝန်တိုစိတ်ရှိတဲ့သူပဲ' လို့သာ မှတ်လိုက်ပါ။ ဒီလူတွေက တစ်ဘက်သားကို မယုံသင်္ကာစိတ် အမြဲရှိတယ်၊ ခေါင်းမာတယ်။ အမိန့်အာဏာ သုံးချင်တယ်။





## လေးကိုင်းသဏ္ဍာန်မျက်ခုံး

သူတို့ကျတော့ ရင်ခုန် စိတ်လှုပ်ရှားရတာကို နှစ်သက်နေကျ။ သူတို့ မိတ်ဆွေ အပေါင်းအသင်းတွေ အံ့သြငေးမောအောင်လုပ်ရတာလည်း ကြိုက်တယ်။ သူတို့နှင့် မရင်းနှီးတဲ့လူတွေတောင် ရုတ်တရက် အံ့အားသင့်သွားရတဲ့အထိ ဖန်တီးတတ်ကြတယ်။

## မြင့်တဲ့မျက်ခုံး

မျက်လုံးနှင့် အတော်အလှမ်းကွာပြီး မြင့်တက်နေတဲ့မျက်ခုံးပိုင်ရှင်တွေကတော့ လူတကာထက် သာရမှ အရသာတွေ့တဲ့ လူတွေပေါ့။ သူတို့ဟာ အခွင့်အရေးရရင် ရသလို လူအများကို ကြောရအောင် လုပ်တက်ကြတယ်။ သူတို့ရဲ့အပြုအမူတွေ, စကားအသုံးအနှုန်းတွေက အထင်သေးအမြင်သေးနှင့် ရိုင်းပျနေမှာပါပဲ။

## မျက်လုံးနှင့် ကပ်နေတဲ့မျက်ခုံး

မျက်ခုံးက မျက်လုံးနှား ကပ်နေသူတွေဟာ တွေ့သမျှလူကို မိတ်ဆွေဖွဲ့ရတာ ဝါသနာပါတယ်။ တစ်ဘက်က သူတို့ပုံစံအတိုင်း ဆက်ဆံလာရင်လည်း လိုလိုလားလား လက်ခံတတ်ကြလေရဲ့။ သူတို့ဘက်က ရပ်တည်မှုဒီလို အခြေမခိုင်တဲ့အတွက် တစ်ခါတလေမှာ ဆိုးကျိုးတွေ ခံစားရတတ်ပါတယ်။


❖



www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com



# အခန်း ၉


ပုံမှန်နှုတ်ခမ်း
အပြုသဘောဆောင်တဲ့နှုတ်ခမ်း
ပုံစံကျနကိုလှ နှုတ်ခမ်း
အတွေးအကြံရှင့်တဲ့ နှုတ်ခမ်း
ပညာရှင်နှုတ်ခမ်း
ယုံကြည်လွယ်တဲ့ နှုတ်ခမ်း
ပြည့်ဝတဲ့နှုတ်ခမ်း
အောက်သို့စိုက်ကျနေတဲ့ နှုတ်ခမ်း
ပီတိနှုတ်ခမ်း
လူပျော်တို့ရဲ့နှုတ်ခမ်း
တွေးခေါ်ရှင်များနှုတ်ခမ်း
ပါးပါးလေးနှုတ်ခမ်း
ပြုံးပြုံးလေးနှုတ်ခမ်း
မှတ်မိလောက်တဲ့ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# နှုတ်ခမ်း

## ပုံမှန်နှုတ်ခမ်း

သမရိုးကျရှိကြတဲ့ ပုံမှန်နှုတ်ခမ်း ၂ မျိုး ရှိပါတယ်။

၁-ထောင်လိုက်ကွေးနေတဲ့နှုတ်ခမ်း၊

၂-ခပ်ပြေပြေလေး စောင်းစင်းသွားတဲ့နှုတ်ခမ်း တွေပါပဲ။

ထောင်လိုက်ကွေးနေတဲ့ နှုတ်ခမ်းပိုင်ရှင်တွေက ပုံမှန်စိတ်လှုပ်ရှားမှုနှင့် တုံ့ပြန်မှုတွေပဲ ရှိပြီး၊ ရိုးရိုး သာမန်သဘာဝစရိုက်က ထူး မထွက်ပါဘူး။

ခပ်ပြေပြေစောင်းစင်းတဲ့ နှုတ်ခမ်းပိုင်ရှင်တွေကတော့ တာဝန်ယူနိုင်ပြီး၊ တိတိကျကျလုပ်တတ်ကြပါတယ်။ သူတို့ဟာ တစ်ဘက်လူနားဝင်အောင်လည်း ပြောနိုင်ကြတာ အမြဲတမ်းလိုလိုပါပဲ။

## အပြုံးသဘောဆောင်တဲ့နှုတ်ခမ်း

ဒီပုံစံမှာ အပေါ်နှုတ်ခမ်းက အောက်နှုတ်ခမ်းထက် ပါးလျပြီး နှုတ်ခမ်း ၂လွှာကြားမှာ ပိပိရိရိလေး စပ်ကြောင်းထင်နေပါလိမ့်မယ်။ ဒီနှုတ်ခမ်းမျိုးကို ရည်ရွယ်ချက်ပန်းတိုင်ရှိပြီး အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်သူတွေ ပိုင်ဆိုင်လေ့ရှိပါတယ်။

ပန်းရှုပြည် တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ပုံစံကျနဂိုလှ နှုတ်ခမ်း

ဒီနှုတ်ခမ်းမျိုးကို 'မိန်းမနှုတ်ခမ်း' လို့လည်း ခေါ်ကြပါတယ်။ အပေါ်နှုတ်ခမ်းဟာ ဖောင်းဖောင်းအိအိလေး လှပနေပြီး၊ အောက်နှုတ်ခမ်းကတော့ ခပ်တွဲတွဲလေး ဖြစ်နေတယ်ပေါ့။ နှုတ်ခမ်း ၂ချပ်ပေါင်းလိုက်ရင် ရိုးရိုးလေးနှင့် ချစ်စရာကောင်းသွားတာမျိုး။

## အတွေ့အကြုံရင့်တဲ့ နှုတ်ခမ်း

နှုတ်ခမ်း ၂လွှာစလုံး အောက်ဘက်ကို ကွေးညွတ်နေကြပေမယ့်၊ မဲ့နေတာတော့ မဟုတ်ပါဘူး။ သူတို့ကွေးနေပုံက ပညာဗဟုသုတကြွယ်ဝများပြားမှုကို ဖော်ညွှန်းပြသနေတာပါ။ အသိဉာဏ်တွေ တစ်ပုံကြီးရှိတာကိုလည်း ဒီနှုတ်ခမ်းတွေက သတင်းပေးဖော်ပြနေလေရဲ့။

## ပညာရှင်နှုတ်ခမ်း

အဲ့ဒီနှုတ်ခမ်းမျိုးကတော့ စိတ်ရှည်ပြီး သဘောထားပြည့်ဝမှုရဲ့ သရုပ်ပါပဲ။ ဒီနှုတ်ခမ်းပိုင်ရှင်တွေဟာ အတွေ့အကြုံရင့်ကျက်ပြီး၊ တစ်ဘက်သားရဲ့ မထီလေးစား စော်ကားမှုနှင့် ချွတ်ယွင်းချက်တွေကို သီးခံခွင့်လွှတ်တတ်ကြပါတယ်။

## ယုံကြည်လွယ်သောနှုတ်ခမ်း

ဒီနှုတ်ခမ်းက ဟ,ထားရင် အပေါ်သွားတွေကို အဖွေးသား မြင်ရပါလိမ့်မယ်။ နှုတ်ခမ်း ၂လွှာစလုံးက အထု,အပါး ညီပြီး၊ အရှည်အလျားကလည်း ကြည့်ကောင်းရုံလေးပါပဲ။ ဒီနှုတ်ခမ်းပိုင်ရှင်တွေရဲ့ စိတ်ဓာတ်က နွေးထွေးလိုက်လှဲမှု ရှိပါတယ်။





## ပြည့်ဝတဲ့နှုတ်ခမ်း

နှုတ်ခမ်းသားတွေ ပြည့်ပြည့်ဖောင်းဖောင်းမှာ ပုံကျသူတွေကတော့ နှုတ်ခမ်းလှရုံတင်မကဘဲ၊ သဒ္ဓါရက်ရောမှုလည်း ပြည့်နေတာပေါ့။ သူတို့ဟာ ကြက်ခေါင်းဆိတ်မခံ ခွန်းတုံ့ပြန်တတ်သလို ကြင်နာမှုလည်း ပြနေပါတယ်။ ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး လူသားဆန်တဲ့ နှုတ်ခမ်းပိုင်ရှင်တွေ ဆိုပါတော့။

## အောက်သို့စိုက်ကျနေတဲ့ နှုတ်ခမ်း

သူတို့ကတော့ စိတ်ဓာတ်ကျမှုနှင့် အဆိုးမြင် စိတ်ဓာတ်ရှိတဲ့ လူတွေရဲ့ သင်္ကေတပါပဲ။ ဒါပေမယ့် ဒီလူတွေဟာ အများအားဖြင့် သနားတတ်ပြီး၊ စိတ်ကောင်း ရှိတတ်ကြပါတယ်။

## ပီတိနှုတ်ခမ်း

အောင်မြင်သူတွေရဲ့ နှုတ်ခမ်းပဲပေါ့။ သူတို့က ညွှန်ကြားချက်တွေ ထုတ်တယ်။ သူတို့ကို ဆရာလုပ်ရင်တော့ မနာခံချင်ဘူး။ ဘဝထိပ်တန်းကို တက်လှမ်းကြသူတွေမှာ ဒီနှုတ်ခမ်းမျိုး ရှိကြစမြဲပါ။

## လူပျော်တို့ရဲ့နှုတ်ခမ်း

ပျော်ပျော်နေတတ်သူတွေရဲ့ နှုတ်ခမ်းဟာ ခံစားချက် ပြင်းထန်မှုလည်း ရှိပါတယ်။ ဒီလူတွေက သူတို့ခံစားချက်ကို ဖုံးကွယ်ထားဖို့ ဘယ်တော့မှ မရှက်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



### တွေးခေါ်ရှင်များနှုတ်ခမ်း

ထူထဲပေမယ့် ပုံစံကျပြီး ကြည့်လို့ကောင်းတဲ့ နှုတ်ခမ်းတွေက အောင်မြင်မှုနှင့် ပြည့်စုံမှုကို ဖော်ပြနေပါတယ်။ နှုတ်ခမ်း ၂လွှာစလုံး ထူပုံတူနေတာဟာ အမ်မိန့်သြဇာပေးတတ်တဲ့ သဘာဝကို ဆောင်ယူပါတယ်။

### ပါးပါးလေးနှုတ်ခမ်း

ပါးလွှာပြီး စေ့စေ့တင်းနေတဲ့ နှုတ်ခမ်းတွေက အတ္တဗဟိုပြုလို့တစ် ကိုယ်ကောင်းဆန်မှုရဲ့ သင်္ကေတပါပဲ။ သူတို့တွေက သူတို့စိတ်ဝင်စား တာကလွဲလို့ ကျန်တာတွေကို အရေးမထားပါဘူး။ တချို့နှုတ်ခမ်းတွေ ဟာ တင်းတင်းစေ့ထားရာက သူတို့ရဲ့ အင်အားချည့်နဲ့မှုကို ဖော်ဆောင် နေတတ်ပါတယ်။

### ပြုံးပြုံးလေးနှုတ်ခမ်း

နှုတ်ခမ်းအစုံက ပြုံးယောင်သမ်းနေတဲ့အပြင် ဖော်ရွေရက်ရောမှုပါပေါ်လွင်နေပါတယ်။ ဒီလူတွေက တစ်ဘက်သားကို ကူညီဖို့ အမြဲအသင့်ရှိနေတဲ့ လူစားမျိုးပါပဲ။ တခြားလူကို ကူညီရင်းက ကြည်နူးပီတိတွေအပြည့်နှင့် စိတ်ချမ်းသာမှု ရှာကြတယ်ပေါ့။

### မှတ်မိလောက်တဲ့နှုတ်ခမ်း

ဒီနှုတ်ခမ်းတွေကတော့ တစ်ခါတွေ့ရုံနှင့် မှတ်မိလောက်အောင်ကြည့်ကောင်းတဲ့ပုံစံ, ဆွဲငင်အား ပြည့်ဝပါတယ်။ နှုတ်ခမ်းပိုင်ရှင်ဟာ အဘက် ဘက်က ပြည့်စုံသူအဖြစ် ညွှန်ပြနေပါတယ်။

V



BURMESE CLASSIC .com



## အခန်း ၁၀

### နှာခေါင်း

တုံးတဲ့နှာခေါင်း

သေးတဲ့နှာခေါင်း

ကောက်တဲ့နှာခေါင်း

ပုတိုတဲ့နှာခေါင်း

အဖျားကောက်တဲ့နှာခေါင်း

ပီပြင်တဲ့နှာခေါင်း

သာမန်နှာခေါင်း

မိန်းမဆန်တဲ့နှာခေါင်း


သိန်းငှက်ဆန်တဲ့နှာခေါင်း

ကြီးမားတဲ့နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com









## နှာခေါင်း

နှာခေါင်းက တယ် ယောက်ျားပီသတာပဲ။

နှာခေါင်းဆိုတာလည်း ရုပ်ကြည့်ဗေဒ မျက်နှာဖတ်တဲ့ပညာမှာ ထူးထူးခြားခြားကို အရေးပါလှပါတယ်။

တိုတာ၊ တုတ်တာ၊ ရှည်တာ၊ ချွန်တာ စတဲ့ နှာခေါင်းပုံစံတွေဟာ လူတစ်ယောက်ရဲ့ ဥပမိရုပ်ကို ဖော်ဆောင်တာနှင့်အမျှ၊ အကျင့်စရိုက်တွေကိုပါ တစ်ပုံတစ်ပင်ကြီး သိသာစေတာ အမှန်ပါပဲ။

### တုံးတဲ့နှာခေါင်း

နှာခေါင်းကကြီးမားပြီး ထိပ်မှာလည်း ဘုထွက်သလို ဖြစ်နေမယ်ဆိုရင်၊ ဒီလူဟာ သာမန်လူတွေလို ပုံစံကျတယ်လို့ မဆိုနိုင်တော့ပါဘူး။ သူကိုယ် သူပဲ ယုံကြည်ပြီး တခြားလူတွေကို ချဉ်းကပ်ရာမှာ ရဲရဲတင်းတင်း ကြမ်းကြမ်းတမ်းတမ်းနိုင်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သေးတဲ့နှာခေါင်း

နှာခေါင်းသေးငယ်တဲ့ လူတွေဟာ အကျင့်စာရိတ္တ ချွတ်ယွင်းမယ်လို့ ဆိုပါတယ်။ ဆုံးဖြတ်ချက်တွေ မခိုင်မာသလို၊ အားကိုးလောက်စရာလည်း မရှိပါဘူး။ သူတို့ဟာ ဘာကိုမှ အလေးအနက်မထားတတ်တော့ သူတို့ လုပ်သာလုပ်တယ်၊ ပြီးမြောက်အောင်မြင်ဖို့ မလွယ်တဲ့ လူစားတွေပါပဲ။

## ကောက်တဲ့နှာခေါင်း

နှာခေါင်းကောက်တဲ့ လူတွေဟာ သူတို့လိုရာ ပန်းတိုင်ကို အရယူ၊ အရောက်သွားဖို့ စိတ်ဓာတ်ပြင်းပြတဲ့ လူတွေပါပဲ။ ဒီလူမျိုးက သူတို့ စွန့်စားမှုတွေမှာ အောင်မြင်နေကျ ဖြစ်ပါသတဲ့။

## ပုတိုတဲ့နှာခေါင်း

ဒီနှာခေါင်းမျိုးကတော့ သူ့ပိုင်ရှင်ဟာ သနား မညှာတတ်သူအဖြစ် စွဲချက်တင်ခံရမှာပါပဲ။ ဒါနှင့်အမျှ ရင့်ကျက်မှု မရှိဘူးလို့လည်း ဆိုပါတယ်။

## အဖျားကောက်တဲ့နှာခေါင်း

ငှက်နှုတ်သီးလို အဖျားကောက်တဲ့ နှာခေါင်းက နှာတံဟာ ဖြောင့်ပြီးသေးပါတယ်။ အရင်းကနေ အဖျားအထိလည်း စောင်းထက်တာနှင့်အမျှ စိတ်တိုတဲ့ လူစားလို့ ပြောရမှာပေါ့။ သူတို့ဟာ တစ်ကိုယ်ကောင်းဆန်တယ်။ စိတ်လှုပ်ရှား လွယ်တယ်။ ပြီးတော့ စိတ်က ယိမ်းယိုင်ချီတုံချတုံဖြစ်တတ်ပါတယ်။





## ပီပြင်တဲ့နှာခေါင်း

အရှည်နှင့် ဖြက်က ပုံမှန်အနေတော် ဖြစ်တယ်။ ဖြောင့်စင်းချောမွတ်ပြီး အကျိုးအပဲ့ရယ်လို့ ဘယ်နေရာမှာမှ မရှိပါဘူး။ သူတို့လိုလူတွေဆီက ပုံမှန် တုံ့ပြန်ဆက်ဆံမှုကို ရရှိနိုင်ပါတယ်။ ပြည့်စုံကောင်းမွန်တဲ့ နှာခေါင်းရှင်တွေမှာ ပြည့်စုံကောင်းမွန်မှုကို တွေ့ရတာပါပဲ။ နှာခေါင်းပီပြင်လို့ လူပီပြင်တယ်လို့ ဆိုရမှာပေါ့။

## သာမန်နှာခေါင်း

ထူးခြားမှုမရှိသလို ဆွဲဆောင်မှုလည်းမရှိတဲ့ နှာခေါင်းမျိုးပါ။ 'သာမန်' ဆိုတဲ့ နာမည်နှင့်လိုက်အောင် ရိုးသားတဲ့သဘာဝရှိပြီး၊ ထူးချွန်လွန်ကဲတဲ့ အရည်အသွေးတွေ ဘာမှမရှိဘူး ဆိုပါတော့။

## မိန်းမဆန်တဲ့နှာခေါင်း

သေးငယ်ပြီး အဖျားမှာ နည်းနည်းစောင်းနေတဲ့ နှာခေါင်းရဲ့သဘာဝအရ သူ့ကို မိန်းမဆန်တယ်လို့ ယူဆကြပါတယ်။ ဒီလူတွေရဲ့ ကျင့်ကြံပြုမှုချက်တွေနှင့် ချဉ်းကပ်တဲ့ပုံစံဟာ လုံးဝ မိန်းမဆန်ပါတယ်။ သူတို့မှာ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး စိတ်လှုပ်ရှားခံစားမှုကို ပုံကြီးချဲ့တတ်တဲ့ အကျင့်တွေလည်း ကိန်းအောင်းနေတတ်တယ်ဆိုပဲ။

## သိမ်းငှက်ဆန်တဲ့နှာခေါင်း

ဒီလူတွေကတော့ ခံစားချက်ရယ်လို့ မရှိသလောက်ပါပဲ။ သူတို့ဟာ ရက်စက်ကြမ်းကြုတ်မှုဘက် အားသာတာနှင့်အမျှ ဘဝရဲ့ပျော်ရွှင်မှု၊



www.burmeseclassic.com

www.burmeseclassic.com




ဘဝရဲ့ ချိုမြိန်တဲ့ရသလည်း မရကြပါဘူး။ သူတို့မှာ မကောင်းတဲ့ စိတ် ရိုင်းစိတ်ညစ်တွေသာ အစဉ် လွှမ်းမိုးနေလေ့ ရှိပါတယ်။

**ကြီးမားတဲ့နာခေါင်း**

နှာခေါင်းကြီးတာဟာ ဦးဆောင်နိုင်စွမ်းနှင့် မောင်းနှင်အား ရှိကြောင်း ဖော်ညွှန်းပြနေပါတယ်။ ပုံစံကျယ်ပြီး ကြီးမားတဲ့နှာခေါင်းဟာ စိတ်ဓာတ် ခိုင်ကျည်ပြီး၊ .စာရိတ္တကောင်းတဲ့ အမိပ္ပာယ်ပါပဲ။ ဒီလူစားမျိုးဟာ ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် လူအသိုင်းအဝိုင်းမှာ ထင်ပေါ်ပါ တယ်။ သူတို့ပေးတဲ့ အတွေးအကြံတွေဟာ ရှင်းလင်းပြတ်သားပြီး တို ရှင်းလိုရင်းတွေပဲပေါ့။

❖







# အခန်း ၁၁

နှာရွက်များ

သေးငယ်သောနှာရွက်

ချွန်တဲ့နှာရွက်

နှာရွက်ဝိုင်း

အမွှေးပေါက်တဲ့နှာရွက်

နှာရွက်ကားသူ

နှာရွက်ပြားသူ



www.burmeseclassic.com

www.burmeseclassic.com







## နားရွက်များ

### သေးငယ်သောနားရွက်

နားရွက်သေးတဲ့လူတွေဟာ အသည်းအသန် အားထုတ်ကြိုးပမ်းပြီးမှ ပန်းတိုင်ကို ရောက်နိုင်ကြပါတယ်။ သူတို့ရဲ့အပြစ်က မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းတာပါပဲ။

### ချွန်တဲ့နားရွက်

နားရွက်ချွန်တဲ့ လူတွေကျတော့ မာရေကျောရေနိုင်သလောက်၊ ဆက်ဆံရေး မပြေလည်တတ်ပါဘူး။ သူတို့အတွက် ရွေးချယ်ခွင့် မရှိတော့ဘူးဆိုမှ သူတို့ရပ်တည်တဲ့ပုံစံကို ပြောင်းတတ်ပါတယ်။

### နားရွက်ဝိုင်း

နားရွက်ဝိုင်းတဲ့လူတွေက လူချမ်းသာတွေ ဖြစ်ပါတယ်။ ဝိုင်းသော နားရွက်များက ရုပ်ဝတ္ထုတွေ ပိုင်ဆိုင်ရတာကို နှစ်သက်မြတ်နိုး တတ်သော ရဲ့။

ယန်းရှုပြည် တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



### အမွေးပေါက်တဲ့နားရွက်

နားထဲမှာ အမွေးတွေပေါက်နေရင်၊ ဒါမှမဟုတ် နားပေါက်ဝမှာ အမွေးတွေပေါက်နေတဲ့ နားရွက်ပိုင်ရှင်ဟာ ကြိုးစားပမ်းစားလုပ်ဖို့လိုသူ ဖြစ်ပေမယ့်၊ သိပ် အာရုံစိုက်စရာမလိုတဲ့ အလုပ်တွေကို လုပ်နိုင်စွမ်း ရှိပါတယ်။

### နားရွက်ကားသူ

ကားတဲ့နားရွက်တွေက ဒီလူဟာ ရည်မှန်းချက်အောင်မြင်ဖို့ အတော်လေး အားထုတ်ရပါတယ်။ သူဟာ သူ့နယ်ပယ်နှင့် သူ ပါရဂူမြောက်တဲ့ ကျွမ်းကျင်မှုတွေ ရှိထားတဲ့ လူပါပဲ။

### နားရွက်ပြားသူ

နားရွက်ပြားတဲ့ လူတွေဟာ မိသားစုကို အလွန်ခင်တွယ်ပြီး၊ ဂရုတစိုက်စောင့်ရှောက်တတ်တဲ့ သဘာဝ ရှိပါတယ်။

❖





## အခန်း ၁၂

မေးရိုးနှင့်မေးစေ့

ငေါထွက်နေတဲ့မေးစေ့

၄ ထောင့်ကျမေးရိုး

သာမန်မေးရိုး

၂ ဘက် ညီမျှတဲ့မေးရိုး

ပျောက်နေတဲ့မေးရိုး

ကြည့်ကောင်းတဲ့မေးရိုး



www.burmeseclassic.com

www.burmeseclassic.com



## မေးရိုးနှင့် မေးစေ့

မေးရိုးနှင့် မေးစေ့ဟာ အင်္ဂါရပ်တစ်စုံအနေဖြင့် တွဲဆက်လျက်ရှိပါတယ်။

မေးရိုး, မေးစေ့ပုံစံက လူတစ်ယောက်ရဲ့အကျင့်စရိုက်ကို ပြောပြနိုင်ပါတယ်။

ထို့အတူပဲ မေးရိုးကျပုံအရ သက်လုံကောင်း, မကောင်း၊ ခံနိုင်ရည်ရှိ, မရှိ ဆန်းစစ်လို့ ရတာပါပဲ။

မေးစေ့ကိုကြည့်ရုံဖြင့် သူဟာ ခေါင်းမာသူလား, လိုက်လျောတတ်သူလား ဆိုတာ အလွယ်တကူ သိနိုင်တာမျိုးပေါ့။

မေးရိုးကြီးတွေ ကြီးထွားသန်မာသူတွေဟာ ခက်ထန်တင်းမာတတ်တာ တွေ့ရပါတယ်။

မေးရိုးနှင့် တခြားလက္ခဏာတွေ လိုက်ဖက်ညီမျှနေရုံ နှင့်လည်း တယူသန်တစောက်ကန်း၊ ဒါမှမဟုတ် တခြားလူတွေရဲ့ သဘောထားအယူအဆနောက် အလွယ်တကူ ယိမ်းယိုင်ပါသွားသူလို့ ချက်ချင်း မဆုံးဖြတ်လိုက်ပါနှင့်။

မေးစေ့ဟာ ၄ ထောင့်ပဲကျကျ, ဝိုင်းချင်ဝိုင်း, ပြေပြေပြစ်ပြစ်ပြည့်ဝန်းမယ် ဆိုပါတော့။ ဒီပုံစံမျိုးကတော့ ဘဝရဲ့နှောင်းပိုင်း အသက်



www.burmeseclassic.com

www.burmeseclassic.com



၆၀ ကျော် ၇၀နှစ်များမှာ ကံကောင်းပြီး သာယာကြည်နူးမှု ရတတ်တယ် ဆိုရမှာပါပဲ။

'ငေါထွက်နေတဲ့ မေးစေ့'ဟာ ဆုံးဖြတ်ချက် ပြတ်သားသလို၊ လွတ်လွတ်လပ်လပ်နေချင်စိတ် ပြင်းထန်တဲ့ လူစားပါ။

အားနည်းတဲ့၊ တစ်နည်းပြောရရင် ခွက်ဝင်နေတဲ့ မေးစေ့ကတော့ စိတ်ပျော့ညံ့မှုကို ပြပါတယ်။

မေးရိုးကြောင်းက နားရွက်နောက်ပိုင်းကို ရောက်နေရင် သူ့ပိုင်ရှင်ဟာ ဆုံးရှုံးမှုကို မကြိုက်ဘဲ၊ ဆန့်ကျင်မှုမရှိမှ ခရီး တွင်နိုင်ပါလိမ့်မယ်။

## ငေါထွက်နေတဲ့မေးစေ့

မေးရိုးနှင့် မေးစေ့ငေါထွက်နေတဲ့လူဟာ ဦးစားပေးခံရ၊ အကြောရတာကို ကြိုက်ပါတယ်။ တစ်နည်းပြောရရင် တခြားလူတွေရဲ့ အထင်အမြင်ကိုလက်မခံဘဲ သူ့အကြံ သူ့အတွေးတွေသာ အကောင်းဆုံးလို့ ယူဆတယ် ဆိုပါတော့။

## ၄ ထောင့်ကျမေးရိုး

မေးရိုး ၄ ထောင့်သမားတွေကတော့ ဆုံးဖြတ်ချက် ခိုင်မာတယ်။ စွမ်းအား ရှိတယ်။ သူတို့ရဲ့ စိတ်ကူးအိပ်မက်တွေ မှန်လာအောင် အကောင်အထည်ဖော်နိုင်တယ်။

## သာမန်မေးရိုး

သာမန်မေးရိုးရှိတဲ့ လူတွေဟာ တစ်ဘက်သားရဲ့အာရုံစိုက်မှုကို ရယူမယ့်လူမျိုး မဟုတ်ပါဘူး။ သူတို့ဟာ သဘာဝကို မဆန့်ကျင်တတ်





ပါဘူး။ ဒီလိုပုဂ္ဂိုလ်တွေက နိစ္စဓူဝ လုပ်နေကျအတိုင်းသာ လုပ်တတ်တယ်။ ရှုပ်ထွေးခက်ခဲတဲ့ ကိစ္စတွေကြုံလာရင်တော့ အကူအညီနှင့် အကြံကောင်းဉာဏ်ကောင်း လိုပါတယ်။

## ၂ ဘက် ညီမျှတဲ့မေးရိုး

ဒီလူတွေအနေဖြင့် သူတို့အစွမ်းကို ထိုက်သင့်သလိုပြနိုင်ပေမယ့် အကြီးအကျယ်ဖြစ်ထွန်းအောင်တော့ မလုပ်နိုင်ပါဘူး။ သူတို့ဟာ သာမန်အလုပ်သမားတွေသာ ဖြစ်ပါတယ်။ သို့သော်လည်း အခွင့်ကောင်းကြုံလာရင်တော့ အောင်မြင်မှုတွေရနိုင်စွမ်း ရှိလေရဲ့။

## ပျောက်နေတဲ့မေးရိုး

မေးရိုး မပေါ်တာဟာ တစ်ဘက်သားကို တခြားလူကို မှီခိုအားထားတဲ့ အမှတ်လက္ခဏာပါပဲ။ သူတို့လိုလူမျိုးတွေက ကိုယ်စွမ်းကိုယ်စနှင့် မလုပ်တတ်သလို ကပ်ပါးပိုးနှင့် တူပါတယ်။ သူတို့ဟာ ဘဝမှာ ကောင်းကောင်းနေ ကောင်းကောင်းစားချင်ပေမယ့်၊ သူတို့ကိုယ် သူတို့ အားထားယုံကြည်မှု နည်းပါးလှပါတယ်။

## ကြည့်ကောင်းတဲ့မေးရိုး

အဲ့ဒီလူတွေကတော့ အကောင်အထည်ဖော်စရာ ထူးထူးခြားခြား အိပ်မက်တွေ၊ ဒါမှမဟုတ် ရယူဖို့ ရည်မှန်းချက်ပန်းတိုင်လည်း မရှိပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူတို့ဟာ ဝန်းကျင်သဘာဝ ကာလနှင့် လိုက်လျောညီထွေ အဆင်ပြေအောင် ညှိနှိုင်းပြီး နေထိုင်လုပ်ကိုင်တတ်သူတွေပါပဲ။

❖





## အခန်း ၁၃

ပါးပြင်


လွှန်ကဲစွာနီရဲနေတဲ့ပါးပြင်
ဝင်းလက်ပြီး နီရဲနေတဲ့ ပါးပြင်
ပါးပြင်ပေါ်က အနီစက်များ
အပြာရောင် အစိမ်းရောင်သမ်းတဲ့ပါး
မီးခိုးရောင် မှောင်ရိပ်သမ်းတဲ့ပါး



www.burmeseclassic.com

www.burmeseclassic.com









## ပါးပြင်

ပါးပြင်က လူတစ်ယောက်ရဲ့ဘဝက လုံ့လ ဝီရိယရှိမှုတွေ, စွမ်းအားတွေ, ဩဇာပိုင်စိုးမှုတွေကို ဖာတ်လမ်းဖွဲ့ပြီး ပြောတတ်ပါတယ်။

အနောက်တိုင်းသားတွေက ပါးရိုးသွယ်တဲ့ ပါးလေးတွေကို နှစ်သက်ပြီး၊ အရှေ့တိုင်းသားတွေက ပါးမို့မို့ဖောင်းဖောင်းလေးတွေကို ပိုသဘောကျတတ်ပါတယ်။

နမူနာအနေဖြင့် ပါး ၂ဖက်ဟာ ပြည့်ပြည့်ဝန်းဝန်းရှိပြီး၊ တစ်ကိုယ်လုံး အချိုးကျ လိုက်ဖက်သလို၊ အရောင်အသွေးနှင့် နွေးထွေးတဲ့ အလင်းတွေ ရှိနေရမယ်။ ပြီးတော့ နှာခေါင်းရဲ့ ပုံသဏ္ဍာန် အနေအထားတွေနှင့် လိုက်ဖက်ရမယ်။ ဒီသွင်ပြင်လက္ခဏာတွေဟာ တစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်နေရမယ်ပေါ့။ ဆိုလိုတာက ပါး ၂ဖက်ဟာ နှာခေါင်းနှင့် မနီးလွန်းမဝေးလွန်းဘဲ ရှိနေသင့်တယ်။ ပါး ၂ဖက်ရဲ့ အမြင့်



www.burmeseclassic.com

www.burmeseclassic.com



အမို့တွေဟာလည်း ညီနေရမယ်။ ဒီလိုပုံစံ ပါးပြင်လှလှလေးကို အမှန်တကယ်ပိုင်ဆိုင်သူအဖို့ ပျော်ရွှင်မှုတွေ ဘက်ပေါင်းစုံက ရမှာ မလွဲပါဘူး။

စံပြုလောက်တဲ့ ပါးပြင်တွေအကြောင်း ပြောနေရင်းမှာပဲ နှင်းဆီရောင် နီရဲပြီး ပါးစုံဖောင်းဖောင်းကြီးတွေရှိတဲ့ ခရစ္စမတ်ဘိုးဘိုးကြီး စင်တာကလော့စ်ကို မျက်စိထဲ မြင်ယောင်လာမိပါတယ်။

ဒါပေမယ့် အရှေ့တိုင်းက မျက်နှာလက္ခဏာဖတ်သူတွေရဲ့ အမြင်အရ ပါးပြင်အရောင် အလွန်အကျူး တောက်ပလင်းလင်းနေခြင်းဟာ အစာအိမ်ရောဂါရှိတဲ့ ပြယုဂ်လို့ ဆိုထားတာကလား။ ဟုတ်ပါတယ်။ ပါးပြင်ဟာ အချိန်နှင့်အမျှ ပြောင်းလဲနေတဲ့ ကျန်းမာရေး အတက်အကျပြတဲ့ ပါးပြင်ကို အနီးကပ်ဂရုစိုက် စောင့်ကြည့်နေသင့်ပါတယ်။

သင်ကိုယ်တိုင်နှင့် တခြားလူတွေကို သတိပြုကြည့်ရမယ့် ပါးပြင်အရောင်တွေကတော့

**လွန်ကဲစွာနီရဲနေတဲ့ ပါးပြင်**

အဆုပ်နှင့် လေပြွန်တွေ ဟန်ချက်မညီတဲ့ လက္ခဏာ။

**ဝင်းလက်ပြီး နီရဲနေတဲ့ ပါးပြင်**

သည်းခြေအိတ်နှင့် အသည်းပြဿနာ။





**ပါးပြင်ပေါ်ကအနီစက်များ**

အူအတွင်းပိုင်းရောဂါ ဖြစ်နေပြီ လို့ သိရပါမယ်။

နောက်ပြီး ချစ်ရေးကြိုက်ရေး သမီးရည်းစား အရေးတွေမှာလည်း ပါးပြင်အရောင်တွေဟာ သိပ်အရေးကြီးတဲ့ အပြောင်းအလဲတွေကို ရှေ့ပြေး သယ်ဆောင်လာတတ်ပါတယ်။ ဥပမာဆိုရရင်

**အပြာရောင်,အစိမ်းရောင်သမ်းတဲ့ ပါး**

အချစ်ရေး၊ အိမ်ထောင်ရေးဘ၀ ကမောက်ကမ သို့မဟုတ် အခက်အခဲ ရှိနိုင်ပါသည်။

**မီးခိုးရောင် မှိုင်းမှောင်ရိပ်သမ်းတဲ့ ပါး**

အတွင်းကျိတ် မကျေနပ်မှုနှင့် ပတ်ဝန်းကျင်အခြေအနေ ညှံ့ဖျင်းမှုကို ပြပါတယ်။

ရုတ်တရက်ပေါ်ထွက်လာတဲ့ 'မှဲ့' ဒါမှမဟုတ် 'အမှတ်'တွေကလည်း လိမ်ညာလှည့်စားမှုကြောင့် ဒုက္ခတွေ၊ အန္တရာယ်တွေ ကြုံရမယ်ဆိုတာ ဖော်ညွှန်းချက်တွေ ဖြစ်ပါတယ်။

ပါးပြင်တွေ ပြည့်တင်းအားကောင်းတာက သြဇာကြီးမားတဲ့ နိမိတ်ဖြစ်ပါတယ်။

အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲခွင့် နေရာတွေ ရရှိထားတဲ့ အရာရှိတွေ၊ ခေါင်းဆောင်တွေမှာ ဒီလို အားကောင်းပြီး ထင်ရှားသိသာတဲ့ပါးပြင်တွေ ရှိကြ တာ တွေ့ရပါလိမ့်မယ်။

အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ပိုပြီး စွမ်းအားပြည့်တဲ့ပါးပြင်က တစ်ဘက်လူကို လွှမ်းမိုး ကြိုးကိုင်သွားမယ်လို့ ဆိုလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်လိင်တွေ တစ်ဦးနှင့်တစ်ဦး တွေ့တဲ့အခါ ပါးပြင်ရဲ့ အင်အား၊ ထူးခြားတဲ့လက္ခဏာတွေကို သတိထားကြည့်ပါ။

မိမိ ပါးနှင့် တစ်ဘက်သားရဲ့ပါးကို နှိုင်းယှဉ်လေ့လာပြီး၊ ဘယ်သူက ဩဇာညောင်းပြီး လွှမ်းမိုးမလဲဆိုတာ အကဲဖြတ် ကြည့်သင့်ပါတယ်။

ဒီလိုနှင့် အချစ်ရေးကိစ္စတွေမှာ အတွင်းကျကျ ထိုးဖောက်သိမြင်ပြီး နားလည်နိုင်တဲ့စိတ်ဓာတ်တွေ မွေးမြူလာနိုင်ပါလိမ့်မယ်။ လုပ်ငန်းကိစ္စတွေနှင့် ပျော်ရွှင်တဲ့ ပေါင်းသင်းဆက်ဆံရေး ကဏ္ဍတွေမှာလည်း အဲ့ဒီနည်းကို သုံးနိုင်ပါတယ်။

ပါးပြင်တွေက ပေါလွင်ထင်ရှားပေမယ့် အရောင်မလက်တဲ့ ခြောက်ကပ်နေရင် စိတ်စစ်ချွေတာတတ်ပြီး၊ စီးပွားရေးစနစ်ဖေယာကျသူ ဖြစ်ပါလိမ့်မယ်။

ပင်ကိုစရိုက်အရကို ငွေနှင့်ပတ်သက်တဲ့ နေရာသာမက ဘယ်ကိစ္စမဆို ခြိုးခြံချွေတာတတ်သူပါ။ သူက ပိုက်ဆံဖြုန်းတာ ဝါသနာ မပါဘူးလေ။

ဖွံ့ဖြိုးမှုမရှိတဲ့ ပါးပြင်ကတော့ ပေါင်းသင်းဆက်ဆံရေးမှာ စွမ်းအားမရှိသလို၊ မတွင်မကျယ် နောက်ဆုတ်နေတတ်ပါတယ်။ ဒါပေမယ့် ကိုယ့်နီးစပ်ရာ ပတ်ဝန်းကျင်လေးထဲမှာတော့ ပျော်နေရပါလိမ့်မယ်။

ဘာပဲပြောပြော၊ ဒီအနေအထားက လူမှုပတ်ဝန်းကျင်နှင့် ကင်းကွာသွားရတာတော့ မဟုတ်ပေမယ့် အခွင့်ကောင်းတွေ လက်လွတ်ဆုံးရှုံးသွားနိုင်တာကို ကြိုတင် သိမြင်ထားသင့်ပါတယ်။





တစ်ခါတစ်ရံ ပါးပြင်တွေဟာ အပြင်ပန်းအမြင်လှပြီး အားရစရာရှိပေမယ့်၊ အခြေခံအားနည်းနေတာ တွေ့ရပါတယ်။ ဒီအစီပွာယ်က တိုက်ခိုက်လိုတဲ့ သဘာဝနှင့် ဟောဟောဒိုင်းဒိုင်းလုပ်တတ်တာကို ပြနေတာပါပဲ။ ဒီလူတွေအနေဖြင့် သူ့ပတ်ဝန်းကျင်နှင့် တခြားလူတွေကို တုံ့ပြန်ရင်းက ချစ်ခင်နှစ်သက်စဖွယ် နေထိုင်ရှင်သန်ဖို့ ပညာသင်ကြားရတော့ ရောက်ပါတယ်။

ပါးပြင်အကျယ်အဝန်းက ကျဉ်းပေမယ့် အားကောင်း ပြည့်ဖြိုးနေသူတွေရဲ့ စိတ်သဘာဝကတော့ အလွန် ခေါင်းမာတတ်ပါတယ်။ ကိုယ့်အယူအဆ၊ သဘောထားအမြင်ကို လွယ်လွယ် မပြောင်းတတ်ပါဘူး။ စိတ်ဆုံးဖြတ်ချက်ချထားတဲ့ လမ်းကြောင်းအတိုင်း လုပ်နေရာက ရှောင်သွေသွားမှာလည်း မဟုတ်ဘူးပေါ့။

ဒါနှင့်အမျှ တခြားလူတွေကို အကြံအစည်၊ သဘောထားထင်မြင်ချက် ပေးရာမှာလည်း အစွန်းရောက်တဲ့အထိ ဖွင့်အမနိုင်လေ့ ရှိပါတယ်။

ဒီလုပ်ရပ်၊ ဒီပုံစံဟာ အကျိုးမပြုနိုင်တာကတော့ အသေအချာပါပဲ။ အထူးသဖြင့် ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေ၊ အထက်လူကြီးတွေရဲ့ ကူညီပံ့ပိုးမှုလိုအပ်တဲ့ အသက်မွေးလုပ်ငန်း ဝန်းကျင်မျိုးမှာ ရှိနေမယ်ဆိုရင်ပေါ့။

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

နာခြောင်းကလေး

တရုတ်ပညာရှင်များရဲ့ ရုပ်ကြည့်ဗေဒ

နားရွက်

မျက်ခုံးမွေး

နာခေါင်း

ပါးစပ်

မေးစေ့


မျက်လုံးများ

ပန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com







## နှာမြောင်းကလေး

နှာခေါင်းပေါက်အောက်နှင့် နှုတ်ခမ်းအထက် ကြားမှာရှိတဲ့ အမြောင်းကလေးဟာလည်း သူ့အဓိပ္ပာယ်နှင့်သူ ရှိနေပါတယ်။ အဲ့ဒီနေရာကို 'Philtrum'လို့ ခေါ်ပါတယ်။

အဲ့ဒီအမှတ်အသားဟာ ထင်ထင်ရှားရှားရှိပြီး သိသိသာသာချိုင့်ကာ နည်းနည်းလည်း ရှည်တယ်လေ။ သူကလည်း 'ကျန်းမာသန်စွမ်းမှု'နှင့် 'ရှင်သန်စွမ်းအား'ဆိုတဲ့ နိမိတ်ကို ဆောင်ပါတယ်။

မြောင်းကလေးဟာက မထင်မရှားအားနည်းပြီး တိမ်နေ၊ ပြားနေတာဟာ အစွမ်းအင်အားတွေ လျော့နည်းတဲ့ အမှတ်လက္ခဏာပဲ ဖြစ်ပါတယ်။

### တရုတ်ပညာရှင်များရဲ့ ရုပ်ကြည့်ဗေဒ

လူတွေမှာ ကိုယ်ခန္ဓာ ၃ မျိုး ရှိပါတယ်တဲ့။

ပထမတစ်မျိုးက ရုပ်ခန္ဓာ ဖြစ်ပြီး၊ မြင်နိုင်တယ်။ ထိတွေ့နိုင်တယ်။ အစိုင်အခဲ အသွင်သဏ္ဍာန်လည်း ရှိပြီး၊ အနုအကြမ်းသဘောတွေ ရောနေတယ်တဲ့။

ယန်းရွှေမြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ သဘာဝအစစ်အမှန်ဟာ မျက်နှာပြင်မှာ ရုပ်အသွင် အားဖြင့် ဦးဦးဖျားဖျား ပေါ်ထင်လာပါတယ်။ မျက်နှာပြင်ဟာ စိတ် အတွင်း က ခံစားလှုပ်ခတ်မှုတွေနှင့် ကျန်းမာရေးအခြေအနေတွေကို အရင်ဆုံးပြတဲ့ နေရာပါပဲ။

ပြီးတော့ စာရေးဆရာကြီး ရှိတ်စပီးယား(Shake speare) က သူ့'မက္ကဘက်'(Macbeth) ပြဇာတ်ထဲမှာ ခုလို ကောက်ချက်ချထားတာ ရှိတယ်လေ။

'စိတ်ရဲ့ ဖွဲ့စည်းပုံအနေအထားကို မျက်နှာပေါ်မှာရှာနိုင်တဲ့ အတတ် လောက် ပညာမြောက်တာ မရှိတော့ဘူး' တဲ့။

ဟုတ်ပါတယ်။ မျက်နှာ ဆိုတာ ခန္ဓာကိုယ်ရဲ့အဘိဓာန် အစစ်ပါပဲ။

မျက်နှာပေါ်က သွင်ပြင်လက္ခဏာတွေဟာ လူတွေရဲ့ကံကြမ္မာနှင့် ဥပမိအကျင့်စရိုက်တွေကို ပြဋ္ဌာန်းတတ်တာကို နှစ်ပေါင်းများစွာကတည်း က ရှေးပညာရှိတွေ စဉ်းစားခဲ့ကြပါတယ်။

သူတို့ဟာ တစ်ယောက်ချင်းရဲ့ လက္ခဏာတစ်ခုချင်းကို အချိန်ယူ စူးစမ်းလေ့လာခဲ့ကြပြီး၊ မျက်နှာအသွင်လက္ခဏာတွေနှင့် ထူးခြားတဲ့ ကံကြမ္မာတွေ တိုက်ရိုက်ဆက်စပ်မှုရှိနေကြောင်း ဖော်ထုတ်ဖို့ ကြိုးစား ခဲ့တာပါပဲ။

ရှေးဟောင်းဂရိနိုင်ငံမှာ အရစ္စတိုတယ်က ရုပ်ကြည့်ဗေဒနှင့် ပတ်သက်တဲ့ သူ့တွေ့ရှိချက်တွေကို အခန်း ၆ ခန်းခွဲပြီး ကျမ်းပြုခဲ့တယ်။ မျက်နှာ၊ ကိုယ်ခန္ဓာ၊ အသံတွေရဲ့ ထူးခြားချက် စရိုက်လက္ခဏာတွေ ကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ဖူးပါတယ်။





ဟိုးမား(Homer) နှင့် ဟစ်ပိုကရေးတီး(Hippocrate)တို့လို ဂန္ထဝင်သုတေသီကြီးတွေကလည်း ရုပ်မျက်နှာပြင် လက္ခဏာဖတ်တဲ့ပညာ ဟာ လက်တွေ့ဆန်တဲ့ ဒဿနိကဗေဒ ဖြစ်သလို၊ ရှေးကျတဲ့ နည်း တစ်နည်းလည်း ဖြစ်တယ်လို့ ဆိုခဲ့ကြပါတယ်။

အလယ်ခေတ်မှာကျတော့ ရုပ်ကြည့်ဗေဒပညာနှင့် နက္ခတ္တဗေဒကို ပေါင်းစပ်ပြီး၊ ဗေဒင်ဟူးရားအတတ်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာတယ်။

၁၈ ရာစုနှင့် ၁၉ ရာစုနှစ်များ အတွင်းက ဥပရောမှာ မျက်နှာ သွင်ပြင်လက္ခဏာတွေကို ရာဇဝတ်ကောင်တွေကိုစူးစမ်းတဲ့ ရာဇဝတ်မှု ဆိုင်ရာ ဘာသာရပ်ရဲ့ သီးခြားလေ့လာချက်အဖြစ် အသုံးပြုခဲ့ကြပါတယ်။

၂၀ ရာစုမှာ ရုပ်ကြည့်ဗေဒပညာဟာ ရိုးရာဝါဒစွဲနှင့် အယူသီးမှုတွေ ကြားထဲ နစ်မွန်းတိမ်မြုပ် သွားခဲ့ရပြန်ပါတယ်။

ဒါပေမယ့် ၂၁ ရာစု ဒီနေ့အချိန်ကျတော့ စိတ်သရုပ်ခွဲပညာ၊ ဒါမှ မဟုတ် အမေရိကန် စီးပွားရေးလုပ်ငန်း ကုမ္ပဏီစုကြီးများက အမှုဆောင် အရာရှိတွေ ယှဉ်ပြိုင်ရွေးချယ်ရာမှာ သုံးလာကြပြန်ပါရော။ ဒါဟာ သိပ်တော့ သက်တမ်း မကြာလှသေးပါဘူး။

လူတွေကို နားလည်ဖို့အရေးမှာ အရေးကြီးတဲ့ လမ်းညွှန်ချက်တွေ အဖြစ် တရုတ်တွေက ယုံယုံစားစားသုံးခဲ့ကြတဲ့ မျက်နှာဖတ်တဲ့အတတ် ကို စိတ်ဝင်စားမှု ပိုများလာတာတော့ အမှန်ပါပဲ။

တရုတ်နိုင်ငံက မျက်နှာဖတ်တဲ့ပညာရဲ့ ဖခင်အဖြစ် ထင်ရှားခဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



တော့ တွေးခေါ်ရှင်ဆရာကြီး ဂွီဂူးဇီ (Gui-Gu Tze) (၄၈၁ -၂၂၁ ဘီစီ)ပဲ ဖြစ်ပါတယ်။ သူ့စာအုပ် 'ကျန်ဗျန်ဝေမင်း' (Xiang Bian Wei Mang)ဟာ ဒီနေ့ထက်ထိ ပုံနှိပ်ဖြန့်ချိနေရတုန်း ဖြစ်ပြီး၊ ရုပ်ကြည့်ဗေဒအဆင့်မြင့်ကျောင်းသားတွေ လေ့လာနေရဆဲပါ။

တရုတ် ရုပ်ကြည့်ဗေဒပညာဟာ အလွန်စနစ်ကျပြီး လူ့မျက်နှာတွေကို အရောင်အဆင်း, ပုံစံ, အချိုးမကျ မပီသမှုအပါအဝင် အရေးကြီးတဲ့နေရာအလိုက် ခွဲခြား အကဲဖြတ်ပေးပါတယ်။

အခြေခံအားဖြင့် မျက်နှာပြင်မှာ နေရာ ၁၀၈ ခုတောင် ပိုင်းခြားထားပါတယ်။

နေရာအလိုက် အသက်နှင့် ဘဝအခြေအနေတွေကို ဟောကိန်းထုတ်ပေးပါတယ်။

ဒီနေရာမှာလည်း အပြုသဘော, အပျက်သဘော ဆောင်တဲ့ ဓာတ်ကြီး ၅ ပါး(Five Elements) နှင့် တာအိုဝါဒရဲ့ 'ယန်'(Yang) နှင့် 'ယင်'(Yin) သီဝရီတွေကို မူတည်ပြီး လေ့လာဆန်းစစ်တာပါ။ ဒီလိုနှင့် ဖြစ်စဉ်တွေကို ဟောကိန်းထုတ်နိုင်သလို၊ ရောဂါတွေကိုလည်း စမ်းမြစ် ရှာဖွေနိုင်ပြီး၊ အဲ့ဒီလူ့ရဲ့ ပင်ကိုသဘာဝတွေကို နားလည်လိုက်ရတာပါပဲ။

မျက်နှာဖတ်ရာမှာ ကျန်းမာရေးအတွက် သင်္ကေတအဓိပ္ပာယ်တွေ မှတ်မိဖို့ မျက်နှာရဲ့ 'အပေါ်ပိုင်း, အလယ်ပိုင်း, အောက်ပိုင်း'ဆိုတဲ့





အပိုင်း ၃ ပိုင်းကို ခွဲခွဲခြားခြား သိထားဖို့လည်း အရေးကြီးပါတယ်။ ရာသီဥတု နှင့် သဘာဝအခြေအနေတွေကိုလည်း လေ့လာရပါလိမ့်မယ်။

'လီ' (Li) ဆိုတဲ့ အမှတ်လက္ခဏာက နဖူးပြင်မှာ ရှိတတ်ပြီး၊ အောင်မြင်ကျော်ကြားမှုနှင့် မီးရဲ့သင်္ကေတ ဖြစ်ပါတယ်။ နဖူးဆိုတာ မင်္ဂလာအမှတ်အသား, ကျက်သရေ ကိန်းဝပ်တဲ့နေရာလို့ တစ်လျှောက်လုံး မှတ်ထားရပါမယ်။

မျက်နှာအလယ်ဗဟိုကို 'တိုင်ချီ' (Tai Chi) လို့ ခေါ်ပါတယ်။

နှာတံပေါ်မှာ မှဲ့နက်ရှိတာဟာ 'အနက်'ဆိုတဲ့ ရေဓာတ်က မြေကြီးဓာတ်ကို အားနည်းစေတဲ့သဘောနှင့် ပျက်စီးကိန်းကို ပြပါတယ်။

* * *

မေးစေ့ဟာ 'ကင်' (Kan)ဖြစ်ပြီး အရောင်နီလာရင် (မီးသဘာဝ) ဆီးနှင့်ပတ်သက်တဲ့ရောဂါ ဖြစ်နေတယ်လို့ အဓိပ္ပာယ်ကောက်တာပါပဲ။

'ရှွန်' (Schun)ဆိုတဲ့ နေရာမှာ ပျက်ယွင်းခဲ့ရင် ငုပ်နေတဲ့ အဖျားသို့မဟုတ် ရောဂါ ပြန်ထနေပြီ။ ဒါမှမဟုတ် ငွေကြေးပြဿနာနှင့် အခက်ကြုံနေပြီလို့ ဆိုပါတယ်။

'ကွန်' (Kun)လို့ ခေါ်တဲ့ နားသယ်ရဲ့ ညာဘက်မှာ ခြစ်ရာစင်းရာ ထင်တာဟာ အနီးစပ်ဆုံး ဆွေမျိုးတစ်ယောက်ယောက် ရောဂါဝေဒနာ ခံစားနေရတာကို အသိပေးတဲ့ အထိမ်းအမှတ်ပေါ့။

* * *

နောက်တစ်ခါ မျက်နှာပြင်ကို 'ကောင်းကင်, လူ, မြေကြီး'ဆိုပြီး တရုတ်တို့ရဲ့ ၃ပါးရတနာ သဏ္ဌာန်ဖြင့် ၃ပိုင်း ခွဲခြားထားပြန်လေရဲ့။

ပထမအပိုင်းက 'ကောင်းကင်'ဖြစ်ပြီး၊ ဆံပင်အစပ်ကနေ မျက်ခုံး အထိကို သတ်မှတ်ထားတာပါ။ ဒီအပိုင်းက ကလေးဘဝကို ပြသည်

www.burmeseclassic.com



ဖော်ကျူးပါတယ်။

ဒုတိယအပိုင်းက အစဉ်အလာအရ 'လူ'လို့ ခေါ်တဲ့နေရာ ဖြစ်သလို၊ မျက်ခုံးအောက်ကစပြီး နှာသီးဖျားမှာ ဆုံးပါတယ်။ အဲဒါက သက်လတ်ပိုင်းအရွယ်ကို ညွှန်းပါတယ်။

* * *

တတိယအပိုင်းကျတော့ နှာဖျားမှ မေးဖျားအောက်ကို သတ်မှတ်ပြီး၊ အသက်ကြီးပိုင်းရဲ့ ပြယုဂ် ဖြစ်သလို၊ 'မြေကြီး'လို့ခေါ်တဲ့ နေရာပါပဲ။

အပိုင်းတစ်ခုဟာ မျက်နှာပြင်ရဲ့ ၃ ပုံ ၁ ပုံထက် လျော့နေမယ်ဆိုရင် အသက်အပိုင်းအခြားအလျောက် ဘဝအခက်အခဲတွေနှင့် ကြုံတွေ့ရပါလိမ့်မယ်။

အတိုချုပ်ပြောရင် နဖူးကျဉ်းတာဟာ ကလေးဘဝက ပျော်ရွှင်မှုမရခဲ့တာကို ဖော်ညွှန်းပါတယ်။

နဖူးကျယ်တာက ပေါင်းသင်းဆက်ဆံရေးနယ်ပယ်ထဲကို စောစီးစွာ ရောက်ရှိလာတဲ့ အဓိပ္ပာယ်တဲ့။

ဒုတိယပိုင်းအနေဖြင့် မျက်လုံးတစ်စုံ၊ နှာခေါင်းနှင့် ပါးတွေအပေါ်မှာ ကြည်လင်ပြီး ပွင့်နေမယ်။ ပျော်ရွှင်မှုရဲ့ အရိပ်အယောင်တွေ သမ်းနေမယ်ဆိုရင် ဘဝအခြေအနေကောင်းနေသလို "ဒါမှ ငါကွ" လို့ ဟစ်ကြွေးနိုင်တဲ့လူ ဖြစ်ပြီပေါ့။

တတိယပိုင်း - မေးစေ့ရှည်တာဟာ အသက်ရှည်မယ့် လက္ခဏာဖြစ်တော့ မေးတိုရင် ဆန့်ကျင်ဘက် အဖြေထွက်ပါလိမ့်မယ်။

* * *

မျက်နှာပြင်ပေါ်မှာ ဘဝရဲ့အလှည့်အပြောင်းကိုပြတဲ့ နေရာ ၄ ခု





ရှိပါတယ်။ အဲ့ဒါတွေကို အဝင်ဝဂိတ်တွေလို့ ခေါ်ကြပါတယ်။

ပထမဂိတ်က မျက်ခုံး ၂ခုရဲ့ အလယ် တတိယမျက်လုံး နေရာမှာ ရှိပြီး၊ အသက် ၄၁ နှစ် ဖြစ်ပါတယ်။

ဒုတိယဂိတ်က နှာသီးဖျားမှာ တည်ပြီး ၅၁ နှစ် ဖြစ်ပါတယ်။

တတိယဂိတ်ကို အောက်နှုတ်ခမ်းအောက်မှာပြပြီး၊ ၆၁ နှစ်လို့ ညွှန်းပါတယ်။

စတုတ္ထ နောက်ဆုံးဂိတ်ကတော့ မေးစေ့အောက်မှာ တည်ရှိပါ တယ်။ အသက် ၇၁ နှစ်လို့ သတ်မှတ်တာပေါ့။

ဒီဂိတ်တွေဟာ အရေးကြီးတဲ့ အသက်၊ အခက်ကြုံတဲ့အသက်တွေလို့ ယူဆကြပြီး၊ အမာရွတ်၊ အစင်းကြောင်း၊ မကောင်းတဲ့မှဲ့၊ ဒါမှမဟုတ် ထိခိုက်ပျက်စီးမှုတွေ ရှိခဲ့ရင် အဲဒီအသက်ပိုင်းမှာ အခက်အခဲတွေ ကြုံမယ်လို့ ဟောပါတယ်။

တရုတ်များဟာ ဥပမိရုပ်တွေကို ပိုပြီး ထင်ရှားစေဖို့ ဓာတ်ကြီး ၅ပါး ရဲ့ ထူးခြားတဲ့လက္ခဏာနှင့် ပုံသဏ္ဌာန်တွေကိုပါ အသုံးပြုကြပါတယ်။

မီး 'မျက်နှာ'ဟာ တြိဂံတစ်ခုလို ချွန်နေပါလိမ့်မယ်။ ဥပမာ - မေးရိုးကားကား အထင်း သား ပေါ်နေတာမျိုးပေါ့။ အဲဒီလိုလူတွေဟာ စိတ်တိုတတ်ကြပါတယ်။

'သစ်သားမျက်နှာ'က သိမ်မွေ့နူးညံ့ပြီး ဝိုင်းသလို ရှည်လျားတဲ့ မေးကြောကြီးတွေ ရှိတတ်ပါတယ်။ သူတို့က ခေါင်းဓာမယ့်လူတွေပါပဲ။

'ရေမျက်နှာ'က သိမ်မွေ့နူးညံ့ပြီး ဝိုင်းသလို၊ ရှည်လျားတဲ့မေးကြောကြီးတွေ ရှိတတ်ပါတယ်။ သူတို့တွေကတော့ စိတ်ထား ပျော့ပျောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုပါတော့။

'မြေကြီးမျက်နှာ'ဟာ အသားထူသလောက် ရက်ရောကြသူတွေပဲ ဖြစ်ပါတယ်။

'သတ္တုမျက်နှာ'ဆိုတာက စတုရန်းပုံ မျက်နှာမျိုးပါ။ အထူးသဖြင့် မေးရိုးနှင့် နဖူးတွေဟာ ၄ ထောင့် ကျကြသလို ဒီလူတွေဟာ ကိုယ့်ကိုယ်ကို အလိုလိုက်တဲ့လူတွေလို့ ဆိုရမှာပါပဲ။

ရှေးတရုတ်ကြီးတွေဟာ ယောကျ်ား၊ မိန်းမတွေရဲ့ ကံကောင်းခြင်း၊ မကောင်းခြင်း သင်္ကေတလက္ခဏာတွေကိုလည်း ဖော်ထုတ်ပေးခဲ့ကြပါတယ်။

အိမ်ထောင်ရေးတစ်ခုမှာ တစ်ယောက်နှင့် တစ်ယောက် လိုအင်ဆန္ဒချင်း မတူညီတတ်ကြပါဘူး။ လင်က ဆန္ဒရှိတဲ့ကိစ္စကို မယားက ဆန္ဒ မရှိပါဘူး။ ဒါကို ညှိနှိုင်းမှ ပြေလည်နိုင်ကြပါလိမ့်မယ်။

အိမ်ထောင်ရေးတစ်ခု အဆင်ပြေအောင်ညှိရာမှာ ယောကျ်ားက လိုလားတဲ့အချက်မှာ မိန်းမတစ်ယောက်အတွက်တော့ မလိုလားအပ်တာ ဖြစ်နေတာကိုလည်း သိထားသင့်ပါတယ်။

ဥပမာ ထင်ရှားပေါ်လွင်တဲ့ မေးရိုးကားကြီးမျိုးနှင့် နဖူးအတော် ပြောင်တာမျိုးဟာ အမျိုးသမီးတစ်ယောက်နှင့် လိုက်ဖက်မှာ မဟုတ်ပါဘူး။

မေးရိုးကားတာက ရန်လိုမှု ပြိုင်ဆိုင်ချင်စိတ်ကို ပြပြီး၊ နဖူးပြောင် တာက ဩဇာအာဏာကြီးမားမှုရဲ့ ပြယုဂ် ဖြစ်နေလို့ပါပဲ။

ရှေးပညာရှင်များအနေဖြင့် 'ဒီပုံစံမျိုးဟာ ယောကျ်ားများမှာသာ ရှိ ကောင်းတယ်'လို့ တင်စားခဲ့ကြတာပါ။ ဒါပေမယ့် ဒီနေ့ထွက်သမျှ





ဖက်ရှင်မဂ္ဂဇင်းတိုင်းက 'မေးရိုးကားတာဟာ ဆွဲဆောင်မှုရှိတယ်' လို့ တွေးထင်ကြပြီး၊ မော်ဒယ် ဒါမှမဟုတ် ရုပ်ရှင်မင်းသမီးတွေ ရှိသင့် ရှိအပ်တဲ့ပုံစံ တစ်ခုလို့ သတ်မှတ်ထားကြလေရဲ့။

သို့သော် အဲဒီလို ဒီဇိုင်းမျိုးနှင့် မေးရိုးကားပြီး နဖူးပြောင်ရင်တော့ ရန်လိုစိတ်ကြီးပြီး၊ သူနိုင်ငါနိုင် ပြိုင်ဆိုင်တတ်တဲ့သူဖြစ်သွားမှာ မလွဲပါဘူး။

တရုတ်အင်္ဂါရုပ်ပညာမှာ အိမ် ၁၂လုံး ဆိုတာလည်း ရှိပါသေးတယ်။ မျက်နှာပြင်ပေါ်မှာ ဘဝအခြေအနေ အမျိုးမျိုးကို ဖော်ပြတဲ့ နေရာ ၁၂ခု ပဲဖြစ်တယ် ....

ပထမအိမ်ဟာ မျက်ခုံး ၂ခုကြားမှာ ရှိပါတယ်တဲ့။ ဒုတိယနှင့် တတိယအိမ်က စတုတ္ထအိမ်ရှိတယ် စသဖြင့်ပေါ့။

မျက်နှာဖတ်တဲ့ တရုတ်နည်းပညာအရ နားရွက်ကို စပြီးကြည့်ပါ တယ်။

ဘယ်နားရွက်က အသက် ၇ နှစ်အထိ ရှိခဲ့တဲ့ ကံကြမ္မာကို ပြပြီး၊ ညာနားရွက်က ၈ နှစ်က ၁၄ နှစ် အသက်ပိုင်းအခြေအနေကို ညွှန်းဆိုချက် တွေပေးတယ် ဆိုပဲ။

* * *

ဒီနောက် မျက်နှာပြင်ကို အပိုင်း ၃ ပိုင်း ပိုင်းကြည့်ပါတယ်။

၁- နဖူး ပါရှိတဲ့အပိုင်းကို 'ကောင်းကင်နယ်မြေ'လို့ခေါ်ပြီး၊ ၁၅ နှစ်မှ ၃၀ကြား ဘဝကံကြမ္မာကို ပြဋ္ဌာန်းပါတယ်။ မှည့်ခေါ်ထားတဲ့ အတိုင်း အဲဒီကာလဟာ ကောင်းကင်ဘုံနှင့်ဆိုင်ပြီး ကိုယ်တိုင် ကြိုးပမ်း အားထုတ်မှုထက် မိဘဘိုးဘွားတွေရဲ့ ကူညီစောင့်ရှောက်မှုက အကျိုးခံ စားခွင့်တွေ ပိုရပါတယ်။

၂- မျက်ခုံးမှ နှာခေါင်းဖျားအထိကို 'လူ့နယ်မြေ'လို့ ခေါ်ပါတယ်။

www.burmeseclassic.com



၃၁ နှစ် ကနေ နှစ် ၅၀ အကြား ဖြစ်ပါတယ်။ ဒီအတွင်းက အောင်မြင်မှုနှင့် ဥစ္စာစည်းစိမ်တွေမှန်သမျှ ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုကြောင့် ရခဲ့တာလို့ ဆိုပါတယ်။

'မေး' ဟာလည်း မြေကြီးနှင့် သက်ဆိုင်ပြီး၊ အသက် ၆၀ ကျော်တဲ့ အချိန်ကို ရည်ညွှန်းပါတယ်။ ယေဘုယျအနေဖြင့် ကျယ်ပြီး ဝိုင်းဝန်းတဲ့ မေးစေ့ဟာ နှစ်လိုဖွယ်အကောင်းဆုံးဖြစ်ပြီး၊ အသက်ကြီးပိုင်းမှာ ပြည့်စုံချမ်းသာမှုကို ဆောင်ကြဉ်းပါတယ်။

အောက်ပါအချက်များဟာ မျက်နှာပြင်လက္ခဏာများက မင်္ဂလာရှိမှု, မရှိမှုတွေကို အကျဉ်းအားဖြင့် ဖြည့်စွက်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

## နားရွက်

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | မျက်ခုံးမွေးအထက်ထိရောက်။ နားရွက်ရှည်။ ခေါင်းဘေးမှာ ကပ်။ နားပေါက် ကျယ်။ |
| မင်္ဂလာ မရှိ | - | နားရွက်သေး။ ရှေ့ကို ကုပ်။ နားပေါက် ကျဉ်း။ |

## မျက်ခုံးမွေး

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | နက်မှောင်။ ထူထဲ။ ရှည်လျား။ ချောမွေ့။ ညီညာ။ မျက်လုံးအထက် ကွာမြင့်။ |
| မင်္ဂလာ မရှိ | - | ပါးလျ။ အရောင်ဖျော့။ တို။ ပြန့်ကျဲ။ ဖွာလန်။ မျက်လုံးနား ကပ်။ |





## နှာခေါင်း

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | နှာတံမြင့်မား ဖြောင့်တန်း။ နှာသီးကြီးပြီး လုံးဝန်း။ နှာသီးရွက်များ ထူ။ နှာခေါင်းပေါက် မမြင်သာ။ |
| မင်္ဂလာ မရှိ | - | နှာတံ နိမ့်ပြား။ စောင်း ကောက်။ ဖုနေ။ နှာဖျားချွန်ထွက်။ လန်တက်။ နှာသီးရွက်ပါး။ နှာပေါက်တွေမြင်ရ။ |

## ပါးစပ်

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | နှင်းဆီရောင် နီမြန်း။ နှုတ်ခမ်းထူပြီး ပါးစပ်ပေါက်ကျယ်ဝန်း။ နှုတ်ခမ်းများ အပေါ်,အောက် အချိုးအစားညီ၍ ပြေပြစ်စွာစေ့ပိတ်နေ။ |
| မင်္ဂလာ မရှိ | - | အရောင်ဖြူ, မည်း။ ပါးပြီး ပုံစံသေး။ နှုတ်ခမ်းအရွယ်အစားမညီဘဲ ပွင့်ဟနေ။ |

## မေးစေ့

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | ပြည့်ဝ အသားပြည့်။ ကျယ်ဝန်း/ရှည်လျား။ |
| မင်္ဂလာ မရှိ | - | သေး၊ တို၊ ချွန်၊ ချိုင့်ခွက်နိမ့်ဝင်၊ နောက်သို့လျှောနေ။ |

၃။ နောက်ဆုံးအောက်ဘက်က တတိယပိုင်းကိုတော့ 'မြေကြီးနယ်မြေ' လို့ခေါ်ပြီး နှာခေါင်းအခြေက မေးစေ့အထိ ပါသလို၊ အသက်



www.burmeseclassic.com

www.burmeseclassic.com



၅၀ နောက်ပိုင်းကို ရည်ညွှန်းပါတယ်။ ဒီအချိန်ဟာ ရရှိထားတဲ့ အောင်မြင်မှုတွေအားလုံး မြေကြီးပေါ်မှာ ကောင်းကောင်းကြီး တည်ထောင်မိတဲ့ ကာလပါပဲ။

ဒီနယ်ပယ်ဒေသ ၃ ခုဟာ အချိုးအစားညီမျှရင် ဟန်ချက်ညီတဲ့ ဘဝပဲ ဖြစ်ပြီး၊ အဆိုး၊အကောင်း သိပ်မရှိခဲ့ဘူး ဆိုရပါလိမ့်မယ်။ တကယ်လို့ တစ်စိတ်တစ်ဒေသဟာ ကျန်တဲ့ ၂ ခုထက် ကြီးနေမယ်၊ ဒါမှမဟုတ် ငယ်နေမယ်ဆိုရင်တော့ သက်ဆိုင်ရာနယ်မြေက ကံကြမ္မာ အနေဖြင့် ပိုကောင်းတာ၊ ပိုဆိုးတာကို ပြတာပဲ ဖြစ်ပါတယ်။

မျက်ခုံးတွေဟာ သက်လတ်ပိုင်းအစကို ပြဆိုပါတယ်။

မျက်ခုံး ၂ဖက်ကြား အကွာအဝေးဟာလည်း အထူး အရေးကြီးပါတယ်။ ယေဘုယျအနေဖြင့် ရှည်လျားထူထဲတဲ့မျက်ခုံးမွေးတွေဟာ ကောင်းခြင်းလက္ခဏာတွေပဲဖြစ်ပြီး၊ မျက်ခုံးမွေးတွေ ဝေးကွာရင် ပိုကောင်းပါတယ်။

မျက်လုံးတွေဟာ မိမိရဲ့အသိဉာဏ် ထက်မြက်မှုကို ပြပြီး၊ တခြားလူတွေကို ဆွဲဆောင်မှု ရယူပါတယ်။ ကြီးမားတဲ့မျက်လုံးတွေဟာ ပိုပြီး အားကောင်းပါတယ်။ ဉာဏ်ပညာနှင့် လိမ္မာပါးနပ်မှု ၂ ရပ် ပေါင်းထားတဲ့မျက်လုံးတွေပါပဲ။

ပါးပြင်တွေက အသက် ၄၀ ပိုင်းက စီးပွားရေးပစ္စည်းဥစ္စာတွေကို





ပြပါတယ်။

ယေဘုယျအားဖြင့် ပြည့်ဝတဲ့ပါးပြင်တွေဟာ အကောင်းဆုံးလို့ ဆိုကြပါတယ်။ အဲ့ဒီပါးပြင်မျိုးက စွမ်းအင်အများအပြား ရှိသလို၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း ခိုင်မာပြည့်ဝတယ်လို့ ပြောရမှာပေါ့။

နှာခေါင်းကလည်း ချမ်းသာကြွယ်ဝမှုနှင့် သက်ဆိုင်ပါသတဲ့။ ဒီတော့ လူတစ်ယောက်ရဲ့ နှာခေါင်းကို မြင်ရုံဖြင့် သူဟာ စီးပွားရေးကောင်း တယ်၊ မကောင်းဘူးလို့ အကြမ်းဖျင်း သိနိုင်ပါတယ်။ ယောကျ်ားတစ် ယောက်ရဲ့ သဘာဝစွမ်းအားဟာလည်း သူ့နှာခေါင်းကို ကြည့်ပြီး၊ ဟောကိန်းထုတ်လို့ ရတယ်ဆိုလေရဲ့။

ပါးစပ်ကတော့ မြေကြီးနယ်မြေမှာရှိပြီး၊ အသက် ၅၀နောက်ပိုင်း ကံကြမ္မာကို ဖော်ညွှန်းပါတယ်။ မြေကြီးနယ်မြေမှာ ပါးစပ်က ချမ်းသာမှုကို ကိုယ်စားပြုသလိုပဲ၊ အမျိုးသမီးတစ်ယောက် ဖြစ်ရင်လည်း လိင်စိတ်သဘာဝကို ပြဆိုပါတယ်။

**မျက်လုံးများ**

| | | |
|---|---|---|
| မင်္ဂလာ ရှိ | - | အရွယ်အစား ကြီးမား။ အကျယ်အဝန်း ဝေးကွာ။ မျက်လုံးသူငယ်အိမ် မည်းနက်။ မျက်သားများ ငွေရောင်ဖြူလွှဲနေ။ |
| မင်္ဂလာ မရှိ | - | သေးငယ်။ တစ်လုံးနှင့်တစ်လုံး နီးကပ်။ သူငယ်အိမ် သေး။ အဖြူရောင် မှိုင်း။ |



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၅

## စင်ပေါ်ကမျက်နှာများ

ဒင်နီယယ်လာ ဝက်ဘ်စ်ဘရွတ်စ်

ဖစ်တိုးရီးယားဘက်ခမ်း

ဘရစ်တနီ စပီးယားစ်

ဘင် အက်ဖလက်

ရပ်ဆယ်ခရိုး

အင်ဂျလီနာဂျိုလီ

ဂွျန်ကာယ်ရီ

ဒက်ဂက်ဖတ်

ဂျော့ချ်ဒဗလျူဘုရှ်

ဒော်ပရာ ဝင်းဖရေး

ပန်းရှူပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





Daniella Westbrook





## စင်ပေါ်ကမျက်နှာများ

ကျွန်တော်တို့ဟာ စင်ပေါ်က အနုပညာရှင်တွေ၊ ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေရဲ့မျက်နှာကို အမြဲ တွေ့နေရပါ တယ်။ ခု သူတို့ကို ရုပ်ကြည့်ဗေဒအမြင်နှင့် အတွင်းကျကျ ကြည့်ကြည့်ကြ ရအောင်ပါ။

### ဒင်နီယယ်လာ ဝက်စ်ဘရွတ်စ်

မြင်မြင်ချင်း အသည်းခိုက်သွားစေတဲ့အလှက ဒင်နီယယ်လာ ဝက်စ်ဘရွတ်စ်ရဲ့မျက်နှာပေါ်မှာ ရှိနေပါတယ်။ သူ့မျက်နှာမှာ ထူးခြားချက်တွေရယ်လို့ မည်မည်ရရမရှိပေမယ့် ကြည်လင်ဝင်းပပြီး ညို့အားတွေကောင်းနေသလို၊ လှတယ်လို့ အသိအမှတ်ပြုရမယ့် အမျိုးအစားပါပဲ။ တကယ်ပဲ ခြွင်းချက်မရှိတဲ့အလှပိုင်ရှင် ဒင်နီယယ်လာပါ။

သူဟာ ချစ်ခန်းကြိုက်ခန်းတွေ သရုပ်ဆောင်ရာမှာ အထူးကျွမ်းကျင်လှကြောင်းကို ရီဝေနေတဲ့ မျက်လုံး၊ စိုရွှန်းပြီး ညို့မြူနေတဲ့ နှုတ်ခမ်း၊ ချောမွတ်နူးညံ့တဲ့ အသားတွေက သက်သေပြနေပါတယ်။ မေးရိုးထွက်



www.burmeseclassic.com

www.burmeseclassic.com



နေပုံက အမျိုးသားကို ဦးဆောင်သွားမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ၊ ပါးလျှာတဲ့ အပေါ်နှုတ်ခမ်းလေးတွေကလည်း သူ့အတွက် အကျိုးမရှိရင် သူ့ဘက်က ပေးဖို့ ခဲယဉ်းတယ်လို့ ပြောနေလေရဲ့။

ဒင်နီယယ်လာရဲ့ နိမ့်ပါးပြီး သွယ်ချွန်စင်းသွားတဲ့ စင်ရော်တောင် မျက်ခုံးတွေက "ကျွန်မက သွေးဆူလွယ်တယ်။ ဘာမဆို မိုက်မိုက် ကန်းကန်းလုပ်ရဲတယ်"လို့ အချက်ပေး နေသလိုပါပဲ။

သူ့ရဲ့ ပင်ကိုစိတ်နှင့် ထိုးထွင်းဉာဏ်တွေအရ စိတ်မြန်လက်မြန် လုပ်တတ်ပြီး၊ စိတ်လည်း တိုလွယ်ပါတယ်။ ဒါကို သူ့မိသားစုနှင့် အရင်းနှီးဆုံးမိတ်ဆွေတွေ တွေ့ဖူးပါလိမ့်မယ်။

နှုတ်ခမ်း ၂ ချပ် ဆုံတဲ့ လမ်းကြောင်းဟာ ထူးထူးခြားခြား ဖြောင့်တန်းနေတာမို့ အလုပ်ကို ကြိုးစားပမ်းစားလုပ်တတ်ပြီး၊ အားကိုး အားထား ပြုလောက်သူလို့ ညွှန်းဆိုပါတယ်။

စည်းလွတ်ဘောင်လွတ်နေပြီး ဇိမ်ခံတတ်တဲ့သဘောကို ဒင်နီယယ် လာရဲ့နှာခေါင်းမှာ တွေ့ရပါတယ်။

သူ့အနေဖြင့် ပေါင်းသင်းဆက်ဆံရေးနှင့် အချစ်ရေးမှာ အမြဲ ကံ မကောင်းတတ်တာကို နှာခေါင်းပေါက်နှင့် နှာသီးဖျား အားနည်းချက်တွေ အရ သိနိုင်ပါတယ်။

ဒင်နီယယ်လာရဲ့ ပါးပြင်မို့မို့နှင့် မေးရိုးထွက်နေတာတွေက အပျော် အပါးကိုကြိုက်ပြီး၊ အထက်တန်းစားဘ၀ကို မြတ်နိုးတဲ့ သင်္ကေတတွေပဲ ဖြစ်ပါတယ်။ မေးရိုးမြင့်ပြီး ထင်ရှားပေါ်လွင်နေပုံအရ သြဇာညောင်းမှု နှင့် အကြီးအကဲနေရာက အမိန့်ပေးလိုတဲ့ သဘာ၀ကို ပြတာပါပဲ။





ဒင်နီယယ်လာရဲ့ လုံးဝန်းလှပတဲ့ မေးစေ့တွေက အဲ့ဒီအကျင့်စရိုက် တွေကို အားဖြည့်ပေးနေတယ် ဆိုရမှာပါ။ သူ့အနေဖြင့် 'မှန်'ဖို့တော့ လိုပါလိမ့်မယ်။

မျက်နှာတစ်ခုလုံးကို ခြုံကြည့်ရင်တော့ ပီပြင်လှပစွာ ထုဆစ်ထား တဲ့ သူ့မျက်နှာလေးက အပြစ်ကင်းစင်ပြီး ယဉ်ကျေးသိမ်မွေ့သလောက် အနုပညာခတ်တွေ ကွန့်မြူးနေပါတယ်။ ဒင်နီယယ်လာဟာ သူ့ရဲ့ သရုပ် ဆောင်အလုပ်ကို ဝင့်ဝင့်ကြွားကြွား ဂုဏ်ယူနေတယ်လို့လည်း ပြောနေ ပါတယ်။ သို့နှင့်အမျှ သူ့အိမ်မိသားစု, သူ့ရုပ်ရည်လက္ခဏာ, လှပ ကြော့ရှင်းတဲ့ သူ့အမှုအရာတွေအပေါ်မှာလည်း အားရကျေနပ်မှု ရှိတာကို ဖော်ဆောင်နေပါတယ်။

တစ်ဘက်ကလည်း သူ့ကိုယ်သူ အလွန်အကျွံ အရေးထား အာရုံစိုက် မှုတွေရှိနေပြီး၊ ထင်သလောက် အသိဉာဏ် မကြွယ်ဝတာကို တွေ့ရပါ တယ်။

သူ့ရဲ့ကိုယ့်ကိုယ်ကိုလေးစားမှုဟာ သူ့ကိုယ်သူ ချစ်ခင်မှုနှင့် သူ့ကိုယ် သူ သံသယပွားမှုကြားမှာ လူးလာစုန်ဆန် ယောက်ယက်ခတ်နေပြီး၊ စာကယ်ဖြူစင်မှန်ကန်တဲ့အလှကို တွေ့တော့မှ ငြိမ်ကျသွားပါလိမ့် မယ်။ ဒီ ထူးခြားတဲ့လက္ခဏာက သူ့ရဲ့ ရိုဝေနေတဲ့မျက်ဝန်းတွေထဲမှာ နူးညံ့ သိမ်မွေ့စွာ ပေါ်လွင်နေပါတယ်။

ဖော်ပြပြီး မျက်နှာသွင်ပြင် လက္ခဏာအားလုံးနှင့် လှပမို့မောက်တဲ့ သူ့ပါးပြင်လေးကို ပေါင်းစုလိုက်မယ်ဆိုရင် ဒင်နီယယ်လာမှာ အနုပညာ တန်ခိုးစွမ်းအားတွေ အကြီးအကျယ်ရှိနေတာ ထင်ရှားလာတော့တာပါပဲ။ သူ့ပါးပြင်တွေဟာ လူတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့အနေအထားနှင့် စွမ်းအားတွေပြည့်နေကြောင်း ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ တဖျပ်ဖျပ်တလက်လက် တောက်ပနေတာက ပြဇာတ်, ရုပ်ရှင်, ဂီတ စတဲ့ အနုပညာလုပ်ငန်း သရုပ်ဆောင်မှုအတတ်ပညာတွေမှာ ကြိုးပမ်းအောင်မြင်မှု, နာမည်ကျော်ကြားမှုတွေကို ပံ့ပိုးပေးရာက 'ဒင်နီယယ်လာ' ဆိုတဲ့ ကြယ်တစ်ပွင့် ပေါ်ထွန်းလာခဲ့ရတာပဲ ဖြစ်ပါတော့တယ်။

## ဗစ်တိုးရီးယားဘက်ခမ်း

မျက်နှာကို လှေလာကြည့်လိုက်တာနှင့် 'စိတ်တိုတယ်။ ဖန်တီးနိုင်တယ်။ ယောက်ယက်ခတ်နေတယ်' ဆိုတဲ့ လေ့စရိုက်တွေ တန်းပေါ်နေတာကတော့ ဗစ်တိုးရီးယားဘက်ခမ်းပါပဲ။

ဗစ်တိုးရီးယားဟာ သွယ်လျတဲ့ခန္ဓာကိုယ်နှင့် တြိဂံစောက်ထိုးမျက်နှာ၊ တစ်နည်း သစ်တော်သီးပုံမျက်နှာ ရှိပြီး၊ ကိုယ်ခန္ဓာစွမ်းအားမြင့်မားသလောက် ဦးဆောက်လည်းကောင်းတဲ့ ဘဝကို ပိုင်ဆိုင်ထားသူဖြစ်ပါ တယ်။

နဖူးမောက်တာဟာ ဉာဏ်ပညာထက်မြက်မှုကို ညွှန်းဆိုပေမယ့်၊ ဗစ်တိုးရီးယားအဖို့တော့ စက်ဝိုင်းပတ်သံသရာလည်တဲ့ အမိပ္ပာယ်ဖြစ်နေပါတယ်။

သူဟာ သူ့ဘဝမှာ ကြောင်းကျိုးမြော်မြင်မှုအရ လုပ်ဆောင်တာမျိုးကို အားသန်ပါတယ်။ ဒီ့အတွက် သူ့ကို 'အတွေးအခေါ်သမား, အကြံသမား' လို့ခေါ်ရင် မမှားပါဘူး။

သူ့မျက်လုံးတွေထဲမှာ ပြင်းထန်တဲ့စွမ်းအားနှင့် ဆွဲငင်အားတွေ ရှိနေသလို၊ ဉာဏ်ရည်ထက်မြက်မှုနှင့် စိန်ခေါ်ရဲတဲ့သတ္တိတွေကိုလည်း ပြနေ





ပါတယ်။ အညိုရောင်မျက်လုံးတွေမှန်ရင် စိတ်ဆန္ဒပြင်းပြ ထက်သန်သူတွေ ချည်းပါပဲ။

ဗစ်တိုးရီးယားမှာ တောင့်တင်းဖြောင့်မတ်ပြီး ကျယ်ဝန်းတဲ့ နဖူးခေါင်းတွေသာမရှိခဲ့ရင် ပိတ်ဆို့တားဆီးမှုတွေ တစ်ပုံတပင်ရှိတဲ့, မနိုင်ဝန်ထမ်းခဲ့ရတဲ့, စိတ်ထိခိုက်လွယ်သလောက် တုံ့ပြန်တာ မြန်တတ်တဲ့, တုံးတိုက်တိုက်ကျားကိုက်ကိုက် ဆိုပြီး နေတတ်တဲ့ သူ့ဘဝစတိုင်ဟာ ကျန်းမာရေးကောင်းမှာ မဟုတ်ပါဘူး။

ထို့အတူပဲ၊ သူ့နဖူးခေါင်း ကျယ်ပြန့်နေတာက မိတ်ဆွေအပေါင်းအသင်းတွေ, သူ့အပေါ်ချစ်ခင်မြတ်နိုးသူတွေအတွက် အနစ်နာခံစွန့်လွှတ်တတ်ကြောင်း ပြဆိုပါတယ်။

ဒီ့အပြင် သူ့ကို ကျက်သရေတိုးစေတာက သိသိသာသာ ကျယ်ဝန်းပြီး နက်ရှိုင်းတဲ့နှုတ်ခမ်းပေါ်က နှာမြောင့်လေးပါပဲ။ ဒီအမှတ်အသားက သူ့ကိုယ်ကာယစွမ်းအားတွေ အကန့်အသတ်မဲ့ ပေးစွမ်းပြီး အိမ်ထောင်ရေး, အချစ်ရေးမှာလည်း ကျွမ်းကျင်ထက်မြက်တဲ့ အစွမ်းတွေရှိကြောင်း ဖော်ပြပါတယ်။

သူမတူအောင် ထူးခြားရှားပါးတဲ့ စိန်ပွင့်သဏ္ဍာန် မျက်နှာရှင်ဗစ်တိုးရီးယားဟာ ချစ်သူတွေအများကြီး ရှိခဲ့ကောင်း ရှိခဲ့ပေမယ့်၊ သူ့ဘဝအတွက် စစ်မှန်တဲ့ကြင်ဖော်ကြင်ဖက်ကို ရှာမတွေ့မှာ ကြောက်ရွံ့စိုးရိမ်တဲ့ လက္ခဏာတွေ အထင်းသား ပေါ်နေတာကလား။


သူ့ရဲ့ V ပုံ ပေါ်နေတဲ့မျက်ခုံးတွေက ပီပီသသရှိနေပြီး၊ ဆုံးဖြတ်ချက်ပြတ်သားမှု, ကြံ့ကြံ့ခံ ခွဲကောင်းမှု, အလုပ်ပြီးမြောက်အောင် ဆောင်ရွက်နိုင်တဲ့ စွမ်းရည်ရှိမှုတွေကို အသိပေးနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





Victoria Beckham





မျက်ခုံးတွေဟာ မျက်လုံးပေါ်မှာ ခပ်နိမ့်နိမ့် ကပ်ရှိနေတဲ့အတွက် စိတ်ထင်ရာ လုပ်တတ်တာနှင့်အမျှ သူ့အကြံအစည်တွေ အမြန် အကောင်အထည်ဖော်နိုင်စွမ်း ရှိစေပါတယ်။

သေသပ်လှပတဲ့ နားရွက်တွေက ဒီအချက်ကို အထောက်အကူပြု ညီနိုင်းပေးသလို၊ သူဟာ တာဝန်ဝတ္တရားနှင့်ပတ်သက်လာရင် တိကျပြီး စေ့စပ်သေချာအောင် လုပ်ဆောင်တတ်ခြင်းရဲ့ ပြယုဂ်အဖြစ် ထင်ရှားနေပါတယ်။

နားရွက်တွေ(၂) လုံးလုံးဝန်းဝန်းလေးတွေ ဖြစ်နေပြီး၊ ဂီတနှင့် အကကို ဝါသနာပါကြောင်း ဖွင့်ဆိုနေပါတယ်။ ဂီတနှင့် အကဟာ သူ့ကို ကမ္ဘာကျော်အောင် လုပ်ပေးခဲ့တာပဲ မဟုတ်လား။

ဗစ်တိုးရီးယားရဲ့ အာရုံခံစားမှုပြင်းတဲ့ နှုတ်ခမ်းတစ်စုံက အောက်ဘက်ကိုကွေးပြီး ထောင့်စွန်းလေးတွေ ကုပ်နေပါတယ်။ ဒါဟာ အမိန့်ပေးတဲ့အမှတ်အသားဖြစ်ပြီး၊ သူ့ရဲ့ဆန္ဒကို ဖော်ထုတ်ဖို့ နှောင့်နှေးကြန့်ကြာနေမှာ မဟုတ်သလို၊ မကျေနပ်မှုကိုလည်း ချက်ချင်း ပက်ခနဲ ပြောမယ့်လူစားဆိုတာ ထင်ရှားပါတယ်။


ဗစ်တိုးရီးယားအနေဖြင့် သူ့ပင်ကို သဘာဝဖြစ်တဲ့ စိတ်လှုပ်ရှားခံစားမှုကို ပြန်သုံးသပ်နားလည်နိုင်မှသာ အသက်မွေးဝမ်းကျောင်းဘဝအောင်မြင်မှုတွေ ဆက်ရမှာ ဖြစ်သလို၊ စိတ်အေးချမ်းသာမှုတွေလည်း ပိုရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





Britney Spears





## ဘရစ်တနီ စပီးယားစ်

ဘရစ်တနီစပီးယားစ်ဟာ ကမ္ဘာကြီး အံ့အားသင့်သွားစေတဲ့ သမိုင်းဝင်ကျန်ခဲ့တဲ့ MTV ဆုကို မက်ဒေါနားနှင့် ပူးတွဲရယူခဲ့သူပါပဲ။

သူ့ မျက်နှာကို ရုပ်ကြည့်ဗေဒအမြင်ဖြင့် ကြည့်ပြီး ထူးခြားတဲ့ အသွင်လက္ခဏာတွေကို ရှာကြည့်ရအောင်။

ဘရစ်တနီဟာ ပရိသတ်တွေကို အားကောင်းပြီး ညှို့ဖမ်းနိုင်တဲ့ ဖျော်ဖြေကပြမှုတွေနှင့် ငေးမောအံ့သြ စေခဲ့ပါတယ်။

သူ့အနေဖြင့် ထူးထူးခြားခြားလှပမှုကို ပိုင်ဆိုင်သလို၊ နုပျိုချောမောမှုကို မျက်နှာလေးက ရခဲ့တာပါ။

သူ့မျက်လုံးလေးတွေဟာ သူ့ကိုယ်သူ ယုံကြည်မှုနှင့် ပြုစားနိုင်တဲ့ ရောင်ခြည်တွေ ဖြာထွက်နေပါတယ်။ ဒါကိုပဲ ရှန်းလက်တောက်ပမှုလို့ ခေါ်ကြပြီး၊ အောင်မြင်မှုနှင့် လူကြိုက်များ ထင်ရှားကျော်ကြားမှုရဲ့ သင်္ကေတတစ်ခုအဖြစ် သိကြပါတယ်။

သူ့ရဲ့ ခုံးခုံးလေးမို့နေပြီး တလက်လက်ဆွဲဆောင်နေတဲ့ နှဖူးပြင်က ဆက်ဆံရေး ပြည့်ဝကောင်းမွန်ကြောင်း ပြဆိုပါတယ်။

နဖူးပြင်မှာ စိတ်ကူးစဉ်းစားတဲ့အပိုင်း, မှတ်ဉာဏ်ပိုင်း, လေ့လာဆန်းစစ်တဲ့အပိုင်း ဆိုပြီး ၃ ပိုင်း ရှိပါတယ်။

ဘရစ်တနီမှာရှိတဲ့ ဝန်းမို့တဲ့နဖူးပုံစံကို ထောက်လို့ စိတ်ကူးဉာဏ်က အကောင်းဆုံးဖြစ်နေတာ တွေ့ရပါတယ်။ ဒီထူးခြားတဲ့လက္ခဏာက ဉာဏ်စွမ်းထက်မြက်မှု မြင့်မားသလောက်၊ 'ပညာဗဟုသုတကို ငမ်းငမ်းတက် ရှာမှီးတတ်သူ' လို့ ဖွင့်ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံကျနဲ့ လှပတဲ့သူ့နှာခေါင်းက လူမှုရေးကျွမ်းကျင်လို့ ခင်မင်စရာကောင်းတဲ့အစိပ္ပာယ်ကို ဆောင်ပါတယ်။ နှုတ်ခမ်းလေး အထင်းသားပေါ်နေတာကလည်း သူ့ကို ချစ်ခင်လေးစားသူတွေ ဝိုင်းဝိုင်းလည်နေတာကို ပြပါတယ်။ ပါးပြင်လေးတွေ ပြည့်ဖြိုးပြီး နှင်းဆီရောင်သမ်းနေတာက မိတ်ဆွေအပေါင်းအသင်းတွေနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်မှုကို အားဖြည့်ပေးနေပါတယ်။ နှာခေါင်းပေါက်တွေ သိပ်မပေါ်တာဟာ ကြွယ်ဝချမ်းသာမှုနှင့် ရုပ်ဝတ္ထု ဥစ္စာစည်းစိမ်တွေ ပေါများမှုရဲ့ ကြီးကျယ်တဲ့ နိမိတ်သင်္ကေတပါပဲ။

ဘရစ်တနီရဲ့မေးစေ့နှင့် မေးရိုးဟာ အချိုးအစား ကျနကာ ညီညာပြေပြစ်မှုရှိတဲ့အတွက် ဥပဓိရုပ်က အားရှိပြီး ခိုင်မာတဲ့အနက်ကို ဆောင်ပါတယ်။

ကိုယ်ကာယ လှပခြင်းကလည်း မျက်နှာပြင်ရဲ့ ထူးခြားမှုကနေ ရောင်ပြန်ဟပ်တဲ့ သဘောပါပဲ။ သူဟာ ရေရှည်ဒဏ်ခံနိုင်သလို၊ အကျိုးဆက် အနေဖြင့် သရုပ်ဆောင်ကပြမှုတွေမှာ အလိုအလျောက် စွမ်းအားထုတ် နိုင်သူ ဖြစ်ပါတယ်။

သူ့ရဲ့ အသက် ၂၀ ကျော်ကာလတွေဟာ အလွန်အောင်မြင်တဲ့အချိန်တွေ ဖြစ်ခဲ့ရတာကလည်း သူ့ရဲ့နဖူးပြင်နှင့်သက်ဆိုင်ပြီး၊ အသက် ၁၈ နှစ်မှ အသက် ၃၀ ကြားအထိ အောင်မြင်မှုကို ပြဋ္ဌာန်းပေးထားပါတယ်။

ဒီနောက်မျက်ခုံးတွေက အသက် ၃၀ နှင့် ၃၄ နှစ်ကြားကို ညွှန်းဖော်တာနှင့်အမျှ မျက်ခုံးပုံစံ လှပကောင်းမွန်မှုက သူ့ဘဝကို ဆက်အကျိုးပြုပေး ပါလိမ့်ဦးမယ်။





ယောကျ်ားတစ်ယောက်ဟာ ဉာဏ်ရည်မြင့်မားပြီး သူ့အပေါင်းအဖော်တွေအပေါ် ဩဇာညောင်းတဲ့ ဘရစ်တနီရဲ့ခြေရင်းမှာ ဝပ်စင်းနေရဖို့ များပါတယ်။ ဒါကလည်း နဖူးပြင်မို့ပြီး မျက်လုံးတွေ ကြည်လင်မှုကြောင့်တော့ လူတစ်ယောက်ရဲ့ နှာခေါင်းကိုမြင်ရုံဖြင့် သူဟာ စီးပွားရေးကောင်းတယ်, မကောင်းဘူး သိနိုင်ပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ သဘာဝစွမ်းအားဟာလည်း သူ့နှာခေါင်းကိုကြည့်ပြီး၊ ဟောကိန်းထုတ်လို့ရတယ် ဆိုလေရဲ့။

ဘရစ်တနီအနေဖြင့် သာသာလေး ညို့ဆွဲနိုင်တဲ့မျက်လုံးတွေ စွမ်းအားကျမသွားအောင် ကိုယ်ရောစိတ်ပါထိန်းသိမ်းဖို့ လိုပါတယ်။

## ဘင် အက်ဖလက်

ထောင့်စွန်းတွေရှိနေပေမယ့် အချိုးညီ ပြေပြစ်လှပတဲ့ ဘင်အက်ဖလက်ရဲ့ မျက်နှာဟာ အလုပ် အပြင်းအထန်ကြိုးစားမှုနှင့် ကံကောင်းခြင်းတို့ ပေါင်းစပ်ထားတဲ့ ကောင်းမြတ်တဲ့ အသွင်လက္ခဏာပါပဲ။

သူ့မျက်လုံးတွေပေါ်က မျက်ခွံအရစ်လေးဟာ အကင်းပါးတဲ့ သဘာဝရှိပြီး လက်တွေ့ကျသလို၊ စရိုက်ဝါသနာကို ထူးချွန်အောင် ဖန်တီးပေးပါတယ်။ အသက် ၂၈နှစ် နောက်ပိုင်းမှာ ဂုဏ်သတင်းကျော်ကြားထင်ရှားတဲ့အဖြစ်ကို ပို့ဆောင်ပေးခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။


ဘင်ရဲ့မျက်ခုံးတွေဟာ ကြင်နာစာနာမှုကို ဖော်ကျူးပြီး နှုတ်ခမ်းတွေက တစ်ဘက်လူရဲ့ ခေါင်းထဲက အတွေးတွေကို မှန်းဆနိုင်စွမ်းရှိတာကို ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





Ben Affleck





ဘာပဲဖြစ်ဖြစ် နဖူးမြင့်ပြီး တိတိရိရိလေးဖြစ်နေတာနှင့် ဖြောင့်စင်းသွယ်ဆင်းတဲ့ ဆံပင်အကျဖွေက ပညာဉာဏ် ထက်မြက်ထူးချွန်မှု၊ လုပ်ငန်းနှင့် တစ်ကိုယ်ရေအပိုင်းမှာ ကောင်းမွန်ပြည့်ဝမှုတွေရဲ့ အမှတ်အသားပဲ ဖြစ်ပါတယ်။

နိုင်မာတဲ့မေးရိုး၊ ပါးချိုင့်၊ ပေါလွင်ထင်ရှားတဲ့ မေးစေ့တွေက ဘယ်လိုဖြစ်ဖြစ် ခေါင်းမာပြီး တိုက်ခိုက်လိုစိတ် ပြင်းပြတဲ့စရိုက်ကို ထောက်ပြနေလေရဲ့။

## ပင်နယ်လုတ်ခရပ်စ်

မျက်နှာအလှနှင့် ဆွဲဆောင်မှုက ပင်နယ်လုတ်ခရပ်စ်ရဲ့မျက်နှာက ရောင်စဉ်လှိုင်းတွေ ကူးလာတာ ထင်ရှားပါတယ်။ ရုပ်ကြည့်ဗေဒက သူမရဲ့ဖုံးကွယ်နေတဲ့ စရိုက်လက္ခဏာတွေကို နည်းနည်းပိုပြီး ဖော်ထုတ်ပေးတာလို့ ဆိုရမှာပဲ။

ပင်နယ်လုတ်ရဲ့ ပြုစားတတ်တဲ့အကြည့်၊ မျက်လုံးရွဲကြီးတွေ၊ စိုရွှန်းပြီး စွဲမက်စဖွယ်နှုတ်ခမ်းတွေက သူ့ရဲ့ခံစားမှုကို လှစ်ပြနေပါတယ်။ အားကောင်းတဲ့ မျက်ခုံးတွေကလည်း ဂရုတစိုက်လေ့လာမှုနှင့် ထိုးထွင်းသိမြင်နိုင်စွမ်း ရှိတာကို ပြဆိုပါတယ်။

မဆိုစလောက်လေး အရွယ်ချင်း မညီတဲ့ နှုတ်ခမ်းလေးတွေရှိပြီး ထောင့်စွန်းမှာ ချိုင့်ခွက်ဝင်နေပုံလေးက လှုံ့ဆော်စကားတွေ ပြောနိုင်စွမ်းရှိပုံကို ဆောင်ပါတယ်။

မေးရိုးတွေ ကားပြီး ထင်းနေသလို၊ စိန်ပုံစံ ဖြစ်နေတဲ့မျက်နှာက ခင်မင် ရင်းနှီးမှုများမှာ သွေးဆောင်လွှမ်းမိုးနိုင်မှုကို သရုပ်ပြနေတာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com





Penelope Cruz

သူချစ်သူတွေဟာ သူမရဲ့စိတ်ကူးယဉ် အချစ်နှင့်ပတ်သက်ပြီး အကြိုက်တွေ့ဖို့, အထူးအရည်အသွေးတွေ ရှိထားဖို့ လိုပါတယ်။ ဘာပဲ ပြောပြော ညို့ဆွဲအားကောင်းကောင်းနှင့် လှပတဲ့ မျက်ခုံးလေးတွေက ရုပ်ရှင်သရုပ်ဆောင်လောကမှာ ဆထက်ထမ်းပိုး အောင်မြင်မှုတွေရဦးမယ် ဆိုတာ ကတိပေးနေပါတယ်။

ပန်းရွှေပြည် တအုပ်တိုက်



## ရုပ်ဆယ်ခရိုး

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ရုပ်ဆယ်ခရိုးမှာ ရုပ်ချောတဲ့အပြင် တခြား ထူးခြားတဲ့အမှတ်လက္ခဏာတွေလည်း ရှိနေပါတယ်။

ခရိုးရဲ့မျက်နှာက သူ့အောင်မြင်မှုတွေကို ဟောကိန်းထုတ်ပြနေလျက် သားပါ။

သူ့မျက်နှာကို ၃ ပိုင်း ခွဲကြည့်ရင်၊ ကျယ်ပြန့်ပြီး မြင့်မားတဲ့နဖူးအရ ကလေးဘဝက ကောင်းစားခဲ့တာ မြင်ရပါမယ်။ သူ့နဖူးက ရှည်လည်း ရှည်တယ်၊ ကျယ်လည်းကျယ်ပါတယ်။ အဲ့ဒါက ဉာဏ်ရည်ဉာဏ်စွမ်း ထက်မြက်မှု, စိတ်ကူးကောင်းမွန်မှုကို ညွှန်းဆိုပါတယ်။ အရောင်လက် နေတဲ့နဖူးက အောင်မြင်မှုနှင့် ကျော်ကြားမှုတွေရဲ့ ဂုဏ်ပြုတံဆိပ်ပါပဲ။

မျက်ခုံးတွေက ၂ဖက်ညီပြီး ဖြောင့်ဖြောင့်တန်းတန်း သေသေ သပ်သပ် ရှိနေပါတယ်။ ဒါကတော့ လူတွေနှင့် ပေါင်းသင်းဆက်ဆံရေး ကောင်းတယ်လို့ ဖွင့်ဆိုချက်ပါ။ သူ့မျက်ခုံးမွေးတွေဟာ မျက်လုံးနှင့် နားရွက်ဆီ အတော်လေးကပ်နေတာကြောင့် တခြားလူတွေအပေါ် စိတ် မရှည်ချင်သလို၊ ရန်မူရန်စရာတောင် ရောက်သွားတတ်တာကို ပြနေပါ တယ်။

ပထမဂိတ်ပေါက်ဖြစ်တဲ့ မျက်ခုံး ၂ ခု ကြားနေရာဟာ မင်္ဂလာရှိစွာ ကျယ်ဝန်းပြန့်ပြူးနေသော်လည်း မှဲ့တစ်လုံး ခံနေပါတယ်။ အသက် ၄၀ ဝန်းကျင်မှာ အခက်အခဲတစ်ချို့ တွေ့ကြုံရမယ့် နိမိတ်လက္ခဏာပါပဲ။

သူ့ရဲ့ အသားတွေပြည့်တင်းပြီး စိုဝင်းနေတဲ့နှာသီးကတော့ ငွေးငွေး ပြီး ခင်မင်စရာကောင်းတဲ့စိတ်ဓာတ်ကို မွေးပေးပါတယ်။

ပန်းရွှေပြည် တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





Russel Crowe





ရပ်ဆယ်ရဲ့ ရှည်မျောမျောမေးစေ့က သူ့ အိုမင်းချိန်မှာ ပိုကောင်းစားမယ့်အဓိပ္ပာယ်ကို ဆောင်ပါတယ်။ ဒါပေမယ့် ခပ်ပါးပါးလေးထင်နေတဲ့ ချိုင့်ခွက်ကလေးက ဘဝနှောင်းပိုင်းမှာ အိမ်ထောင် ထပ်ဆက်ရမယ့်အဖြစ်ကို ညွှန်းနေပါတယ်။သူ့နားရွက်တွေက နားထင်ဘက်ကပ်နေပြီး မျက်ခုံးတွေအထက် ကျကျမှာ နေရာယူထားပါတယ်။

ဒါဟာ နားရွက်တွေအတွက် နှစ်သက်ဖွယ်အနေအထားပဲ ဆိုရပါလိမ့်မယ်။ သူဟာ သူ့ဘဝမှာ စောစောစီးစီးကတည်းက လူနေမှုမြင့်မားတဲ့အသိုင်းအဝိုင်းထဲ ရောက်ခဲ့ရပြီး၊ အများတကာရဲ့ လေးစားခင်မင်မှုကို ကောင်းကောင်း ရခဲ့လို့ပါပဲ။

ရပ်ဆယ်ရဲ့ မျက်လုံးတွေဟာ ဘဲဥပုံ ဖြစ်နေပြီး၊ အပေါ်မျက်ခွံတွေက မျက်လုံးထောင့်အပြင် နှုတ်ခမ်းထောင့်ကို ဖွေစောင်းပြီး လာဆုံနေပါတယ်။ ဒီအဓိပ္ပာယ်က ချစ်ခင်ဖွယ်ကောင်းမှု၊ မနာလို ဝန်တိုမှု၊ မေတ္တာတရားတွေ၊ ငတ်မွတ်တောင့်တမှုတွေကို ပြဆိုရုံမက၊ အခက်တွေ့စေမယ့် ဂရုစိုက်မှုတွေလည်း ရှိနေတယ်လို့ ပြောပါတယ်။

ဝန်းဝိုင်းပြီးနိမ့်ဆင်းသွားတဲ့ မေးရိုးတွေက သူဟာ အသည်းအသန်ပြိုင်တတ်သူ မဟုတ်သလို၊ အလွန်အကျွံရန်မလိုဘူး ဆိုတာလည်း သိသာစေပါတယ်။ အထူးသဖြင့် မှဲ့တွေ ပေါက်လာကတည်းက ဆိုပါတော့။

သူဟာ ရိုင်းစိုင်းပြီး စိတ်တိုဒေါသကြီးတယ်လို့ နာမည်ထွက်ခဲ့ပေမယ့်၊ တကယ်တမ်းကျတော့ သူဟာ သီးခံနိုင်စွမ်းကြီးမားတယ်။ သူ့ရန်သူတွေကို ကြွယ်ဝတဲ့နည်းပရိယာယ်တွေဖြင့် အေးအေးဆေးဆေး ခုခံကာကွယ်တတ်သူသာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်ရဲ့ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းများမှာ အပေါ်နှုတ်ခမ်းက ပါးပြီး အောက်နှုတ်ခမ်းက ထူနေခြင်းအားဖြင့် သိမ်မွေ့ယဉ်ကျေးတဲ့ အချက်ကို ပြသလို၊ စိတ်ကူးကောင်းသူ၊ ဂရုတစိုက် ပြုစုတတ်သူ၊ အုတိုတတ်တဲ့ချစ်သူ အဖြစ်ကိုလည်း ဖော်ညွှန်းနေပါတယ်။

သူဟာ အိပ်ခန်းအပြင်မှာတော့ ရှက်ကြောက်တတ်သူ၊ စိတ်တိုသူ ဖြစ်နိုင်တယ် ဆိုချင်ပါရဲ့။

ဒါနှင့်အမျှ အပေါ်နှုတ်ခမ်းအလယ်က နှင်းဆီပွင့်ဖတ်သဏ္ဌာန်လေး ကလည်း သူ နှစ်နှစ်ကာကာချစ်သူကိုမှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ် လက်ထပ်ယူမယ်လို့ အဓိပ္ပာယ်ထွက်နေပါသတဲ့။

## အင်ဂျလီနာဂျိုလီ

အမျိုးသမီးမဂ္ဂဇင်းတစ်စောင်မှာ ရေးထားပါတယ်။ အင်ဂျလီနာ ဂျိုလီရဲ့ ဖောင်းအိနေတဲ့ နှုတ်ခမ်းလေးတွေရဲ့ ပုံစံမျိုးကို အငမ်းမရလိုချင် ကြလို့ အမျိုးသမီးတွေဟာ သူတို့ရဲ့မျက်နှာအလှကို ဆရာဝန်တွေဆီ၊ မရရအောင် လုပ်နိုင်းကြတယ်ဆိုပဲ။

ဟုတ်လောက် ပါတယ်လေ။ နှုတ်ခမ်း ထူအမ်းအမ်းလေးတွေဟာ ရိုးသားမှု၊ သစ္စာရှိမှု၊ ခင်မင်ဖော်ရွေမှုတို့ရဲ့ ပြယုဂ်ပဲ မဟုတ်ပါလားလို့။

နှုတ်ခမ်းထူထူတွေဟာ အရသာရှိတဲ့ အစားအသောက်တွေကို နှစ်သက်ကြပေမယ့်၊ များသောအားဖြင့်တော့ ခံတွင်း ပျက်နေတတ်ကြပါ သတဲ့။

နောက် သူတို့ရဲ့အားနည်းချက်က စိတ်လှုပ်ရှားခံစားမှုကို ဦးစား သိပ်ပေးလွန်းပြီး ရမ္မက်ဆန္ဒကို အလွန်ပဲ အလိုလိုက်တယ်လို့ ဆိုကြပါ တယ်။





အင်ဂျလီနာရဲ့နှုတ်ခမ်းတွေက သူတို့ဟာ တခြားလူတွေရဲ့ ချစ်ခင် နှစ်သက်မှုကို ဖွတ်အခမ္ဘတောင်းဆိုနေတယ်လို့ ပြောရင်လည်း မမှား ပါဘူး။

သူ့အပေါ်နှုတ်ခမ်းလေးက အောက်နှုတ်ခမ်းလေးထက် ပိုတိုတာ ကြောင့် ရမ္မက်စိတ် ပိုပြင်းထန်မယ်လို့ သိသာပါတယ်။

အပြုသဘောဆောင်တဲ့ဘက်က ပြောရင်တော့ သူ့နှုတ်ခမ်းလေး တစ်စုံဟာ ကျန်းမာရေးကောင်းတာ၊ အသိဉာဏ်ပညာ ကြွယ်ဝတာ၊ ရင်းနှီးခင်မင်မှု တာရှည်တာနှင့် အသက်ကြီးချိန်မှာ မပူမပင် မကြောင့် မကြ နေရမယ့် အဖြစ်တွေပါပဲ။

အင်ဂျလီနာရဲ့မျက်ခုံးတွေဟာ ၂ဖက်စလုံး တစ်ဆင်တည်း၊ တစ်ပုံ တည်း တူညီနေတာကိုထောက်လို့ သူ့မှာ ညီအစ်ကိုမောင်နှမဝမ်းကွဲ ရှိရမယ်လို့ ဟောကိန်း ထွက်ပါတယ်။

မျက်ခုံးတွေဟာ ပညာဉာဏ် ရှိ၊မရှိ ဖော်ပြသလို၊ စိတ်အပြောင်း အလဲ မြန်တာကိုလည်း ညွှန်းဆိုတတ်ပါတယ်။ အင်ဂျလီနာရဲ့မျက်ခုံး တွေက မျက်လုံးတွေအထက်မှာ ကွေးကွေးလေး မြင့်တက်နေပါတယ်။ တခြားလူတွေကို သီးခံစိတ်ရှည်ပြီး၊ အလွယ်တကူ လိုက်လျောတတ်တဲ့ သဘောပါ။ အဓိပ္ပာယ်ကတော့ သူဟာ မိတ်ဆွေတွေ အလွယ်တကူ ရရှိပြီး၊ သူတို့နှင့် ထာဝစဉ် လက်တွဲသွားတတ်တယ် လို့ပါပဲ။

ပါးရိုးတွေ ထွက်နေတာနှင့် မျက်လုံးတွေကြီးတာကို အာရှ အမြင်ဖြင့် ပြောရရင်တော့ အပြိုင်အဆိုင်လုပ်ချင်တဲ့ဆန္ဒ ထက်သန်သလို၊ ပျော်ပျော်ပါးပါးနေပြီး ပွင့်ပွင့်လင်းလင်းပြောတတ်တယ်လို့ ဆိုရမှာပါ။


မိန်းမတစ်ယောက်ရဲ့နှာခေါင်းကို 'လင်တော်မောင်ရဲ့ ကြယ်ပွင့်'လို့ ခေါ်ပါတယ်။ ဒါကလည်း ယောကျ်ားတစ်ယောက်အဖို့ နှာခေါင်းဟာ



www.burmeseclassic.com

www.burmeseclassic.com





Angelia Jole





ချမ်းသာကြွယ်ဝခြင်းရဲ့ ပဋ္ဌမမြောက်အိမ် ဖြစ်နေလို့ပါပဲ။

အင်ဂျလီနာရဲ့နှာခေါင်းထိပ်လေးက လုံးဝန်းတယ်။ နှာတံကလည်း ဖြောင့်တန်းပြီး သိပ်မမြင့်တဲ့ပုံစံ ရှိနေတယ်။ ရိုးရာအယူအဆအရ လင်တော်မောင်ရဲ့ ချစ်ကြင်မြတ်နိုးမှုကို ရရှိမယ့်အဓိပ္ပာယ်ကို ဆောင်နေပါတယ်။ ဒါပေမယ့် မြင်သာတဲ့ သူ့နှာခေါင်းပေါက်တွေက 'ငွေ မမြဲဘူး။ အသုံးအဖြုန်း ကြီးမယ်' လို့ ပြောနေလေရဲ့။

ရုပ်ကြည့်ဗေဒဟာ စိန်ခေါ်မှုတစ်ရပ်ပဲ ဖြစ်ပြီး တခြားလူတွေရဲ့ စိတ်ကို ထိုးထွင်းသိမြင် နိုင်သလို၊ မိမိကိုယ်တိုင်ရဲ့ အင်္ဂါရုပ်၊ အနာဂတ် အရေး၊ ကျန်းမာရေးအခြေအနေတွေကို တွက်ဆ ဟောပြောနိုင်တာတော့ အမှန်ပါပဲ။

## ဂျွန်ကယ်ရီ

ဂျွန်ကယ်ရီမျက်နှာက ရှည်ရှည်သွယ်သွယ်လေးပါ။

သူဟာ ထိပ်ဆုံးကို ရောက်လိုတဲ့စိတ်နှင့် အပြင်းအထန်အလုပ်လုပ်နေတဲ့ အလုပ်သမားဖြစ်တယ် ဆိုတဲ့အဓိပ္ပာယ်ပါပဲ။

ပန်းတိုင်ရောက်ဖို့ဆိုရင် တစ်နေ့ကို ၂၄ နာရီရှိတာထက် ပိုလုပ်ချင်တဲ့သူ လို့တောင် ပြောရပါဦးမယ်။

အောင်မြင်မှုနှင့် အတ္တဟာ သူ့အတွက် အရေးတကာ့ အရေးကြီးဆုံး ဖြစ်ပြီး၊ ဆုံးရှုံးမှုဆိုတာ သူ လုံးဝမစဉ်းစားတဲ့ အရာပါ။ သူဟာ သူလိုချင်တာရဖို့ ဘာပဲလုပ်ရလုပ်ရ လုပ်ပါလိမ့်မယ်။


သူက စိုးရိမ်စိတ် ကြီးမားပါတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဆင်ပြေအောင် လုပ်တတ်ပါတယ်။ သူ့ရည်မှန်းချက်၊ အတ္တနှင့် သူ့ပို



www.burmeseclassic.com

www.burmeseclassic.com





John Kerry





ချင်တဲ့ပုံစံတွေပေါ်မှာပဲ အာရုံစိုက်လေ့ ရှိပါတယ်။

သူဟာ အပြောကျွမ်းကျင်သလို ခြိမ်းခြောက်မှုမသုံးဘဲနှင့် လူယုံကြည်မှုရအောင်လည်း လုပ်တတ်ပါတယ်။

သူ့မျက်လုံးတွေက တခြားလူတွေ ဘာ တွေးနေတယ်ဆိုတာ သိပ်သိကြောင်း ပြသနေပြီး၊ တစ်ဘက်က ဖွင့်မပြောခင်, မကန့်ကွက်ခင်မှာတင် သူက ရင်ဆိုင်ဖြေရှင်းပြီးသား။

သူ့မှာ တခြားလူတွေကို တွန်းအားပေးနိုင်တဲ့ မယုံနိုင်စရာစိတ်တန်ခိုးမျိုးလည်း ရှိပုံပါပဲ။

သူ့မျက်ခုံးတွေက စီမံကိန်းတွေမှာ နေ့နေ့ရေလးလေး စ,ပေမယ့်၊ အရှိန်ရသွားပြီ ဆိုတာနှင့် တစ်ဟုန်ထိုးပေါက်သွားအောင် လုပ်နိုင်စွမ်းကို ပြပါတယ်။

သူဟာ ယုတ္တိဗေဒနည်းကျကျ တစ်ဆင့်စီ စဉ်းစားတတ်သူဖြစ်ပြီး၊ ပြဿနာတွေကိုလည်း ကြောင်းကျိုးဆက်စပ် ဖြေရှင်းတတ်ပါတယ်။ စိတ်လှုပ်ရှားလွယ်တဲ့လူတွေနှင့် သူ မပတ်သက်ချင်ပါဘူး။ သူက ခံစားမှုထက် အကြောင်းအချက်ကို ဦးစားပေးပါတယ်။ တစ်ခါတစ်ရံ လူတစ်ဘက်သားကို ထိုးနှက်ချက်တွေဟာ ပြင်းထန်တတ်ပါတယ်။

သူ့မျက်လုံးတွေက သူဟာ 'သံသယဝင်တတ်သူ' လို့ ပြောနေလေရဲ့။ သူဟာ သူစိမ်းတွေကို မယုံသလို၊ သူ့ကို ပြောသမျှကိုလည်း လက်မခံပါဘူး။ ဒီအချက်က သူ့တစ်ကိုယ်ရေ ဘဝထဲမှာလည်း ဝင်ပါခဲ့ပြီး၊ သူနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား လူတွေကိုတောင် မယုံသင်္ကာ သံသယ ပွားစေခဲ့ပါတယ်။

သူ့မျက်လုံးတွေက သူ့ကိုယ်သူနှင့် ပတ်သက်လို့လည်း များများစားစား ဖွင့်ဟ အသိပေးခြင်း မရှိတာကို ပြဆိုနေပြန်ပါတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ပကတိအခြေအနေတွေနှင့် တခြားလူတွေအကြောင်းကို လွတ်လွတ်ကျွတ်ကျွတ် အားရပါးရပြောတတ်ပေမယ့်၊ သူ့အကြောင်း, သူ့ခံစားချက်တွေပြောဖို့ကျရင် မြုံနေတတ်ပါတယ်။ မေးခွန်းရဲ့အဖြေတွေကို သူက လွှဲလို့ ဘယ်သူမျှ မသိနိုင်ပါဘူး။

သူဟာ အဆိုးမြင်ဝါဒီတစ်ယောက် ဖြစ်သလို၊ ပြဿနာတွေကို အမြဲ မျှော်လင့်သူပါပဲ။ ပြဿနာဖြစ်လာပြီဆိုရင် သူက မအံ့ဩဘဲ ထိပ်တိုက်ရင်ဆိုင်လေ့ ရှိပါတယ်။ သူက လေ့ကျင့်သားရပြီးသားမို့ ဘယ်ပြဿနာမဆို အနိုင်ယူ ရှင်းပစ်နေကျပါပဲ။

သူက အလန့်တကြား အံ့အားသင့်ရတာမျိုးကို မကြိုက်ပါဘူး။ သူ အံ့ဩသွားရတဲ့တိုင်အောင်လည်း သူ့မေးစေ့က အံ့ဩတဲ့အမူအရာကို ပယ်ဖျောက်ပစ်ဖို့ကြိုးစားတာ မျက်လုံးတွေထဲမှာ တွေ့ရပါလိမ့်မယ်။

သူဟာ ဆရာဝန်တစ်ယောက်၊ ဒါမှမဟုတ် စိတ်ပညာရှင်တစ်ယောက် ဖြစ်ဖို့ မွေးလာပုံ ရပါတယ်။ ဒါပေမယ့် ယောက်ျားဘက်များတဲ့ သူ့ခန္ဓာဗေဒအရ သူ့ရဲ့ဥပမိလက္ခဏာဟာ သွက်လက်တက်ကြွနေလေတော့ ဆေးကုသရမယ့်အလုပ်က သူ့အတွက် သိပ်ကို အားမရစရာ ဖြစ်နေပါတော့တယ်။

သူ့နှာခေါင်းက လုပ်ငန်းဘဝ, သူ့ပတ်ဝန်းကျင်, နေရာဌာန, ပုံစံတွေအပေါ်မှာ စိုးမိုးထားကြောင်း ထင်ရှားတဲ့သာဓကပါပဲ။

သူ့အနီးဝန်းကျင်က လူတွေကို သူ့အတွေးအခေါ်တွေ ရိုက်သွင်းပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ သင်ပေးတတ်ပါတယ်။ မိန်းမတွေထက် ယောက်ျားတွေဆီကအကြံဉာဏ်ကို နားထောင်တတ်ပါတယ်။

သူ့နားရွက်တွေက တခြားလူတွေ တွေးခေါ်ကြံစည်တာကို ကောင်းကောင်းသိကြောင်း ပြနေပါတယ်။ သူဟာ ပြဿနာမဖြစ်ခင် ကြိုသိ





နိုင်တဲ့အစွမ်းလည်း ရှိပါတယ်။ သူဟာ အဖြေကို တန်းခနဲ ရှာတတ်တာကြောင့် စိတ်ပညာရှင်တစ်ယောက်ရဲ့ စွမ်းရည်သတ္တိမျိုးနှင့် စိတ်ရောဂါကို ကုသနိုင်တဲ့အဆင့်တောင် ရှိပါတယ်။ သူ့ရန်သူတွေနှင့် ပတ်သက်လို့လည်း စိတ်ပိုင်းဆိုင်ရာအားနည်းချက်တွေကို ရှာပြီး အမြတ်ထုတ်ဖို့ လက်မနှေးသူပါ။

သူ့ပါးစပ်က သေးသေးလေးရယ်။ ဒါပေမယ့် မဟတဟလေး ပွင့်နေတယ်။ ဒီ့အတွက် အငြင်းအခုံလုပ်ရင် အမြဲနိုင်တယ်။ 'စကားပြောလည်တယ်' ဆိုရမှာပါပဲ။

သူ့မျက်နှာပုံစံက အသက်ဝင်လှုပ်ရှားနေချိန်တွေမှာ ရန့်လို ခေါသသိပ်များနေဟန် ရှိပါတယ်။ သူဟာ သူ့ဘဝမှာ ရုန်းကန်ကြိုးစားရမယ်ဆိုတဲ့ အမိပ္ပာယ်လည်း ပေါက်ပါတယ်။ သူ့တန်ခိုးဩဇာ သက်ရောက်ဖို့ အပြင်းအထန် အလုပ်လုပ်ခဲ့ရပါတယ်။ သူ့ရဲ့ဖြစ်ရှိမှုတစ်ခုလုံးဟာ သူ့ရဲ့တန်ခိုးဩဇာ ဘယ်လောက်ရှိတယ်ဆိုတဲ့ အပေါ်မှာ မူတည်နေပါတယ်။ တန်ခိုးဩဇာမရှိတာနှင့် သူလည်း ဗုန်းဗုန်းလဲသွားမှာပါ။ သူ့ဘဝ အဆိုး, အကောင်းဟာ သူ့အပေါ်မှာပဲ တည်နေပါတယ်။

သူ့မျက်လုံးတွေကတော့ များများစားစား ပြောမပြပါဘူး။ သူဟာ တခြားလူတွေကို မယုံသံသယစိတ် လွှမ်းကဲပြီး၊ သူ့ခံစားမှုကိုသာ ရှေ့တန်းတင် ယုံစားအားထားပါသတဲ့။

သူဟာ သူ့အသိုင်းအဝိုင်းထဲမှာတောင် အထီးကျန်ဆန်ဆန် တစ်ယောက်တည်း ဖြစ်နေတတ်ပါတယ်။

သူ့ဓာတ်ပုံတွေ အားလုံးလိုလိုကိုကြည့်ရင် မျက်စိ ၂လုံးစလုံး သေးတဲ့ကြားက ညာဘက်မျက်လုံးဟာ ဘက်ဘက်ထက် သိသိသာသာငယ်နေတာ တွေ့ရပါလိမ့်မယ်။ မျက်လုံးတွေ သေးငယ်တဲ့သဘောက အရှ



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်မှုအားကောင်းပြီး တိကျတဲ့ပစ်မှတ်ကို ရှာနိုင်တယ်လို့ ဆိုပါတယ်။

သူဟာ သိပ်လျှို့ဝှက်တတ်တဲ့ လူစားပါ။ သတင်းတွေကို ထိန်းချုပ်
ထားပြီး၊ အကြီးအကျယ် အကွက်ကြံတဲ့အခါမှ ထုတ်သုံးလေ့ ရှိပါတယ်။
ဒီအရည် အသွေးကိုပဲ သူက အထူးတလည် ဂုဏ်ယူနေတာကလား။
သူဟာ တောက်လျှမ်းရေးဘက် အားသန်ပါတယ်။ သူ့အနေဖြင့်
နိုင်ငံရေးသမား မလုပ်ခဲ့ရင် စုံထောက်အလုပ်နှင့် အသင့်တော်ဆုံးပါပဲ။

ဘာပဲဖြစ်ဖြစ်၊ လျှို့ဝှက်ချက်တွေ သိမ်းဆည်းထားတာလည်း သူ့ကို
ပြန်အထိနာစေပါတယ်။ ဒါကတော့ သူ့ညာမျက်လုံးက ဘက်မျက်လုံး
ထက်ငယ်တဲ့ အကျိုးဆက်လို့ ဆိုရပါမယ်။ အဲဒီအကြောင်းကြောင့်ပဲ
ဓာတ်ပုံထဲကသူ့ရုပ်ဟာ ရောဂါဖြစ်တာကို မယုံတဲ့အသွင်ကို ထင်ဟပ်
နေရပြန်ပါတယ်။ သူ့အနေဖြင့် သွေးတိုးနှုန်းတွေ ဂရုစိုက်ဖို့ လိုပါတယ်။
တခြားလူတွေအပေါ် ဝေဖန်တိုက်ခိုက်တာနဲ့ စိတ်တိုတတ်တာတွေက
မလိုလားအပ်တဲ့ စိတ်ဖိစီးမှုတွေကို ဖြစ်စေခဲ့တာပါပဲ။

မျက်ခုံး ၂ဖက်ကြားက အတွန့်လေးတွေဟာ တော်တော်ထင်ရှား
ပြီး၊ စိတ်အေးလက်အေးနေတဲ့ အချိန်တောင် သိမြင်နိုင်ပါတယ်။ အဲဒီ
သင်္ကေတက သူယုံကြည်တာကို အပြည့်အဝ အကောင်အထည်ဖော်မှာ
ဖြစ်ပြီး၊ ရည်မှန်းချက်ပေါက်မြောက်ဖို့ ဘာမဆိုလုပ်မယ့် အဓိပ္ပာယ်လို့
ဆိုပါတယ်။

တစ်ခါတစ်ရံ ဒီလိုအစွန်းရောက်မှုက အမြင်မကျယ်နိုင်တာကို
ပြပါတယ်။

သူ့နှာခေါင်းတွေက လုပ်ချင်တာ စွတ်လုပ်ပြီး ငွေအတွက် မလုပ်
တတ်ဘူးလို့ ဖော်ညွှန်းပါတယ်။ သူဟာ မလုံခြုံတဲ့ဘဝမှာ ကြီးပြင်းခဲ့ရ





တယ်လို့ ခံစားခဲ့ရတာနှင့်အမျှ၊ သူကြီးလာတဲ့အချိန်မှာ အထီးကျန်
တစ်ကိုယ်တည်းအဖြစ်ကို ရောက်စေခဲ့တာပါပဲ။

သူဟာ ကလေးတစ်ယောက်လိုပါပဲ။ ရတာထက် ပိုလိုချင်သူပါ။
တွေ့သမျှကို လိုချင်ပြီး၊ မရှိတော့ဘူး ဆိုတဲ့ အဆုံးမှ လက်လျှော့တတ်
ပါတယ်။

ရှန်ကယ်ရီအနေဖြင့် အထီးကျန်မှုနဂါးကြီးကို သတ်ပြီး လူထုတွေ
ကြားထဲ ပျော်ဝင်နေဖို့ဟာ သူ့အတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်
ပါပဲ။

သူ့နှာခေါင်းတွေက မျက်မှောက်ကာလမှာ အလိုအလျောက်
မွေ့လျော်နေတတ်တဲ့ သဘာဝကို ပြဆိုပါတယ်။

သူ့အမြင်မကျယ်တဲ့ အကြောင်းကလည်း သူဟာ 'ကောင်းတယ်
ထင်ရင် လုပ်သာလုပ်' ဆိုတဲ့ ဆောင်ပုဒ်ကို ကိုင်စွဲထားခဲ့ပါတယ်။

သူ့နှာခေါင်းပေါ်ကမှာ အာခံပုန်ကန်တဲ့အထိမ်းအမှတ် အစင်း
ကြောင်း အမာရွတ်လေးတစ်ခုရှိပြီး၊ အစစအရာရာ လမ်းဆုံးကို ရောက်
နေတဲ့တိုင်အောင် ဆက်စွန့်စားချင်တဲ့သဘောကို ဆောင်နေပါတယ်။

သူ့မေးစေ့တွေက 'မရမနေ' ဆိုတဲ့ယုံကြည်ချက်ကို ပြပါတယ်။

ပါးပြင်တွေက စွမ်းအားကြီးမားပြင်းထန်မှု၊ အင်တိုက်အားတိုက်
လုပ်တတ်မှုရဲ့ သင်္ကေတ ဖြစ်နေပါတယ်။ သူဟာ နှာရိုအနည်းငယ်
အတွင်း တိုနာဒိုမုန်တိုင်းတစ်ခုလို စိတ်ကြိုက်မွှေပြီးရင် နားပစ်တတ်ပါ
တယ်။ သူ့ဝန်းကျင်ကလူတွေဆိုလည်း မုန်တိုင်းအလယ်ခေါင်မှာ ထိုင်ရတဲ့
အလားပါပဲ။

သူဟာ အချိန်တိုတိုနှင့် အလုပ်တွေတစ်ပုံကြီး လုပ်နိုင်စွမ်းရှိပါတယ်။
သူ့မှာ အလုပ်ပြီးချိန် သတ်မှတ်ထားဖို့ လိုပါတယ်။ သတ်မှတ်ချက်မရှိရင်
သူ အလုပ်စလို့ရမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အကဲခတ်

သူ့နားရွက်တွေက မတူခြားနားတဲ့ ဗုံတီးသမားတွေရဲ့ စည်းချက်တွေအလိုက် ချီတက်တတ်တယ်လို့ ပြဆိုပါတယ်။

သူဟာ လူ့အုပ်နောက်၊ ဒါမှမဟုတ် 'စံ'တစ်ခုနောက်ကို လိုက်တတ်သူ မဟုတ်ပါဘူး။

သူ့အနေဖြင့် လူအများစုလိုချင်တာကို ကောင်းကောင်းကြီး နားလည်ပေမယ့်၊ သူက ဆန့်ကျင်ဘက်လုပ်ဆောင်ဖို့သာ စိတ်သန်ပါတယ်။

ဒါဟာ သူ့အတွင်းအားတွေ ရုန်းကန်ရမှုကို ထင်ဟပ်တာပါပဲ။ သူက ဆန့်ကျင်ဘက်လုပ်ဆောင်ဖို့သာ စိတ်သန်ပါတယ်။

သူ့ပါးစပ်ဟာ မျက်လုံးတွေလိုပဲ တခြားလူတွေ ဖာတ်လမ်းဖွဲ့ပြီး ပြောစကားကို မယုံတတ်တာကို ပြပါတယ်။ အထူးသဖြင့် သတင်းကောင်းတွေပို့လာတာကို လက်မခံတတ်ပါဘူး။ ဘာကြောင့်ဆို သူက အကောင်းထက် အဆိုးကို ယုံချင်တဲ့စိတ်ဘက် ညွတ်နေလို့ပါပဲ။

သူက ဘာမဆို ယုံဖို့ ခက်ပါတယ်။ သူဟာ ကောက်ကျစ်တတ်သလို၊ သူ့စကားလုံးတွေဟာလည်း မုတ်ဆိတ်ရိတ်ဓားလို ထက်မြက်ပါတယ်။ သူဟာလည်း အစွန်းရောက်အောင် လှုံ့ဆော်တတ်သူပါပဲ။ စကားကိုလည်း ပြောတန်သလောက်သာ ပြောပါတယ်။

သူ့မျက်လုံးတွေဟာပါးလွှန်းလို့ ပျောက်သလိုဖြစ်နေတာဟာ ပုတ်သင်ညိုတစ်ကောင်လို့ ဆိုလိုပါတယ်။ ဘယ်အုပ်စု၊ ဘယ်အခြေအနေမှာမဆို ခေါင်းလေးတညိတ်ညိတ်နှင့် လိုက်လိုက်လျောလျော ဝင်ဆံ့နိုင်သူ ဖြစ်ပါတယ်။ စင်စစ်တော့ ပတ်ဝန်းကျင်ပြောင်းလဲတဲ့အပေါ် မီးစင်ကြည့် က,တာပဲ ဆိုပါတော့။







Dick Gaphardt



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်နေရာမှာနေတာ ကြာလို့ငြီးငွေ့လာရင် သောကပွားလာပြီး နောက်တစ်နေရာကို ပြောင်းလေ့ရှိပါတယ်။ ဒါဟာ သူ့နှာခေါင်းနှင့် မေးစေ့တွေကပြချက်အရ စွန့်စားမှုကို စိတ်အားသန်တဲ့သဘာဝရှိမှန်း သိနိုင်ပါတယ်။

သူ့မေးစေ့က ကျယ်ဝန်းပြန့်ကားပြီး သန်မာ အားကောင်းပါတယ်။ သူ့မေးစေ့ဟာ စိတ်ဓာတ် ခိုင်မာသလောက် အင်အားကြီးမားပါတယ်။ သူ့မေးစေ့ဟာ ညာဘက်ခြမ်းမှာ မြင့်နေသယောင်ရှိတဲ့အတွက် ဘယ်ဘက်ခြမ်းထက် ငယ်သွားပါတယ်။ ဒီအချိပ်ပွာယ်က သူ့ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းနှင့်သက်ဆိုင်ပြီး သူဟာ တစ်ခွန်းဆို ဆိုသလောက် စကားတည်ပါတယ်တဲ့။ လုပ်ငန်းပိုင်းဆိုင်ရာမှာတော့ သူ့စကားဟာ ကျောက်ဆောင်ကျောက်သားလို ခိုင်မာခြင်း မရှိနိုင်ပါဘူး။ သူ့မျက်နှာ ညာဘက်တစ်ခြမ်းလုံးဟာ ဘယ်ဘက်ခြမ်းနှင့်ယှဉ်ရင် နည်းနည်းသေးနေတာ တွေ့ရပါတယ်။ ဒါဟာ သူ့ဘဝမှာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝ ကိုယ်ထူထောင်သလို သမရိုးကျလမ်းစဉ်ကို သွေဖည်တဲ့ဗွမ်းရည်တွေက သူ့ကို အားပေးအားမြှောက်လုပ်ပေးခဲ့တာလို့ ဆိုနိုင်ပါတယ်။





## ဂျော့ချ်အလူးဘုရ်ှ

### အမေရိကန်ပြည်ထောင်စု၏ ၄၁ ယောက်မြောက် သမ္မတ

သမ္မတဘုရ်ှဟာ ၄ထောင့်နှင့် ဘဲဥပုံ ပေါင်းစပ်ထားတဲ့ မျက်နှာပိုင်ရှင်ပါပဲ။ ဒီပုံစံအရ သူဟာ ငြိမ်ငြိမ်သက်သက်လေး စဉ်းစားဆုံးဖြတ်တတ်ပုံကို ပြပါတယ်။

သွားရာလမ်းကြောင်းကို အမြင်အာရုံ စူးရောက်မိတာနှင့် တစ်ပြိုင်နက် ပန်းတိုင်ကိုရောက်ဖို့ လိုအပ်တဲ့အရာမှန်သမျှကို ပြင်ဆင် လုပ်ဆောင်တော့တာပါပဲ။

သူဟာ ၄ ထောင့်စစ်စစ်မျက်နှာတွေလို ရန်လိုဒေါသ မရှိပါဘူး။ ဘဲဥပုံမျက်နှာရဲ့ သရုပ်သကန်အရ စိတ်တိုရန်လိုမှုတွေ လျော့ပါးခဲ့ပါတယ်။

သူက အာမခံချက်ရှိတဲ့လုံခြုံမှုကို လိုအပ်သလို၊ ရှာလည်း ရှာဖွေပါတယ်။ ရှာလို့ရတာနှင့် တစ်ပြိုင်နက် သူက အားကိုးပြုလိုက်ပါတယ်။ သူဟာ ကာကွယ်စောင့်ရှောက်ပေးသူ တစ်ယောက်ပါပဲ။


ဘုရ်ှရဲ့နဖူးဟာ မြင့်မားပြီး ၄ ထောင့်ကျသလို အလျားလိုက်မျဉ်းကြောင်းကလည်း ထင်းထင်းမြင်သာပါတယ်။ ဒီအမှိပွာယ်က သူဟာ 'မမေ့တတ်ပါဘူး။ သူ့မှာ အကောင်းဆုံးမှတ်ဉာဏ် ရှိပါတယ်။ သူ့ပတ်ဝန်းကျင်က အဖြစ်အပျက်တွေကို ချက်ချင်း တုံ့ပြန်နိုင်ပါတယ်။ သူဟာ အတိတ်က အတွေ့အကြုံတွေထဲက သင်ခန်းစာတွေ အမြန်ထုတ်ယူပြီး ပြဿနာတွေကို ဖြေရှင်းတတ်ပါတယ်။ ဒါပေမယ့် အတိတ်မှာ တွယ်ကပ်မနေပါဘူး' လို့ ဖော်ညွှန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





George W.Bush





နဖူးအလျားတွေက သူ့မှာ စိတ်ဓာမ်းရည်တွေ ထက်မြက်ပြည့်ဝမှုကို ညွှန်းဆိုနေသလို၊ ဘာသာရပ်မျိုးစုံမှာ ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းရှာဖွေ သင်ယူတတ်မှုကို ပြသနေပါတယ်။

သူဟာ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ နယ်ပယ်တွေ အချင်းချင်း ဟန်ချက်ညီအောင်ထိန်းထားနိုင်သူ ဖြစ်ပါတယ်။ ဘုရှ်အနေ ဖြင့် သူ့ဘဝရဲ့ ဒိကဏ္ဍ ၃ ခုကို တစ်စုတည်းပေါင်းစည်းပြီး အရေးကြီး မှုအလိုက် နေရာတွေ အညီအမျှသတ်မှတ်ပေးခဲ့ပါတယ်။

ဘုရှ်ရဲ့မျက်ခုံးတွေက သူဟာ စဉ်းစားတွေးခေါ်မှု အားကောင်းသူ ဖြစ်ကြောင်း ပြဆိုနေပါတယ်။ သူက အသေးစိတ်လေးတွေကို အကြီး အကျယ် အာရုံစိုက်နိုင်ပါတယ်။ သူ့စိတ်တွေက အဆက်မပြတ် အလုပ် လုပ်နေတာနှင့်အမျှ၊ အပန်းဖြေ အနားယူရာမှာတော့ ပြဿနာတက်ရပါ တယ်။

သူက လူတွေကို အဓိကအချက်တွေ သိစေချင်ပါတယ်။ သူက စိတ်လှုပ်ရှားမှုထက် အချက်အလက်တွေအပေါ်မှာအခြေခံတဲ့ ဓာဒကဝင် မှုတွေကို တန်ဖိုးထားပါတယ်။

သူ့မှာ ဖြောင့်တန်းပြီး ထောင့်ကျတဲ့မျက်ခုံးတွေ ရှိနေပါတယ်။ ဒါဟာ သူ့ကို 'ဘာတွေ ဘယ်လိုစဉ်းစားရမယ်' လို့ ဆရာလုပ်တာကို မကြိုက်တာနှင့်အမျှ၊ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်း ကောင်းတွေ အကောင်းဆုံးရှိနေတယ် ဆိုရပါမယ်။

သူဟာ သူ့နယ်ပယ်ကို သူ အုပ်ထိန်းနိုင်ပြီး တခြားလူတွေရဲ့အကြံ ဉာဏ်နှင့် သဘောထားအမြင်တွေကို နားထောင်နေတုန်းမှာပဲ၊ သူ့ ဦးဆောင်မှုနှင့် သူ့ရှိနိုင်းချိန်စဉ်းစားမှုတွေ လုပ်နေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အလွယ်တကူတော့ ယိမ်းယိုင်မယ့်သူ မဟုတ်ပါဘူး။ သူ ယုံကြည်ရာ မူဝါဒတွေ၊ အကြောင်းကိစ္စတွေကို မရအရ အကောင်အထည်ဖော်မှာသာ ဖြစ်ပါတယ်။

သူ့ရဲ့ ရင်တွင်းခံစားမှုတွေ၊ စိတ်လှုပ်ရှားမှုတွေ၊ ယုတ္တိဗေဒနှယ်တဲ့ အပြင်ပန်း သုံးသပ်မှုတွေကြားမှာ ဆက်သွယ်မှုတွေ ရှိပါတယ်။ ဒီအချက်က ပြဿနာတွေမဖြစ်ခင်မှာ စူးစမ်းသိရှိနိုင်တဲ့စွမ်းရည်တွေ ဖြစ်ပေါ်လာစေတာပါပဲ။

ဒါဟာပဲ နိုင်ငံရေးနယ်ပယ်က အံ့ဩလောက်တဲ့ လက်ဆောင်မွန် ရရှိထားတာလို့ ဆိုနိုင်ပါတယ်။

တကယ်လို့ အခြေအနေတစ်ရပ်၊ ဒါမှမဟုတ် လူတစ်ယောက်နဲ့ ပတ်သက်ပြီး အလိုက်အသည်းလိုက်ခံစားရပြီဆိုရင် သူက အချက်အလက်မှန်တွေ ရှာပြီး၊ ‘ဘယ်လို ဖြစ်လာမလဲ’ဆိုတဲ့ တိကျတဲ့ပုံ ဖော်ပြီး အမြင်ကြည်ကြည်ဖြင့် ကြည့်ရှုသုံးသပ်ပါတယ်။ ဒီ ထူးခြားရှားပါးတဲ့ လက်ဆောင်ဟာ ခံစားချက်တွေနှင့် စတာပါ။ ဒါဟာ သူ့ရဲ့ ပြဒါးခိုန်ပါပဲ။ ယုံကြည်မှုဟာ လက်ဆောင်ကိုအသုံးပြုတဲ့ သော့ချက် ဆိုပါတော့။ သူ့အဖို့ ခံစားချက်ကို ယုံကြည်မှုထားပြီး၊ သက်သေပြနိုင်အောင် လက်တွေ့လုပ်ရတာ ဖြစ်ပါတယ်။

သူဟာ လေ့လာစူးစိုက်မှုအား အလွန်ကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ပြီး၊ ရှေ့နောက် ချင့်တွက်ဆင်ခြင်နိုင်စွမ်းလည်း ရှိပါတယ်။ လက်ရှိအခြေအနေကိုကျော်လွန်ပြီး မြင်တတ်တာနှင့်အမျှ မြင်ကွင်းတစ်ခုကို ဖန်တီးကြည့်တတ်တာလည်း ရှိပါတယ်။

သူ့ပါးစပ်ကတော့ သူ့မြော်မြင်ချက်တွေကို တခြားလူတွေဆီ ဖြန့်ကျက်ပေးရာမှာ အစဉ်သဖြင့် လွယ်ကူမှုမရှိနိုင်တာကို ပြဆိုနေတာပါ။





သူ့အနေဖြင့် သူ့ကိုယ်သူ ကိုင်တွယ်ရတာနှင့် အမိန့်ပေးရတာ ပိုခက်ပုံလည်း ပေါ်ပါတယ်။

သူ့ကိုယ်သူ သိပ်မြင့်မားတဲ့အဆင့်အတန်းမှာ တင်ထားသလို၊ အဲ့ဒီထက် နိမ့်ကျလျော့နည်းရင် ဘာကိုမျှ လက်ခံမှာ မဟုတ်ပါဘူး။ ဒါဟာပဲ သူ့ရဲ့ စိတ်ကျဉ်းကျပ်မှုတွေရဲ့ ရင်းမြစ်တစ်ခု ဖြစ်ပါတယ်။

ဘုရှ်ရဲ့နှာခေါင်းဟာ ရှည်လျားပြီး ဖြောင့်တန်းနေပုံကိုထောက်လို့ သူဟာ စည်းကမ်းနည်းလမ်းတကျ လုပ်ငန်းခွင်ကို ကြီးကဲအုပ်ချုပ်နိုင်စွမ်းရှိတာ သိနိုင်ပါတယ်။

သူက တခြားလူတွေကို တိုက်ရိုက်ညွှန်ကြားရတာ ကြိုက်သလို၊ စီမံခန့်ခွဲမှုကောင်းတဲ့ အရည်အချင်းတွေလည်း အပြည့်ရှိပါတယ်။

သူ့နှာတံမှာ တစ်ယူသန် ခေါင်းမာကြောင်းပြတဲ့ အစင်းရာလေးတစ်ချက် ရှိပါတယ်။ နှာခေါင်းကလည်း ညာဘက်ကို မသိမသာလေး စောင်းနေတာမို့ သူ ဖွံ့ဖြိုးတိုးတက်မှုရတဲ့ နှစ်ကာလတွေမှာ ယောက်ျားမာန် လွှမ်းမိုးကြီးစိုးခဲ့တဲ့အမိပွာယ်ကို ဖော်ဆောင်ပါတယ်။

ဒီအချက်ကြောင့်ပဲ သူဟာ မိန်းမတွေဆီကထက် ယောက်ျားတွေရဲ့ အကြံဉာဏ်ကို ပိုလိုလားတာ ဖြစ်ပါသတဲ့။ ဒါဟာ မိန်းမတွေရဲ့အမြင်ကို နားမထောင်ချင်ဘူးဆိုတဲ့အဓိပ္ပာယ် မဟုတ်ပါဘူး။ ယောက်ျားတွေရဲ့ သဘောထားကို ပို အလေးထားတာသာ ဖြစ်ပါတယ်။

သူဟာ လွတ်လပ်မှုကို တစ်ဘက်စွန်းရောက်တဲ့အထိ လိုချင်သူဖြစ်ပြီး ကိုယ်ထူကိုယ်ထလမ်းစဉ်ကို နှစ်သက်ပါတယ်။ ဒီအတွက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ်စားလှယ်လွှဲလို့ ရမယ့်ကိစ္စတွေ ဖြစ်ပါလျက် သူကိုယ်တိုင် ပုခုံးထမ်းတာဝန်ယူဖို့ ကြိုးပမ်းခဲ့တာ တွေ့ရပါတယ်။

သူဟာ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်ရာမှာ အကောင်းဆုံးနည်းလမ်းတွေ ရှာကြံလေ့ရှိပြီး၊ အရည်အချင်းပြည့် ကျွမ်းကျင်သူဆိုလည်း မမှုပါဘူး။

သူ့နားရွက်တွေက နားထောင်သူကောင်းတစ်ယောက် ဖြစ်ပြီး၊ အမြဲတမ်းနားဆင်လိုတဲ့ဆန္ဒတွေ အများကြီးရှိကြောင်း ပြဆိုထားပါတယ်။

သူ့မျက်လုံးတွေကတော့ သူကြားသမျှကို မယုံတတ်ဘဲ၊ 'ခိုင်မာတဲ့ သက်သေအထောက်အထားတွေ လိုတယ်'လို့ တောင်းဆိုနေလေရဲ့။

သူဟာ လူတွေကို အပေါ်ယံကြော ဟန်ပြထားသလို ယုံကြည်မှု သိပ်မရှိတာနှင့်အမျှ၊ သူတို့ပြောသမျှကို အမှန်အကန်အကဲဖြတ်လေ့ ရှိပါတယ်။

ဘုရှ်ဟာ အမြင်တစ်ရပ်ကို အနီး၊အဝေးချိန်ဆတတ်သလို၊ အဆိုး၊ အကောင်းကို မျှပြီးလုပ်တတ်ပါတယ်။ သူလုပ်တဲ့အလုပ်တွေဟာ အကောင်းချည်း မဟုတ်သလို၊ အဆိုးချည်းလည်း မဖြစ်ဘူး ဆိုတဲ့ သဘောပါပဲ။

ပြဿနာတစ်ရပ်ကို ဖွချင်တဲ့သူ၊ အကြံဉာဏ်တစ်ခု ဖော်ထုတ်တင်ပြချင်တဲ့ လူတွေအဖို့တော့ သူက အလွန် ကြည်လင်ပြတ်သားတဲ့ မှန်တစ်ချပ် ဖြစ်ပါလိမ့်မယ်။

သူယုံကြည်အောင်တော့ အချက်အလက်နှင့် ကိန်းဂဏန်းတွေ အတိအကျ အပြည့်အစုံ ပြဖို့လိုပါတယ်။ ဒါနှင့်အမျှ သင့်ဘက်က မှန်ကန်တဲ့ ယုံကြည်ချက် အခိုင်အမာ ရှိရပါဦးမယ်။ ကိုယ်ရောင်းတာကိုမှ ကိုယ် မယုံရင် သူက ချက်ချင်း ရိပ်မိသွားမှာ သေချာတယ်။





ဘုရှ်ဟာ အနုပညာနှင့် အလှအပပစ္စည်းတွေကို အကြီးအကျယ် တန်ဖိုးထားသလို၊ အရည်အသွေးကိုလည်း မြင်လိုက်ရုံနှင့် တန်း သိသူပါ။

ငွေဆိုတာက သူလုပ်တဲ့အလုပ်မှာ အားပေးလှုံ့ဆော်နိုင်စွမ်းရှိတဲ့ အရာ မဟုတ်ပါဘူး။

သူက ပြီးမြောက်အောင်မြင်မှုကရတဲ့ ပီတိသုခကို အရသာခံတတ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင် ချမှတ်မယ်။ စီမံကိန်းမြေပုံ ဆွဲမယ်။ ပြီးတော့ အဆုံးသတ်ရလဒ်ကို မြင်ကြည့်မယ်။ ဒါဟာ သူ့အတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်ပါပဲ။ စင်စစ်တော့ သူဟာ ဖန်တီးရှင်တစ်ဦး ပေါ့။

သူ့ပါးစပ်တွေက ရင်တွင်းခံစားချက်တွေ မြိုသိပ်ထားရတာကို ဝါသနာပါကြောင်း ပြနေပါတယ်။

သူဟာ ချစ်ခင်စရာကောင်းသလောက် ဆွဲညှို့နိုင်စွမ်း ရှိပြီး၊ သူ့ အတွေးအခေါ်တွေကို တခြားလူတွေလက်ခံအောင် အယုံသွင်းတတ်ပါတယ်။ သူ့တစ်ကိုယ်ရေ ခံစားမှု၊ စိတ်လှုပ်ရှားမှုတွေနှင့် ယှဉ်လာရင်တော့ သူဟာ အများကြီးလျှို့ဝှက်တဲ့ ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်။

သူ့အာရုံက အပြောထက် အလုပ်ကို အရေးထားပါတယ်။

သူ့မေးက ဖြောင့်ပြီး ကျယ်ဝန်းပါတယ်။ သူပြောလိုက်တဲ့ စကား တစ်ခွန်းဟာ ကျောက်စာထွင်းလိုက်သလို မြဲမြံခိုင်မာတာတော့ အမှန် ပါပဲ။

သူဟာ ပြောတဲ့အတိုင်း လုပ်တတ်တဲ့အတွက်လည်း ကိစ္စတစ်ခုပေါ် မှာ သူ့ရဲ့ရပ်တည်မှုကို လူတွေက သံသယမရှိစတမ်း အားကိုးအားထား ပြုကြရတာပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရှိုဟာ သူ့အကြံအစည်တွေကို အကောင်အထည်ဖော်ရမယ် ဆိုရင်တော့ သံမဏိစိတ်ဓာတ်အပြည့်နှင့် နောက်မဆုတ်တမ်း ဖွတ်တိုးတတ်တဲ့ ခေါင်းဆောင်တစ်ယောက်ပဲ မဟုတ်ပါလား။

## အော်ပရာ ဝင်းဖရေး

သူမရဲ့ မြင့်မောက်ပြီးလုံးဝန်းတဲ့ နဖူးကြီးက ဖန်တီးရှင်၊ အတုခိုးလွယ်သူ၊ ပြဿနာတွေကိုဖြေရှင်းရာမှာ သိမ်မွေ့ညင်သာ သူရယ်လို့ ပြောနေပါတယ်။

သူမဟာ သူမရဲ့ စိတ်ကူးစိတ်သန်းကိုအသုံးပြုရတာ နှစ်သက်သလို၊ ပါးနပ်ပြီး ပြတ်သားတဲ့စိတ်လည်း ရှိပါတယ်။ ပြောတဲ့အတိုင်းလည်း လုပ်တတ်သူ ဖြစ်ပါတယ်။

ထူထဲတဲ့မျက်လုံးများကလည်း လူတွေအပေါ် အလေးအနက်ဂရုစိုက်တဲ့အချက်ကို ပြနေတာပါ။

သူမဟာ သည်းခံမှု၊ စိတ်ရှည်မှုရှိပြီး၊ ဆုံးဖြတ်ချက် မချခင် သတင်းအပြည့်အစုံရအောင် အချိန်တွေပေးဖို့လည်း အသင့်ပါပဲ။

သူမက ကောင်းသတင်းတွေကို နားထောင်ဖို့ ဆန္ဒ အမြဲရှိပါတယ်။

သူမမျက်ခုံးမွေးတွေ ချောမောနူးညံ့ပြီး ထူထဲတဲ့သဘောက သူမရဲ့ အတွေးတွေကို စုစည်းနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

သူမက အကြံထုတ်ရုံပဲ ထုတ်မြီး၊ အသေးစိတ်အကောင်အထည်ဖော်ဖို့ ကောင်းကောင်းကျွမ်းကျင်သူတစ်ယောက်လက်ထဲ လွှဲအပ်ပေးရပါလိမ့်မယ်။

သူမမှာ အကြံဉာဏ်တွေ ဝေဝေဆာဆာ ပေါ်များလှတာကြောင့်လည်း တစ်ခုတည်းကိုအာရုံစိုက်ပြီး အမိဖမ်းဖို့ ခက်နိုင်ပါတယ်။





သူမရဲ့ ကြီးမားတဲ့မျက်လုံးတွေက အသည်းငယ်ပြီး ထိရှလွယ်တာကို ပြနေလေရဲ့။

အော်ပရာဟာ ဝေဖန်အပြစ်တင်တာတွေ၊ ကျယ်ကျယ်လောင်လောင် ငြင်းခုံတာတွေကို မနှစ်မြို့ပါဘူး။

သူမအနေဖြင့် လူတွေကို အလေးအနက်ထားပြီး ဆက်ဆံတာနှင့်အမျှ၊ သူ့ပတ်လည်မှာ လူတွေ ဝိုင်းဝိုင်းလည်နေဖို့ လိုပါတယ်။

သူမအဖို့ လူတွေကို ဖုန်းနှင့်ပြောတာထက် အနီးကပ်မြင်တွေ့ပြီး ပြောဆိုရတာ ပိုကောင်းတယ် ဆိုရမှာပါပဲ။

အော်ပရာဝင်းဖရေးဟာ စိတ်လှုပ်ရှားတက်ကြွလွန်းသလို၊ သူ ခံစားရတာတွေကို ဖုံးကွယ်မထားတတ်ပါဘူး။

သူမရဲ့ နှာခေါင်းတွေက သူမရဲ့ကိုယ်ရေးကိုယ်တာဘဝနှင့် လုပ်ငန်းထဲမှာ အကြီးအကျယ် ရက်ရက်ရောရောပေးလှူနိုင်တဲ့ အခြေအနေရှိနေတာကို ဖော်ပြနေပါတယ်။

တစ်နေ့တာ ကုန်ဆုံးသွားတိုင်းမှာ သူမ တစ်မျိုးထွင်ခဲ့တာကိုလည်း သိဖို့လိုပါတယ်။

သူမဟာ သဒ္ဓါရက်ရောလှသလို လူအများကို ထောက်ပံ့ကူညီဖို့ အရိပ်နိမိတ် ထီးကြီးတစ်လက်ပါပဲ။

ဒီကူညီမှုတွေက သူ့ဘဝရဲ့ ဒီဇိုင်းပုံစံ ဖြစ်သလို၊ စွမ်းအားနှင့် ငွေတွေလည်း ဖြစ်ခဲ့ရပါပြီ။

သူဟာ ဒီဘဝမှာ ပျော်ပျော်ကြီးနေရင်း ပိုက်ဆံတွေ ကြိုက်သလောက်ဖြုန်းနိုင်သုံးနိုင်တဲ့ စန်းပွင့်မျက်နှာနှင့် အော်ပရာဝင်းဖရေး ပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com





Oprah Winfrey





# အခန်း ၁၆

## မျက်နှာဖတ်ခြင်းနှင့် ကလေးမွေးစားခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



## မျက်နှာဖတ်ခြင်းနှင့် ကလေးမွေးစားခြင်းများ

ကလေးမွေးစားဖို့ ဆုံးဖြတ်ချက်ချရတာဟာ ကြီးလေးတဲ့တာဝန်တစ်ရပ်ကို ယူရတာပါ။ ဖြစ်စဉ်တစ်ခုလုံးကို ခြုံကြည့်လိုက်မယ်ဆိုရင် သူစိမ်းကလေးတစ်ယောက်ကို ကိုယ့်မိသားစုထဲမှာ ကိုယ့်သွေးသားအဖြစ် တာယုတာယချစ်ခင်ဖို့ ဆွဲသွင်းလိုက်တာ ဆိုပါတော့။

ပြဿနာက ကိုယ်မွေးစားလိုက်တဲ့ကလေးဟာ မိဘရင်းချာ ၂ပါး ရှိခဲ့ကြပြီး၊ အဆက်အသွယ် ပြတ်,မပြတ်ဆိုတာပဲ ဖြစ်ပါတယ်။ စင်စစ်အများရဲ့ အသိအမှတ်ပြုချက်အရ မိဘအရင်းတွေလက်ထဲက လူသိရှင်ကြား လွှဲယူမွေးစားလိုက်ပြီး ဖြစ်နေတဲ့အတွက် ကလေးရဲ့ဘဝဟာ သူတို့နှင့် မဆိုင်တော့ဘူးလို့ ပြောနိုင်ပါတယ်။ အဲ-ခေတ်စားလာတဲ့ အယူအဆအရတော့ 'မူလမိဘတွေနှင့် ဆက်သွယ်ခွင့်ဆိုတာ ကလေးရဲ့ စိတ်ဆန္ဒရှိ၊ မရှိပေါ်မှာသတ်မှတ်တာ အကောင်းဆုံးပါပဲ'တဲ့။

သိပ္ပံပညာရဲ့ ဖော်ထုတ်ချက်အနေဖြင့် မျိုးရိုးဗီဇဆိုင်ရာ ဒီအင်န်အေ (DNA) ကို ရှာဖွေတွေ့ရှိချက်အရ ဒီကလေးဟာ ရုပ်သွင်လက္ခဏာ ထူးခြားမှုတွေကို သူ့မိဘအရင်းတွေထံက အမွေခံရနိုင်တယ်လို့ သိရတာပဲ ဖြစ်ပါတယ်။

ပန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မွေးစားကလေးကို ကြီးပြင်းလာအောင် ကျွေးမွေးစောင့်ရှောက်လာတဲ့ တစ်ချိန်တည်းမှာပဲ သွင်ပြင်လက္ခဏာတွေကို သူ့မူလမိဘတွေရဲ့ သန္ဓေဗီဇအတိုင်း မျိုးပွားခဲ့တာကို ငြင်းလို့မရပါဘူး။

စေ့စပ်သေချာတဲ့ မျက်နှာပြင်ဖတ်တဲ့ပညာအရ လူတစ်ယောက် ရဲ့ မျက်နှာပေါ်က သွင်ပြင်လက္ခဏာတွေကို စစ်ဆေးကြည့်လိုက်တဲ့အခါ ရုပ်ပိုင်းဆိုင်ရာ ထူးခြားတဲ့ဆက်နွယ်မှုတွေ ရှိနေတာကိုလည်း တွေ့ရပြန်ပါတယ်။

မွေးစားတဲ့ကလေးဟာ တရားဝင်မွေးစားတဲ့ မိဘတွေနှင့် မျိုးရိုးဗီဇမတူသလို မူလမိဘအရင်းတွေရဲ့ လူမျိုး (ဝါ) မျိုးနွယ်ကိုလိုက်ပြီး မျက်နှာပေါက်, အသားအရောင် စသဖြင့် သိသိသာသာ ကွဲပြားခြားနားနေမှာပါပဲ။ သူ့မွေးစားမိဘတွေနှင့်လည်း ဘယ်လိုမှ မတူနိုင်ပါဘူး။

ဒါကို တစ်နေ့တခြား ကြီးပြင်းလာတဲ့ ကလေးကိုယ်တိုင် မြင်နိုင်, သိနိုင် လာပါတယ်။ ဘာပဲပြောပြော၊ သူနှင့် သူ့မွေးစားမိဘတွေရဲ့ကြားမှာ အပြန်အလှန်နားလည်မှု ထားပြီး သံယောဇဉ်အသစ် ဖွဲ့ကြရတာပဲ ဖြစ်ပါတယ်။

ကလေးအနေဖြင့် သူ့ရဲ့ မျက်ခုံးအကျ, မျက်ခုံး အနိမ့်အမြင့်, မျက်ခုံး အကွေးအခုံးကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့မိခင်ရင်း ဖခင်ရင်း တစ်ယောက်ယောက်ပုံစံနှင့် ဆင်တူတတ်တာ တွေ့နိုင်ပါတယ်။ အလားတူပဲ၊ သူ့နှာခေါင်းကလည်း ပြတတ်တာ ရှိပါတယ်။

ခန္ဓာဗေဒဖြစ်စဉ်အရ ထူးခြားတဲ့ဥပမိရုပ် သွင်ပြင်လက္ခဏာတွေဟာ မိဘနှင့် သားသမီးတွေမှာ ဆက်နွယ်ခဲ့ကြတာတော့ အမှန်ပါပဲ။

ဒီ့အတွက် မိသားစုအသစ်တွေ အနေဖြင့် သူ့ရဲ့ ပင်ကိုစွမ်းအားတွေကို မြှင့်တင်ပြီး စိတ်ပိုင်းဆိုင်ရာခွန်အားတွေကို ပြည့်ဖြိုးလာအောင် ညွှန်





ကြားချက်အသစ်တွေနှင့် ဖြည့်ဆည်းပေးဖို့ လိုပါလိမ့်မယ်။ သူ့ရဲ့ရုပ်သွင်ကို ပြင်လို့မရတော့တဲ့တိုင် မွေးရာပါအကျင့်စရိုက်တွေကို လက်ရှိကိုယ့်ပတ်ဝန်းကျင်နှင့် ဟပ်မိအောင် ညှိပေးရမှာပါ။

ကလေးကိုပြုပြင် ပေးသလို မွေးစားမိဘတွေကိုယ်တိုင်လည်း သူတို့ကိုယ် သူတို့ စိတ်ဓာတ်ပြုပြင်ရေးတွေလုပ်ဖို့ လိုပါတယ်။

ဝေးရာကနေ တဖြည်းဖြည်းနီးလာပြီး မျက်နှာပုံသဏ္ဌာန် သဲကွဲပီပြင်လာသလိုပဲ၊ အနေကြာလာတာနှင့်အမျှ နားလည်မှုတွေ ပိုလာဖို့, မိသားစုအတွင်းမှာ အားပြိုင်ပွဲတွေလျော့နည်းကာ အခက်အခဲတွေ ပြေလည်လာဖို့ပဲ ရှိပါတယ်။

ဥပမာ မွေးစားသမီး ဆယ်ကျော်သက်မိန်းကလေးတစ်ယောက် အနေဖြင့် ခက်ခက်ခဲခဲ စူးစမ်းလေ့လာရတာတွေ, ဩဇာပေးခံရတာတွေ, စိတ်ပျံ့လွင့်မှုတွေကို ကြုံခဲ့ရတဲ့အကြောင်းရင်းကို ရှာတွေ့တဲ့နောက် တန်ခိုးစွမ်းအားအသစ်တွေ ရရှိလိုက်သလိုပါပဲ။ သူဟာ ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် သူ့စိတ်ဓာတ်ကို ပြင်လိုက်သလို၊ ပြည့်စုံလုံလောက်ပြီး ထိထိရောက်ရောက်အကျိုးပြုတဲ့ တာဝန်တွေကို ယူလိုက်ပါတော့တယ်။ ဒါဟာ ၂ဦး ၂ဘက် ညှိနှိုင်းပြီး စည်းကိုက်ဝါးကိုက် လုပ်ရှားက,ပြကြရာက ပျော်ရွှင်တဲ့ဘဝကို ရယူလိုက်ကြတာပဲ ဖြစ်ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၇

ရုပ်ကြည့်ပေဒဖြင့် ရင်းနှီးမှုလုပ်ယူခြင်း
မျက်နှာကိုပိုင်းခြားခြင်း
သီးခံနိုင်မှု
တွေးတောတာဦးစားတဲ့စတိုင်
ခန္ဓာကိုယ်ရဲ့ဟန်ချက်
စိတ်တက်ကြွလှုပ်ရှားမှုရဲ့သင်္ကေတများ
အသံထွက်အသိပေးခြင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ကြည့်ဗေဒဖြင့် ရင်းနှီးမှုလုပ်ယူခြင်း

မျက်နှာဖတ်တဲ့ ရုပ်ကြည့်ဗေဒဟာ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင် လက္ခဏာတွေနှင့် ကိုယ်ရည်ကိုယ်သွေး ဥပဓိရုပ်စရိုက်တွေရဲ့ ဆက်စပ်နှီးနွှယ်မှုပဲ ဖြစ်ပါတယ်။

ဒီပညာကို ၁၉၃၀ ပြည့်နှစ်များမှာ ကာလီဖိုးနီးယားက တရားသူကြီးတစ်ယောက်ဟာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခဲ့တာပါ။ သူဟာ သူ့တရားရုံးရှေ့မှောက် ရောက်လာကြတဲ့ လူရာပေါင်းများစွာရဲ့ မျက်နှာပြင်က ထူးခြားမှုတွေနှင့် အပြုအမူစရိုက်တွေ ဆက်နွှယ်မှုကို သတိပြုခဲ့ပါတယ်။

ဒီလိုနှင့် သူ စူးစမ်းလေ့လာမှုတွေ ကျိတ်လုပ်ခဲ့သလို ၁၈၀၀ ပြည့်လွန်နှစ်များက ထုတ်ဝေခဲ့တဲ့ သုတေသနမှတ်တမ်းတွေကို တီထွင်ပေးနိုင်ခဲ့ပါတယ်။

ဒီစနစ်အရ ဥပဓိလက္ခဏာနှင့် ကံကြမ္မာတွေကို အကဲဖြတ်တွက်ချက်မှုဟာ ၉၂ရာခိုင်နှုန်း တိကျတယ်လို့ ဆိုကြတာပါပဲ။

ဒီနေ့တော့ ဒီပညာကို နည်းပြသင်တန်း, ပညာသင်ကြားရေး, ရောင်းရေးဝယ်တာ, အိမ်ထောင်ရေးကံကြမ္မာ, ပေါင်းသင်းဆက်ဆံရေး, ကိုယ်ရေးကိုယ်တာကိစ္စတွေ အားလုံးလိုလိုမှာ အသုံးချနိုင်ပါတယ်။

ယန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားအသွင်လက္ခဏာများ၏ နမူနာများ

### မျက်နှာကိုပိုင်းခြားခြင်း

မျက်နှာပြင်ကို ဆံပင်အကျ (ဝါ) ဆံစသိမ်းတဲ့လမ်းကြောင်းနှင့် ပိုင်းခြားပါတယ်။ ဆံပင်ပုံစံ ကောင်းမွန်လှပစွာ ဖီးသင်ထားတဲ့ သူတွေဟာ စိတ်တက်ကြွလှုပ်ရှားမှုနှင့် ရုပ်ပိုင်းဆိုင်ရာတွေမှာ ပိုပြီး အကဲပါကြပါတယ်။

သူတို့ရဲ့ခံစားမှုဟာ ထိရှလွယ်သလို၊ ဆူညံသံတွေနှင့် အနံ့ဆိုးတွေ မခံမရပ်နိုင်အောင် ဖြစ်ကြရပါတယ်။ သူတို့က အဆင့်ရှိရှိ နေထိုင်တတ်ကြပြီး၊ ခရီးကြမ်းထွက်ရတာကို အကြိုက်မတွေ့ဘဲ မွေ့ရာပေါ်မှာသာ စိမ်ခံနေချင်ကြတဲ့ လူစားတွေပေါ့။

ဆံပင်ဖရိုဖရဲလူတွေကတော့ လမ်းပေါ်မှာ ပျော်တတ်ကြသူတွေပါပဲ။ သူတို့ဟာ ဂီတသံတွေကျယ်လေ ကြိုက်လေဖြစ်ပြီး၊ စရိုက်ကြမ်းသလို လေသံကလည်း မာကျောထန်ပြင်းပါတယ်။

ဒီအထဲက ဘယ်သူ့ကို အိမ်ထောင်ဖက် ရွေးမလဲဆိုတာတော့ ကိုယ့်သဘောနှင့် ကိုယ်ပဲပေါ့။

### သီးခံနိုင်မှု

မျက်လုံးတွေရဲ့အကွာအဝေးဟာ လူတစ်ယောက်ရဲ့ သီးခံမှုအတိုင်းအတာကို ပြဆိုပါတယ်။

တစ်လုံးနှင့်တစ်လုံး ကပ်နေတဲ့မျက်လုံးပိုင်ရှင်တွေဟာ သူတို့လုပ်တဲ့ အလုပ်တွေကို အလွန် အာရုံ စိုက်ကြပါတယ်။ သူတို့ရဲ့အလုပ်မှာ ကြားဖြတ် နှောင့်ယှက်ဟန့်တားတာတွေ၊ လွဲချော်မှုတွေ၊ တွေ့ဖို့ အချိန်မှီ





ရောက်မလာတာတွေကို သီးမခံနိုင်ဘဲ စိတ်ဆိုးလွယ် ရှိကြတယ်။ သိပ် အနုစိတ် လိုက်တတ်တဲ့လူကို လိုချင်တယ်ဆိုရင် ခု ဒီလူစားဟာ အသင့်တော်ဆုံးပဲပေါ့။

မျက်လုံးချင်း ဝေးကွာတဲ့လူတွေကတော့ သူမတူအောင် သီးခံနိုင်စွမ်းရှိကြပြီး၊ အလျှော့ပေးတတ်ကြသလို စိတ် ပွင့်လင်း ရိုးသားကြပါတယ်။ သုံးသပ်မှုက သူတို့ကို စိန်ခေါ်နေပါတယ်။

### တွေးတောတာဦးစားတဲ့ စတိုင်

လူတစ်ယောက်ရဲ့မျက်နှာကို ဘေးတိုက်ကြည့်လို့ သူ့နှဖူးဟာ အပေါ်ဘက်ကို သိသိသာသာ 'လန်'သွားမယ်။ 'မတ်'နေမယ်ဆိုရင် ဘာဖြစ်မလဲ။

နဖူးလန်နေတာက အပြင်ဘက်ဦးတည်ချက်နှင့် ဆိုင်ပြီး၊ ဒီလူဟာ စဉ်းစားတာနှင့် တုံ့ပြန်တာ မြန်တယ်လို့ ဆိုရပါမယ်။

အရေးပေါ်ကိစ္စတွေမှာ သူတို့လိုလူမျိုးက သိပ်တော်ပါတယ်၊ အလျင်အမြန်လုပ်ရမယ့် နေရာတွေမှာ အားကိုးလောက်သူတွေ ဖြစ်ပါတယ်။

ဘောလုံးသမားတွေ၊ တင်းနစ်သမားတွေထဲမှာ နဖူးနောက်လန်တဲ့လူတွေ ဘယ်နှစ်ယောက်တောင် ရှိမလဲလို့ ရှာကြည့်ပါ။

မတ်စောက်တဲ့ နဖူးကတော့ အတွင်းစိတ်ကိုပြတာ ဖြစ်ပြီး၊ အစီအစဉ်တကျ စဉ်းစားတွေးခေါ်တတ်သူတွေ၊ ပညာသင်ရာမှာ တစ်ဆင့်ပြီးတစ်ဆင့်သင်သွားချင်သူတွေကို ကိုယ်စားပြုတယ်။ ဆုံးဖြတ်ချက် အလောတကြီးချတာ မကြိုက်တဲ့လူတွေလို့ ဆိုရပါလိမ့်မယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ ဆုံးဖြတ်ချက်တစ်ခု မချခင်မှာ ဘက်စုံက ထောင့်စေ့အောင် စဉ်းစားလေ့ ရှိကြပါတယ်။

## ခန္ဓာကိုယ်ရဲ့ဟန်ချက်

အရပ်ပုတာ၊ ရှည်တာ၊ မနိမ့်မမြင့်အနေတော်ရှိတာတွေဟာ လူတစ်ယောက်ရဲ့ စွမ်းဆောင်နိုင်ရည်ကို ပြဋ္ဌာန်းပါတယ်။

"ငါ အလုပ်စားပွဲမှာထိုင်ရတာ ပျင်းလှမုန်းလှပြီ"လို့ ပြောသံမျိုး ကြားဖူးပါလိမ့်မယ်။ သူတို့ရဲ့ ခြေထောက်တွေကိုကြည့်ရင် တိုနေတာ တွေ့ရမှာပါ။

ခြေတံတိုတဲ့လူတွေဟာ ထိုင်ရတာ ငြီးငွေ့တတ်ပေမယ့်၊ ခြေတံရှည်တဲ့လူတွေကတော့ စားပွဲမှာ အကြာကြီးထိုင်ပြီး သက်သောင့်သက်သာ အလုပ် လုပ်နိုင်ကြပါတယ်။

## စိတ်တက်ကြွလှုပ်ရှားမှုရဲ့သင်္ကေတများ

မျက်နှာက်ဆံ ကြီးမားတဲ့လူတွေဟာ သူတို့ရဲ့ တဒင်္ဂစိတ်လှုပ်ရှားတက်ကြွမှုတွေ၊ ခံစားချက်တွေကို လူသိအောင် ဖော်ထုတ်ပြသတတ်ကြပါတယ်။ တခြားလူတွေရဲ့အမြင်မှာတော့ အလွန်အကျွံ စိတ်လိုက်မာန်ပါတုံ့ပြန်တာလို့ ပြောစရာပါပဲ။

သူတို့ဟာ ထိရှခံစားလွယ်ကြသလို၊ တခြားလူတွေရဲ့ ဇောစိတ်အလျောက် လိုအပ်မှုတွေကိုလည်း အလေးထားရင်းက သူတို့ရဲ့ စွမ်းအားတွေကို ကုန်ခမ်းစေသူတွေပါ။





မျက်နှာက်ဆံ အလွန်သေးငယ်ရင်တော့ သူတို့ရဲ့ ခံစားမှုတွေ၊ စိတ်လှုပ်ရှားမှုတွေကို လှစ်ဟပြသဖို့ ခဲယဉ်းပါတယ်။ သူတို့ဟာ ခံစားချက်မရှိတာ မဟုတ်ဘူး။ ရှိတာမှန်ပေမယ့် ထဲထဲဝင်ဝင်ရင်ဆိုင်ဖို့ မနည်းအချိန်ယူရတယ်လို့လည်း အဆိုရှိပါတယ်။

## အသံထွက်အသိပေးခြင်း

အပေါ်နှုတ်ခမ်း ပြည့်ဖောင်းနေသူတွေဟာ ပိုင်ပိုင်နိုင်နိုင် ပြောဆိုတတ်တယ်။ ဒါမှမဟုတ် တင်ပြပုံတင်ပြနည်း ကောင်းသူတွေလို့ သတ်မှတ်ရမှာပါပဲ။

ဒါပေမယ့် သူတို့ကို လမ်းညွှန်ချက် တောင်းမယ်ဆိုရင်တော့ ဝေ့လည်ဝေ့လည်နှင့် ချာလပတ် ယမ်းနေပါလိမ့်မယ်။

အပေါ်နှုတ်ခမ်း ပါးလွှာတဲ့သူတွေကျတော့ တိုရှင်းလိုရှင်းကို ပြောနိုင်ကြသလို၊ တစ်ဘက်က လေကြောရှည်နေရင်လည်း စကား ဖြတ်ပစ်တတ်ကြပါတယ်။ သူတို့ဟာ ရှင်းလင်းတိကျတဲ့ လမ်းညွှန်မှုတွေကို ပေးနိုင်ပါတယ်။

နှုတ်ခမ်းပါးတွေက လိုရင်းအချက်ကို ဒိုးခနဲဒေါက်ခနဲ ပြောတတ်ကြလင့်ကစား၊ သူတို့စကားတွေဟာ တကယ်ပြောချင်တဲ့အချက်တွေ ဟုတ်ချင်မှ ဟုတ်မယ် ဆိုတာတော့ သတိထားသင့်တယ်ပေါ့။

မူရင်းရေးသူ ॥ ॥ ဗီကျေးရှားမား
မြန်မာပြန်သူ ॥ ॥ ညီညီနိုင်

www.burmeseclassic.com

## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်စာအုပ်များ


၁- ဒေးလ်ကာနက်ဂျီ၏ ၅ မိနစ် အတ္ထုပ္ပတ္တိများ
၂- ဒေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
၃- ဒေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
၄- တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ
Add Value *by* Peter Church
၅- ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန် (ရဲမြင့်အောင် အမည်ဖြင့်)
How to Succeed at Part-time Study
၆- စကားမှတ်တမ်း စာမှတ်တမ်း
၇- စာဘုရင်နန်းတော်ထဲက ရင်ငွေ့လှဲ့ဆရာကြီး ရုပ်စိဖြူတင်
၈- မပြောသောစကားကို နားလည်ရေး
The Secret Language of Success
၉- လူတွင်ကျယ်ဖို့ လူရည်လည်ဖို့
Body Language *by* Allan Pease
၁၀- ရင်ခုန်သံကိစ္စများ
What the paper say about love
၁၁- စကားလက်ဆောင်
Jokes and Quotes for Speeches
၁၂- ဦးစီးဦးဆောင်မှုလမ်းညွှန်
10 Minutes Guide To Leadership
၁၃- ခေါင်းဆောင်မှု သဘောတရား
The Principles of Effective Leadership
၁၄- သူဌေးဖေဖေ, ဆင်းရဲဖေဖေ
Rich Dad Poor Dad
၁၅- အငြိမ်းစားလူငယ်, အငြိမ်းစားသူကြွယ်
Retire Young Retire Rich
၁၆- ချမ်းသာတဲ့ကလေး, ပါးနပ်တဲ့သူငယ်
Rich Kid Smart Kid
၁၇- သူဌေးဖေဖေရဲ့ ငွေရှာနည်း
Cashflow Quadrant
၁၈- ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့
Guide To Investing
၁၉- လူတိုင်းတက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း
The Business School For People Who Like Helping People
၂၀- မီလျံနာ မဖြစ်ချင်ဘူးလား
Guide To Becoming Rich
၂၁- အောင်မြင်သူတို့ ဇာတ်လမ်းများ
Success Stories
၂၂- ချမ်းသာစေချင်လွန်းလို့
When We Want You to be Rich

www.burmeseclassic.com

၂၃- ကမ္ဘာကျော် ရောဂါသည်ကြီးများ

၂၄- တိမ်မြင့်စံအတွေးများ၏ အံ့ဖွယ်တန်ခိုး

The Magic of Thimking Big

၂၅- အစွမ်းအစရှိတဲ့လူ

How to Understand Human

၂၆- ရွှေမင်းဆရာတော်ဘုရားကြီး၏ ဩဝါဒတရားတော်

၂၇- ဝ,မရှိဘဲ ဗိ,လုပ်မယ်

No Cash No fear

၂၈- အဆင့်မြင့်စွမ်းအားရှင်တို့၏ အမူအကျင့် ၈ ပါး

The 8th Habit

၂၉- သူဌေးတို့ လျှောက်သောလမ်း

Wick and Grow Rich

၃၀- ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ

မင်းဒိန်ခဲကို ငါ နေရာပြောင်းတယ်

Who Moved My Cheese?

I Moved Your Cheese.

၃၁- လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ

How to Understand Human Nature

၃၂- မျက်နှာကဲခတ် အတတ်ပညာ

Face Reading

၃၃- ပြိုင်ပွဲဝင်စီးပွားရေးသမား

How To Overcome Competition

www.burmeseclassic.com